# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### ပန်ဆင်သူအကျိုးကိုဆောင်နိုင်

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၇ ရက် | ၂၀၁၉ ခုနှစ်၊ မတ် ၁၂ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၈)၊ အမှတ် (၁၆၃)


# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ကျေနပ်သတိမအစည်းအဝေး ပထမနေ့ကျင်းပ

**ရန်ကုန် မတ် ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇) ပါးစုံညီ ကျေနပ်သတိမ အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာ ရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် ဦးမိုးဇော်ရွှေ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဦးစိုးမင်းထွန်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများ တက်ရောက်ကြည်ညိုကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❒



**သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့(၄၇) ပါးစုံညီ ကျေနပ်သတိမ အစည်းအဝေး ပထမနေ့ကျင်းပစဉ်။**

သတင်းစဉ်



**ဆရာတော်ကြီးများအနေဖြင့် အကျင့်ပျက်ရဟန်း သာမဏေများကို ပြုပြင်ကြပ်မတ်ပေးမှ သာလျှင် သာသနာတော်ကြီး၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်မည်**


C B BANK

CB Pay

Mobile Banking Application အသစ်

Next generation, new experience.

Download it from GOOGLE PLAY

Download it from APP STORE

ဖုန်းနံပါတ်ဖြင့် Register ပြုလုပ်နိုင်ပြီ...

မြန်မာ့အလင်း

# အဂတိနှင့် လာဘ်ပေးလာဘ်ယူ ကင်းစင်ရေး

မြန်မာနိုင်ငံမှာ လာဘ်ပေးလာဘ်ယူနဲ့ အဂတိလိုက်စားမှုဆိုတာ လုပ်ရိုးလုပ်စဉ် သာမန်ကိစ္စတစ်ခုသဖွယ် မထူးဆန်းသလောက် ဖြစ်နေသည်မှာ ကြာပါပြီ။ ပြည်သူတို့၏ နေ့စဉ်လူမှုဘဝထဲက အစိတ်အပိုင်းတစ်ခုလို ဖြစ်နေသော ဤမျှလောက်အသားကျနေသည့် အလေ့အထသည် ယခုအခါ အစိုးရအဖွဲ့အစည်းက ကိုင်တွယ်ပုံအောက်တွင် စတင်ပြောင်းလဲလာနေသည်။ သည်လိုပြောင်းလဲမှုကိုလည်း ပြည်သူတို့က အားတက်သရော ထောက်ခံဝမ်းသာနေကြသည်ကို သတိပြုမိပါသည်။

အမှန်တော့ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုတို့၏ ဒဏ်ကို အခံစားရဆုံးမှာ ပြည်သူတို့သာဖြစ်ချေသည်။ ထို့ကြောင့်လည်း အဂတိမှုကို ပြည်သူတို့က လွန်စွာစက်ဆုပ်ကြ၏။

မိမိ၏ အလို၊ မိမိ၏ မလိုလားမှု၊ ကြောက်၍၊ မသိနားမလည်၍ စသောအကြောင်းများပေါ်မူတည်ကာ ဘက်လိုက်ခြင်းကို အဂတိဟုဆိုခြင်း ဖြစ်၏။

သည်ထဲတွင် အထင်ရှားဆုံးက လာဘ်ပေးလာဘ်ယူလုပ်၍ မတရားသဖြင့် မမှန်မကန် အဆုံးအဖြတ်ပေးခြင်း၊ ဘက်လိုက်ခြင်းဆိုသည်က တန်းတူညီမျှခြင်းကင်းသည့် လူမှုအဖွဲ့အစည်းကိုပုံဖော်ခြင်းပင် ဖြစ်၏။

လာဘ်ပေးသူကို ဦးစားပေး၏။ လာဘ်မရလျှင် အာဏာကို ပြကာ မာန်ကာမဲကာလုပ်၏။ သည်လိုနှင့် နေ့စဉ်လူမှုဘဝထဲတွင်ပင် လာဘ်ပေးလာဘ်ယူလုပ်မှ အလုပ်တွင်မည် ကဲ့သို့ ဖြစ်လာ၏။ စီးပွားရေးနယ်ပယ်၊ တရားစီရင်ရေးနယ်ပယ်တို့တွင် လာဘ်ပေးလာဘ်ယူ ပါလာနေခြင်းဖြင့် လူတို့၏အခြေခံ စိတ်ကောင်းစိတ်မြတ်တို့ကို ပျက်စီးစေပြီ။ လူတို့၏ လောကကို မယုံကြည်မှု၊ တရားမျှတမှုကို မယုံကြည်မှုတို့က လူ့လောကကို ပျက်စီးစေမည့် အကြောင်းတရားဖြစ်လာတော့မည်။

အမှန်တော့ မြန်မာနိုင်ငံအတွင်းမှာ နိုင်ငံရေး၊ စီးပွားရေး၊ တရားစီရင်ရေးစသည့်နယ်ပယ်အစုံစုံတွင် အဂတိလိုက်စားမှုများကြောင့် မတရားမှုများ ဖြစ်ခဲ့သည့်ဒဏ်ချက်များကို ပြည်သူတို့ ခံစားနေခဲ့ကြရသည်မှာ ဆယ်စုနှစ်များစွာ ကြာခဲ့ပါပြီ။

အဂတိလိုက်စားခြင်း၊ လာဘ်ပေးလာဘ်ယူခြင်းတို့သည် လုပ်ပိုင်ခွင့်ရှိသူများ အာဏာရှိသူများတို့၏ တာကထွက်သည်။ ထိုသို့သော နေရာများတွင် တာဝန်ယူထားသူတို့က အလွဲသုံးစားလုပ်ရန် အခွင့်အရေးရှိနေသောကြောင့် ဖြစ်သည်။

အာဏာပိုင်စိုးသူတို့ အလွန်အမင်းချမ်းသာကြွယ်ဝကြပြီး ပြည်သူတို့ ဆင်းရဲနွမ်းပါးနေမှု မြင်ကွင်းက အဂတိခေတ်ကို ထင်ရှားစေသည့် မြင်ကွင်းပင်ဖြစ်ပါသည်။

ယခု ပြည်သူ့အစိုးရ လက်ထက်တွင် ဖွဲ့စည်းတာဝန်ပေးထားသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ ခြေလှမ်းများ ဆောင်ရွက်မှုများကို ပြည်သူတို့က အထူးတလည် မျှော်လင့်တကြီး စောင့်မျှော်နေကြပါသည်။

နိုင်ငံ၏ စီးပွားရေးအခြေအနေ တိုးမြင့်ရန်၊ ပြည်သူတို့ စားဝတ်နေရေး ချောင်လည်လာရန် စသည့်အခြေခံလိုအပ်ချက်များသည် အဂတိကင်းစင်ရေး လာဘ်ပေးလာဘ်ယူမှုများ ပပျောက်ရေးပေါ်တွင် များစွာ တည်မှီနေသည်ဟု ဆိုနိုင်ပါသည်။

အထူးသဖြင့် ယခုကာလကဲ့သို့သော နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများဖြင့် လက်တွဲအလုပ်လုပ်ရန် တာစူစိုင်းပြင်းနေသည့်အချိန်တွင် အဂတိကင်းသည့် ပတ်ဝန်းကျင်ဖန်တီးရန်ပိုမိုလိုအပ်မည် ဖြစ်ပါသည်။ ထို့ကြောင့် ပြည်သူ့ကိုယ်စားလှယ်အများစုဖြင့် ဖွဲ့စည်းတာဝန်ယူထားသည့် ပြည်သူ့အစိုးရ လက်ထက်တွင် အဂတိကင်းစင်ရေးကို ပြည်သူတို့က ပိုမိုမျှော်လင့်ကြပါသည်။

အဂတိလိုက်စားမှုများကို ထိထိရောက်ရောက် အရေးယူခြင်းသည် အခြေခံကျသော ကိုင်တွယ်နည်းတစ်ခုဖြစ်ပါသည်။ အမှုနှင့် ပတ်သက်၍ စစ်ဆေးခြင်း၊ အရေးယူခြင်း၊ ဥပဒေနှင့်အညီ စနစ်တကျ ထိထိမိမိကိုင်တွယ်ဆောင်ရွက်ခြင်းသည် အဂတိလိုက်စားမှုများစွာကို ထိန်းချုပ်လျော့ကျသွားစေမည့် ခြေလှမ်းများဖြစ်သည်ဟု ယုံကြည်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# ၂၀၁၉ ခုနှစ်၊ (၇၄) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အဓိကထား ဆောင်ရွက်ရေး။

( ခ ) သမိုင်းကြောင်းအရ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် စဉ်ဆက်မပြတ် ခံယူလုပ်ဆောင်ရေး။

( ဂ ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် မဖြစ်မနေ လိုအပ်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသော ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် တပ်မတော်မှ ခိုင်ခိုင်မာမာဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

# ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၄/၂၀၁၉)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပြင်ဆင်ရေးပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင်(ခ) ဦးပြုံးချိုနှင့်အဖွဲ့ဝင်၊ နိုင်ငံရေးပါတီများနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၄/၂၀၁၉) ကျင်းပစဉ်။ သတင်းစဉ်

# လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ရေအားလျှပ်စစ်စက်ရုံများ၏ အဆင့်မြှင့်တင်မှု အခြေအနေများဆွေးနွေး

**နေပြည်တော် မတ် ၁၁**

ပြည်သူ့လွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးအောင်မင်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မိုးနိုင်နှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်ထွန်းခိုင်တို့သည် The French Development Agency (AFD) အဖွဲ့မှ Country Director Mrs. Marie Cecile Thirion နှင့် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-8) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် AFD ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ငွေကြေးအထောက်အပံ့ပြုရေးစနစ်တို့အား ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသော ရေအားလျှပ်စစ်စက်ရုံငါးရုံကို ချေးငွေနှင့် Grant အထောက်အပံ့ဖြင့် ပြန်လည်ပြုပြင်ရေးဆိုင်ရာ စီမံကိန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ရေအားလျှပ်စစ်စက်ရုံများ၏ အဆင့်မြှင့်တင်မှု အခြေအနေများ၊ ဆည်၊ တမံများ ပြုပြင်မှုအခြေအနေများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
| --- | --- |
| (၁) ဦးကိုလေးဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) ဒေါက်တာစိုးဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(ဝန်ထမ်းရေးရာ)<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးနှင့်<br>အားကစားဝန်ကြီးဌာန |

# ဓနုတိုင်းရင်းသား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကျင်းပ

**ပင်းတယ မတ် ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ရွှေဥမင်သဘာဝလိုဏ်ဂူဘုရားပွဲတွင် ထည့်သွင်းကျင်းပသည့် ဓနုတိုင်းရင်းသား ဖိတ်ခေါ်အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲကို မတ် ၁၀ ရက်က ကျင်းပခဲ့သည်။

ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ပင်းတယမြို့နယ်အသင်းက တောင်ကြီးမြို့နယ်အသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး နောင်ချိုမြို့နယ်အသင်းက ရန်ကုန်မြို့နယ်အသင်းကို ခြောက်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပြိုင်ပွဲတွင် ပင်းတယ၊ ရွာငံ၊ ရပ်စောက်၊ ကလော၊ တောင်ကြီး ၊ ရန်ကုန်၊ ကျောက်မဲနှင့် နောင်ချိုမြို့နယ်များမှ ဓနုတိုင်းရင်းသားများ အသင်းရှစ်သင်းပါဝင်ကစားခဲ့ပြီး နောက်ဆုံး ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို မတ် ၂၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်မျိုးနွယ်(ပင်းတယ)**

# သံဃာ့အဖွဲ့အစည်းတို့သည် နိုင်ငံတော်တစ်ဝန်းလုံးရှိ ရဟန်းရှင်လူ အားလုံးတို့၏ ယုံကြည်ကိုးစားအားထားရာ အဖွဲ့အစည်းများဖြစ်ရန်လို သို့မှသာ ဘုရားရှင်၏ သာသနာတော်မြတ်ကြီးသည် မြန်မာပြည်မှာသာမက ကမ္ဘာအရပ်ရပ်သို့တိုင် သန့်ရှင်းတည်တံ့ပြန့်ပွားနိုင်မည်ဖြစ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇) ပါးစုံညီ ကေူနဝီသတိမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်၏ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ



အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ

**"ဘုရားတပည့်တော်လျှောက်ထားလိုသည်မှာ အံ့ဖွယ်ရှစ်ဖြာနှင့် ပြည့်စုံသည့် ဘုရားရှင်၏ သာသနာတော်မြတ်ကြီးကို အစဉ်တစိုက် အံ့ဖွယ်ရှစ်ဖြာနှင့် ပြည့်စုံစေရန် ထိန်းသိမ်းရမည်မှာ ဘုရားရှင်၏ တပည့်သာဝကများ၏ တာဝန်သာဖြစ်ပါသည် ဘုရား။ သုံးခုမြောက်အံ့ဖွယ်ဖြစ်သည့် ဒုသီလအညစ်အကြေးများကို သာသနာတော်အတွင်းမှ ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် အရှင်မဟာမောဂ္ဂလ္လာန်ကဲ့သို့ သာသနာတော်အပေါ် တာဝန်ကျေသည့် ဗျတ္တပဋိဗလပုဂ္ဂိုလ်များ များစွာလိုအပ်ပါသည် ဘုရား။ လေးခုမြောက် အံ့ဖွယ်ဖြစ်သည့် မည်သည့်အမျိုးအနွယ်က ရဟန်းပြုခဲ့သည် ဖြစ်စေ၊ သာကီမျိုး သာကီနွယ်ဘုရားသားတော်ရဟန်းတော်များဟုသာ အမည်ခံရမည် ဖြစ်ပါသည် ဘုရား။ ဘုရားတပည့်တော်တို့ ခေတ်တွင်မူ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှဖြစ်စေ၊ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းတွင် တရားဝင်ခွင့်ပြုထားသည့် ဂိုဏ်းကြီး (၉) ဂိုဏ်းမှ ဖြစ်စေ၊ တိုင်းအလိုက်၊ ဂိုဏ်းအလိုက် မခွဲခြားမူ၍ ဘုရားသားတော် ရဟန်းတော်များအဖြစ် ညီတော်နောင်တော်များ တော်စပ်ကြသည်ဖြစ်ရာ ညီညီညွတ်ညွတ်သမဂ္ဂသမ္မောဒမာနဖြစ်ကြ၍ သာသနာတော်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားစေရန်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်ဘုရား"**

**၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၇ ရက်၊ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်(တနင်္လာနေ့)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါး စုံညီ ကေူနဝီသတိမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ ဘုရား-

ဆရာတော်အရှင်မြတ်တို့ မိမိတို့၏ ကိုယ်ရေးကိုယ်တာကိစ္စ၊ ကျောင်းတိုက်ကိစ္စ စသည်တို့ကို ငဲ့ကွက်မပြု၊ လျစ်လျူရှုတော်မူကြ၍ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးဂရုပြုတော်မူကြလျက် ကာယစိတ္တနှစ်ဝအညီ သာမဂ္ဂီပေးကာ ကြွရောက်တော်မူလာကြသည့်အတွက် အားတက်ရွှင်လန်း ဝမ်းမြောက်ရပါသည် ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

ဤအစည်းအဝေးသည် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ စုံညီ ကေူနဝီသတိမအစည်းအဝေးဖြစ်၍ သတ္တမအကြိမ် (၆)နှစ်သက်တမ်းပြည့်ပြီးသည့်အားလျော်စွာ အချို့သော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များအတွက် နောက်ဆုံးအစည်းအဝေးဖြစ်ပါသည်ဘုရား။ လစ်လပ်သွားမည့် ဆရာတော်များနေရာတို့အတွက် အစားထိုးရွေးချယ်ခြင်းများကိုလည်း သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစီမံချက်များနှင့်အညီ ဆောင်ရွက်တော်မူကြရမည် ဖြစ်ပါသည်ဘုရား။

ထိုသို့ အစားထိုးရွေးချယ်ခြင်းများကို ဆောင်ရွက်တော်မူကြရာ၌ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စရပ်များကို စိတ်ပါဝင်စား၍ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မည့် ဗျတ္တ၊ ပဋိဗလဖြစ်သော ဆရာတော်များကို ပြဋ္ဌာန်းသတ်မှတ်ထားသည့် စည်းမျဉ်း လုပ်ထုံးလုပ်နည်း၊ စီမံချက်များနှင့်အညီ ရွေးချယ်တော်မူကြရန် အထူးလျှောက်ထားလိုပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ကြမည့် ဆရာတော်တို့ အနေဖြင့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စများကို စိတ်ပါဝင်စား၍ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်သည့် ဗျတ္တ၊ ပဋိဗလ ပုဂ္ဂိုလ်များဖြစ်ကြရမည့်အပြင် သံဃာ့အဖွဲ့အစည်းတို့သည်လည်း နိုင်ငံတော်တစ်ဝန်းလုံးရှိ ရဟန်းရှင်လူ အားလုံးတို့၏ ယုံကြည်ကိုးစားအားထားရာ အဖွဲ့အစည်းများဖြစ်ရန် လိုအပ်ပါသည်ဘုရား။ သို့မှသာ ဘုရားရှင်၏ သာသနာတော်မြတ်ကြီးသည် မြန်မာပြည်မှာသာမက ကမ္ဘာအရပ်ရပ်သို့တိုင် သန့်ရှင်းတည်တံ့ပြန့်ပွားနိုင်မည်ဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော အင်္ဂုတ္တရနိကာယ်၊ အဋ္ဌကနိပါတ်၊ မဟာဝဂ်၊ ဥပေါသထသုတ်လာ သာသနာတော်၏ အံ့ဖွယ်တော်ရှစ်ဖြာကို အကျဉ်းချုပ် လျှောက်ထားလိုပါသည်ဘုရား။

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဝိသာခါကျောင်းအမကြီးဆောက်လုပ်လှူဒါန်းသည့် ပုဗ္ဗာရုံကျောင်း၌ ဥပုသ်နေ့တွင် ရဟန်းသံဃာတော်များခြံရံလျက် သီတင်းသုံးနေတော်မူပါသည်။ ထိုအခါ အရှင်အာနန္ဒာက "အရှင်ဘုရား သာယာဖွယ် ညချမ်း၏ ပထမယာမ်အချိန်တွင် ရဟန်းအပေါင်းလည်း အချိန်ကြာမြင့်စွာ သီတင်းသုံးလျက်ရှိပါပြီ၊ ပါတိမောက်ပြတော်မူပါဘုရား"ဟု လျှောက်ထားလေရာ ဘုရားရှင်သည် ဆိတ်ဆိတ်နေတော်မူပါသည်။ ညဉ့်၏ ဒုတိယယာမ်တွင် လျှောက်ထားသော်လည်း ဆိတ်ဆိတ်နေတော်မူမြဲနေတော်မူပါသည်။ တတိယယာမ်တွင် အရှင်အာနန္ဒာက ထပ်မံလျှောက်ထားသောအခါတွင်မူ " အပရိသုဒ္ဓါ အာနန္ဒပရိသာ၊ အာနန္ဒာပရိသတ်သည်မစင်ကြယ်" ဟုသာ မိန့်တော်မူခဲ့ပါသည်။

ထိုအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်က ရဟန်းတော်အပေါင်းတွင် ရောနှောပါဝင်လျက်ရှိသော ဒုသီလပုဂ္ဂိုလ်ကို "ငါ့ရှင် သံဃာအတွင်းမှ ထွက်ခွာသွားပါ။ ငါ့ရှင်အဖြစ်ကို ဘုရားရှင်မြင်သိတော်မူ၏။ သင့်တွင် ရဟန်းအပေါင်းနှင့်ဆက်ဆံခွင့်မရှိ" ဟု ပြောဆိုနှင်ထုတ်တော်မူသည်။ ထိုသို့ ပြောဆိုပါသော်လည်း ဒုသီလရဟန်းသည် ထွက်ခွာခြင်းမရှိ ဒုတိယတစ်ကြိမ်၊ တတိယတစ်ကြိမ် (၃) ကြိမ်တိုင်တိုင် ထွက်ခွာရန် ပြောဆိုနှင်ထုတ်ပါသော်လည်း ထွက်ခွာခြင်းမရှိသည့်အတွက် ထိုဒုသီလကို လက်မောင်းမှဆွဲ၍ တံခါးအပြင်ဘက်ထုတ်ကာ တံခါးကို ပြန်ပိတ်တော်မူရပါသည်။

ထို့နောက် ဘုရားရှင်ထံ ဒုသီလပုဂ္ဂိုလ်ကို နှင်ထုတ်အပ်ပြီးကြောင်း လျှောက်ထားရာ ဘုရားရှင်က "ဆွဲထုတ်မှ ထွက်သွားရသလား၊ မောဂ္ဂလာန်ရယ်" ဟု သံဝေဂဖြင့် မိန့်ကြားတော်မူခဲ့ပါသည်ဘုရား။

ဤအကြိမ်မှစတင်ကာ ဘုရားရှင်ကိုယ်တော်တိုင် ဥပုသ်နေ့ပါတိမောက်ရွတ်ဆို ဥပုသ်ပြုခြင်းမှ ရပ်နားတော်မူ၍ ရဟန်းတော်တို့ကိုသာ ဥပုသ်ပြုစေတော်မူခဲ့ပါသည်။ ဤအဖြစ်အပျက်ကို ရည်ညွှန်းတော်မူ၍ မဟာသမုဒ္ဒရာ၏ အံ့ဖွယ်တော်ရှစ်ပါးနှင့် သာသနာတော်၏ အံ့ဖွယ်တော်ရှစ်ပါးကို နှီးနှောဟောပြတော်မူခဲ့ပါသည်ဘုရား။

မဟာသမုဒ္ဒရာ၏ အံ့ဖွယ်ရှစ်ပါးကို **"အစဉ်နက်ဝှမ်း၊ ကမ်းကိုမလွန်၊ ရှံဖွယ်ဆယ်ပစ်၊ တစ်မည်ဖြစ်ခြင်း၊ မယွင်းမတိုး၊ ငံမျိုးရသာ၊ များရတနာနှင့်၊ ကြီးသူနေရာ၊ ဤရှစ်ဖြာသည်၊ မဟာသမုဒ္ဒရာ အံ့ဖွယ်တည်း"** ဟူသော လင်္ကာဖြင့် အကျဉ်းမှတ်သားနိုင်ပါသည်ဘုရား။

**"အစဉ်နက်ဝှမ်း"** ဟူသည် မဟာသမုဒ္ဒရာ၏ ရေပြင်သည် ကမ်းမှစ၍ တဖြည်းဖြည်း နက်ရှိုင်းသွားရသည်။ ကမ်းအစ၌ နက်ရှိုင်းရိုးမရှိ၊ ထို့အတူ ဘုရားရှင်၏ သာသနာအဆုံးအမတိုင်း ကျင့်ကြံကြိုးကုတ်အားထုတ်သူသည် အစဉ်အတိုင်းကျင့်စဉ်တို့ကို ကျင့်ရသည်။ တစ်ခါတည်း အရဟတ္တဖိုလ်သို့ တက်လှမ်းနိုင်မည်မဟုတ်ပါ။

**"ကမ်းကိုမလွန်"**ဟူရာ၌ မဟာသမုဒ္ဒရာ ရေတို့သည် ကမ်းကို မလွန်မူ၍ တည်ရှိသကဲ့သို့ ဘုရားရှင်၏ တပည့်သားသာဝကတို့သည် ဘုရားရှင်ပညတ်တော်မူသည့် သိက္ခာပုဒ်တို့ကို လွန်ကျူးခြင်းမပြုကြကုန်။

**"ရှံဖွယ်ဆယ်ပစ်"**ဟူသည် မဟာသမုဒ္ဒရာအတွင်း ရွံရှာဖွယ် သူသေအလောင်းတို့ကို သမုဒ္ဒရာသည် ကြာရှည်စွာ လက်မခံ၊ ကမ်းပေါ်သို့ အလျင်အမြန် ပြန်ပို့သကဲ့သို့ ဘုရားရှင်၏ သာသနာတော်ဝယ် သီလမရှိ ယုတ်မာသော အကျင့်ရှိသူ၊ ရဟန်းမဟုတ်သူတို့ကို ရဟန်းတော်အပေါင်းက **အာမိသ သမ္ဘောဂ ဓမ္မ သမ္ဘောဂ** အဖြစ်ပေါင်းသင်း ဆက်ဆံခြင်းမပြု၊ အလျင်အမြန် ဖယ်ရှားသုတ်သင် နှင်ထုတ်ပစ်၏။

**"တစ်မည်ဖြစ်ခြင်း"** ဟူသည် ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ သရဘူ၊ မဟီဟူသော မြစ်ကြီးငါးသွယ်တို့သည် မဟာသမုဒ္ဒရာသို့ စီးဝင်ပြီးသောအခါ မိမိတို့၏ အမည်ဖြစ်သော မြစ်အမည်တို့ ကင်းပျောက်၍ မဟာသမုဒ္ဒရာဟူသော အမည်တစ်မျိုးကိုသာ ခံယူကြရလေသည်။ ထိုနည်းတူစွာ မင်းမျိုး၊ ပုဏ္ဏားမျိုး၊ ကုန်သည်မျိုး၊ လူဆင်းရဲမျိုးဟူသော အမျိုးလေးပါးတို့သည် ဘုရားရှင်၏ ဗြဟ္မစရိယသာသနာတော်သို့ ဝင်ရောက်၍ ရှင်ရဟန်းအဖြစ်ဖြင့် ခံယူကျင့်သုံးကြပါက မိမိတို့၏ မူရင်းအမျိုးအနွယ်အမည်တို့ ကွယ်ပျောက်ကြကာ သာကီမျိုးရိုးဘုရားသားတော် ရဟန်းများအမည်ကိုသာ ခံယူကြ ရပါသည်။

**"မယွင်းမတိုး"**ဟူသည် အရပ်မျက်နှာအသီးသီးမှ မြစ်များသည် သမုဒ္ဒရာသို့ စီးဆင်းကြ၏။ ကောင်းကင်အရပ်မှာ မိုးရေအလျဉ်များ ရွာချ၏။ ထိုစီးဝင်ကြသော ရေ၊ ရွာချကြသော မိုးရေတို့ကြောင့် မဟာသမုဒ္ဒရာအတွက် ရေနည်းပါး ယုတ်လျော့သွားခြင်း၊ ရေများတိုးပွားများပြားလာခြင်း မဖြစ်သကဲ့သို့ များလှစွာသော ဘုရားရှင်၏ တပည့်သား သာဝကတို့သည် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရ၍ ပရိနိဗ္ဗာန် ပြုကြသော်လည်း အငြိမ်းဓာတ် နိဗ္ဗာနသုခအရပ်၌ ယုတ်လျော့သွားသည် တိုးပွားလာသည်ဟု မထင်နိုင်ပါ။

**"ငံမျိုးရသာ"**ဟူသည် ကျယ်ပြောလှသည့် မဟာသမုဒ္ဒရာသည် အငံဓာတ်ဆားအရသာတစ်ခုတည်းရှိသကဲ့သို့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့ဖြင့် အကျယ်တဝင့်မိန့်ကြားခဲ့သော ဘုရားရှင်၏ အဆုံးအမသာသနာသည် သံသရာဝဋ်မှ လွတ်မြောက်ခြင်းရသတစ်ခုသာရှိပါသည်ဟု ဆိုလိုပါသည်ဘုရား။

**"များရတနာနှင့်"** ဟူသည် မဟာသမုဒ္ဒရာ၌ ပုလဲ၊ ပတ္တမြားစသော(၁၀)ပါးသော ရတနာတို့ရှိသကဲ့သို့ ဘုရားရှင်၏ သာသနာတွင် သတိပဋ္ဌာန်(၄) ပါး၊ သမ္မပ္ပဓာန်(၄)ပါး၊ ဣဒ္ဓိပါဒ်(၄)ပါးစသော မြောက်မြားလှစွာသော ရတနာတို့ ရှိကြပါသည်ဘုရား။

**"ကြီးသူနေရာ"** ဟူသည် မဟာသမုဒ္ဒရာသည် ယူဇနာတစ်ရာ့နှစ်ဆယ် စသည် ပမာဏရှိသော တိမိ၊ တိမိင်္ဂလစသော သတ္တဝါကြီးတို့၏ ပျော်စံရာနေရာဖြစ်သကဲ့သို့ ဘုရားရှင်၏ သာသနာတော်သည်လည်း သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်များ၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်ဖြစ်ရန် ကျင့်ကြံနေကြသော ပုဂ္ဂိုလ်များသာ မွေ့လျော်နိုင်သောနေရာဖြစ်ပါသည်ဘုရား။

**ဆရာတော် အရှင်မြတ်တို့ဘုရား**

ဘုရားတပည့်တော်လျှောက်ထားလိုသည်မှာ အံ့ဖွယ်ရှစ်ဖြာနှင့် ပြည့်စုံသည့် ဘုရားရှင်၏ သာသနာတော်မြတ်ကြီးကို အစဉ်တစိုက်အံ့ဖွယ်ရှစ်ဖြာနှင့် ပြည့်စုံစေရန် ထိန်းသိမ်းရမည်မှာ ဘုရားရှင်၏ တပည့်သာဝကများ၏ တာဝန်သာဖြစ်ပါသည်ဘုရား။ သုံးခုမြောက်အံ့ဖွယ်ဖြစ်သည့် ဒုသီလအညစ်အကြေးများကို သာသနာတော်အတွင်းမှ ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် အရှင်မဟာမောဂ္ဂလာန်ကဲ့သို့ သာသနာတော်အပေါ် တာဝန်ကျေသည့် ဗျတ္တ ပဋိဗလပုဂ္ဂိုလ်များ များစွာလိုအပ်ပါသည်ဘုရား။ လေးခုမြောက် အံ့ဖွယ်ဖြစ်သည့် မည်သည့်အမျိုးအနွယ်က ရဟန်းပြုခဲ့သည် ဖြစ်စေ၊ သာကီမျိုး သာကီနွယ်ဘုရားသားတော်ရဟန်းတော်များဟုသာ အမည်ခံရမည် ဖြစ်ပါသည်ဘုရား။ ဘုရားတပည့်တော်တို့ခေတ်တွင်မူ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှဖြစ်စေ၊ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းတွင် တရားဝင်ခွင့်ပြုထားသည့် ဂိုဏ်းကြီး (၉) ဂိုဏ်းမှ ဖြစ်စေ၊ တိုင်းအလိုက်၊ ဂိုဏ်းအလိုက် မခွဲခြားမူ၍ ဘုရားသားတော် ရဟန်းတော်များအဖြစ် ညီတော်နောင်တော်များ တော်စပ်ကြသည်ဖြစ်ရာ ညီညီညွတ်ညွတ်သမဂ္ဂသမ္မောဒမာနဖြစ်ကြ၍ သာသနာတော်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားစေရန်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်ဘုရား။

ခြောက်ခုမြောက် အံ့ဖွယ်ဖြစ်သည့် မြတ်စွာဘုရားရှင်၏ ဒေသနာများသည် ဝေနေယျဇ္ဈာသယ ပုဂ္ဂလဇ္ဈာသယအားလျော်စွာ မည်သို့ပင် အကျယ်ဟောကြားထားသော်လည်း တစ်ခုတည်းသောရသအဖြစ် ဝိမုတ္တိရသသာ ဖြစ်ပါသည်ဘုရား။ ဘုရားတပည့်တော်တို့ ဘုရားသားတော် ညီတော် နောင်တော်တို့အနေဖြင့် အံ့ဖွယ်တော်ရှစ်ဖြာနှင့် ပြည့်စုံတော်မူသည့် သာသနာတော်မြတ်ကြီးကို ကာကွယ်စောင့်ရှောက်ရန် အရေးကြီးသော တာဝန်တစ်ရပ်မှာ ယင်းဝိမုတ္တိရသကို ရရှိရန် အားထုတ်နိုင်ရေးပင် ဖြစ်ပါသည်။

သို့ဖြစ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့အနေဖြင့် အံ့ဖွယ်ရှစ်ဖြာနှင့် ပြည့်စုံတော်မူသော ဘုရားရှင်၏ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ညီညီညွတ်ညွတ် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ရေး မြတ်ဗုဒ္ဓ၏ အံ့ဖွယ်ရှစ်ဖြာ သာသနာတော်လာ အင်္ဂါရပ်တို့ကို ပွားများဆင်ခြင် နှလုံးထားတော်မူကြ၍ ဝိမုတ္တိရသနှင့် ကိုယ်တိုင်လည်း ပြည့်စုံအောင်၊ အခြားဘုရားသားတော် တပည့်များ၊ ဒါယကာ၊ ဒါယိကာမများကိုလည်း ပြည့်စုံအောင် ကြိုးစားအားထုတ် တိုက်တွန်းပေးတော်မူကြပါဟု လျှောက်ထားလျက် တပည့်တော်၏ သာရဏီယဩဝါဒကထာကို နိဂုံးကမ္ပတ် အဆုံးသတ်အပ်ပါသည် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်အရှင်မြတ်တို့ဘုရား။

# ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၁၁**

ရွှေတိဂုံစေတီတော် (၂၆၀၇) နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ရှိ ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

**ကိုးပါးသီလခံယူဆောက်တည်**

ရှေးဦးစွာ အခမ်းအနားကို ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့နှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သြဝါဒါစရိယ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ သြဝါဒါစရိယ ရန်ကင်းမြို့နယ် မဟာဓမ္မိကာရုံပရိယတ္တိစာသင်တိုက် ကျိုက်ပိကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တဂုဏောသနထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် (၂၆၀၇) နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရေးကော်မတီ စပ်လျဉ်း၍ အလှည့်ကျသဘောပတိ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးဝင်းနိုင်က ဗုဒ္ဓပူဇာမင်္ဂလာအဖွင့်စကား ဖတ်ကြားလျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့သြဝါဒါစရိယ ရန်ကင်းမြို့နယ် ပဋ္ဌနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇောဘာသနှင့် ဂေါပကအဖွဲ့ဝင်များက ဆီမီးတန်ဆောင် ထွန်းညှိပူဇော်ပြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်အား ဖွင့်လှစ်ပေးသည်။

ယင်းနောက် အခမ်းအနားသို့ ကြွရောက်လာကြသည့် ဆရာတော် သံဃာတော်များအား ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မဟာပဋ္ဌာန်းပစ္စယနိဒ္ဒေသဒေသနာတော်များကို ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ သြဝါဒါစရိယဆရာတော်ကြီးများ၊ မဏ္ဍပ်အတွင်းရှိ ဧည့်ပရိသတ်များ၊ အာရုံခံမုခ်ဦးလေးခုတွင် နေရာယူထားကြသော ဧည့်ပရိသတ်များက ရွတ်ဖတ်ပူဇော်ကြသည်။

**သတင်းစဉ်**



**ရွှေတိဂုံစေတီတော် (၂၆၀၇) နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ကျိုက်ပိကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တဂုဏောသနထံမှ ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။** သတင်းစဉ်

---

❒ ***ရှေ့ဖုံးမှ***

အစည်းအဝေးတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်က သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာရက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

**ထမြောက်အောင်မြင်**

အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးက အစည်းအဝေးဖွင့် သာရဏီယ သြဝါဒကထာ မြွက်ကြားတော်မူသည်။

**(ဆရာတော်ကြီး၏ သာရဏီယ သြဝါဒကထာကို စာမျက်နှာ ၃ တွင် ဖော်ပြထားပါသည်။)**

**ပြုပြင်ကြပ်မတ်ပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ယခုအခါရဟန်းသာမဏေအချို့သည် ဘုရားရှင်၏ ပညတ်ထားသော ဝိနည်းတော်နှင့်ဆန့်ကျင်သော လောင်းကစားမှုများကိုပြုလုပ်ခြင်း၊ လူစည်ကားရာ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များ၌ နေလွဲညစာသုံးဆောင်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ လက်ခံခြင်းစသော သမဏသာရုပ္ပမဖြစ်သော ကိစ္စရပ်များကို ပြုလုပ်လျက်ရှိသည်ကို ကြားသိနေရပါကြောင်း၊ အဆိုပါအမှုများကို တွေ့မြင်ရသူ ဗုဒ္ဓဘာသာဝင် ဒါယကာ၊ ဒါယိကာမများအနေဖြင့် လွန်စွာစိတ်မချမ်းမသာဖြစ်နေကြရပါကြောင်း၊ ထို့အပြင် **"ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်"** ဆိုသကဲ့သို့ အနည်းစုသော အကျင့်ပျက်ရဟန်းသာမဏေအချို့ကို အကြောင်းပြု၍ သီလဝန်ဂုဏဝန်ဖြစ်တော်မူကြသော သာသနာ့ဝန်ထမ်းရဟန်းသာမဏေအများစုတို့၏ ဂုဏ်သိက္ခာတို့ကို များစွာကျဆင်းသွားစေနိုင်ပါကြောင်း၊ သို့ဖြစ်သောကြောင့် ဆရာတော်ကြီးများအနေဖြင့် အကျင့်ပျက်ရဟန်းသာမဏေများကို ပြုပြင်ကြပ်မတ်ပေးမှသာလျှင် သာသနာတော်ကြီး၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း။

သာသနာ့အလံတော်နှင့်ပတ်သက်၍ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းလုပ်ထုံးလုပ်နည်းနှင့် သံဃနာယကလက်စွဲတို့၌ ပြည့်စုံစွာပြဋ္ဌာန်းထားပါကြောင်း၊ သာသနာ့အလံတော်၏ အရွယ်အစားကိုပြုလုပ်ရာတွင်-

- အလျား ၉ပေ၊ အနံ ၅ ပေ တစ်မျိုး
- အလျား ၄ ပေ ၆ လက်မ၊ အနံ ၂ ပေ ၆ လက်မ ၁ မျိုး
- အလျား ၂ ပေ ၃ လက်မ၊ အနံ ၁ ပေ ၃ လက်မ ၁ မျိုး
- အလျား ၉ လက်မ၊ အနံ ၅ လက်မ ၁ မျိုး

**အချိုးညီစွာ ပြုလုပ်ရမည်**

အရွယ်အစား ၄ မျိုး အသုံးပြုနိုင်ကြောင်း ပြဋ္ဌာန်းထားပါကြောင်း၊ အရောင်အသွေး ပြုလုပ်ရာ၌ အလျားကို အညီအမျှ ၆ ချိုး ချိုး၍ လက်ဝဲဘက်မှ စတင်ကာ အစဉ်အတိုင်း အပြာရင့်ရောင်၊ အဝါရင့်ရောင်၊ အနီရင့်ရောင်၊ အဖြူရင့်ရောင်၊ ပန်းနုရောင်တို့ကို အချိုး ၅ ချိုးတွင် အချိုးညီစွာ ပါဝင်စေရန်နှင့် အပြာရင့်၊ အဝါရင့်၊ အနီရင့်၊ အဖြူ၊ ပန်းနုရောင်တို့ကို ၆ ခုမြောက်အချိုးတွင် အချိုးညီစွာပြုလုပ်ရမည်ဟု ပြဋ္ဌာန်းထားပြီး ဖြစ်ပါကြောင်း။

သာသနာ့အလံတော်ကို အသုံးပြုသည့် နေ့ရက်များ၊ အသုံးပြုနိုင်သည့် ပွဲတော်များ၊ သာသနာ့အလံတော်လွှင့်ထူပုံများ၊ ထိန်းသိမ်းစောင့်ရှောက်လေးစားသမှုပြုရမည့် သတ်မှတ်ချက်များနှင့် တားမြစ်ချက်များကိုလည်း ပြည့်စုံစွာပြဋ္ဌာန်းထားသည်ကို လေ့လာသိရှိရပါကြောင်း။

**မသိကျိုးကျွန်ပြုလျက်ရှိ**

သာသနာ့အလံအရွယ်အစား အရောင်သတ်မှတ်ချက်ကို ပြည့်စုံစွာဖော်ပြထားသော်လည်း သတ်မှတ်ချက်အတိုင်း မဟုတ်ဘဲ အရွယ်အစား၊ အရောင်အသွေးတို့ကို ပြုပြင်ချုပ်လုပ်ခြင်းနှင့် မလျော်ညီသည့်နေရာတွင် အသုံးပြုနေကြခြင်းများကို သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်နှင့် ရဟန်းသာမဏေများကိုယ်တိုင်က မိမိတို့နှင့်မသက်ဆိုင်သကဲ့သို့လည်းကောင်း၊ မိမိတို့မှ တာဝန်မရှိသကဲ့သို့လည်းကောင်း၊ ပြုမူဆောင်ရွက်လျက်ရှိနေသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်နေရပါကြောင်း၊ အထူးအားဖြင့် ရပ်/ကျေး၊ မြို့နယ်သံဃနာယကအဖွဲ့ဆရာတော်များကိုယ်တိုင် က သာသနာ့အလံတော်သုံးစွဲမှုကို ကြီးကြပ်ကွပ်ကဲမှု မရှိရုံမျှမက မသိကျိုးကျွန်ပြုလျက်ရှိနေသည်ကို တွေ့မြင်နေရပါကြောင်း။

သံဃနာယကလက်စွဲ အခန်း ၂၉ အပိုဒ် ၃၁၇ အပိုဒ်ခွဲ (က) ၌ သာသနာ့အလံတော်ကို ရဟန်းတော်များ ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ဘုရားဖူးယာဉ်အမျိုးမျိုး၌ တပ်ဆင်အသုံးမပြုရဟု တိုက်ရိုက်တားမြစ်ထားသော်လည်း အချို့သောရဟန်းရှင်လူများက ပြောင်ပြောင်တင်းတင်း ချိုးဖောက်လျက်ရှိသည်ကိုလည်းကောင်း၊ အပိုဒ် ၃၁၇၊ အပိုဒ် (ခ) ၌ လမ်းဘေး၊ လမ်းဆုံလမ်းခွ၊ မော်တော်ယာဉ်ဆိပ်၊ ရေဆိပ်၊ ဈေး စသောနေရာတို့၌ အကြောင်းမဲ့သက်သက် သာသနာ့အလံတော်ကို အသုံးမပြုရဟု သတ်မှတ်ထားသော်လည်း လိုက်နာမှုမရှိ၊ တားမြစ်မှုမရှိ ဖြစ်နေကြသည်ကိုလည်းကောင်း တွေ့မြင်နေရပါကြောင်း၊ ကြီးကြပ်မှုမရှိကြသဖြင့် မထီမဲ့မြင်ပြုကာ သာသနာ့အလံတော်ကို နိုင်ငံရေးဆန္ဒဖော်ထုတ်ပွဲတွင် အသုံးပြုသည်အထိ အတင့်ရဲစွာ ဆောင်ရွက်လာသည်ကို တွေ့ရှိနေရပါကြောင်း။

သို့ဖြစ်၍ ဗုဒ္ဓသာသနာ၏ အထွတ်အမြတ်ဖြစ်သော သာသနာ့အလံတော်ကို သံဃာ့အဖွဲ့အစည်းလုပ်ထုံးလုပ်နည်း၊ သံဃနာယကလက်စွဲပါ သတ်မှတ်ချက်များနှင့်အညီ အလေးဂရုပြု၍ သုံးစွဲကြစေရေးအတွက် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်သို့ ကြီးကြပ်ကွပ်ကဲပေးရန် သြဝါဒပေးညွှန်ကြားသင့်သည်ဟု အကြံပြုလျှောက်ထားလိုပါကြောင်း။

**တိကျသေချာမှု အားနည်းလျက်ရှိ**

ဘုရားတပည့်တော်တို့အနေဖြင့် နှစ်စဉ်ဝါဆိုသံဃာစာရင်းများ ပုံမှန်ကောက်ယူလျက်ရှိရာမှာ အခြေခံဒေသဖြစ်သော ရပ်ကွက်/ကျေးရွာ အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းအများစုကို ကွင်းဆင်းကောက်ယူနိုင်သော်လည်း အချို့သောရပ်ကွက်/ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများကိုမူ ရုံးစာဖြင့် အကြောင်းကြားကောက်ယူရသည်များရှိသောကြောင့် ဝါဆိုသံဃာစာရင်း တိကျသေချာမှု အားနည်းလျက်ရှိသည်ကိုလည်း စိစစ်တွေ့ရှိရပါကြောင်း။

**ဝါဆိုသံဃာစာရင်း ကောက်ယူ**

ထို့ကြောင့် ဝါဆိုသံဃာစာရင်းတိကျမှန်ကန်စွာ စာရင်းရရှိရေးအတွက် ယခုနှစ်တွင် မြို့နယ်ပေါင်း ၃၃၀ ရှိ ဘုန်းကြီး ကျောင်းပေါင်း ၆၆၆၀၀ ကျော်နှင့် သီလရှင်ကျောင်းပေါင်း ၄၅၀၀ ကျော်တို့ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ဦးဆောင်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အပါအဝင်အခြားသောဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းကာ မြို့နယ်/ကျေးရွာအလိုက် ဝါဆိုသံဃာစာရင်းကွင်းဆင်း ကောက်ယူရေးအဖွဲ့များ ဖွဲ့စည်းပြီး Software များအသုံးပြုကာ ကောက်ယူသွားမည်ဖြစ်သည်ဟု အသိပေးလျှောက်ထားအပ်ပါကြောင်း။

**တည်တံ့ပြန့်ပွားနိုင်မည်**

နိဂုံးချုပ်အားဖြင့် မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်ရာ၌ ဆရာတော် သံဃာတော်အရှင်သူမြတ်များက ဂန္ထဓုရ၊ ဝိပဿနာဓုရဟူသော ဓမ္မာနုဂ္ဂဟဖြင့် သာသနာတော်မြတ်ကြီးအား ချီးမြှောက်ထောက်ပံ့သဖြင့် လည်းကောင်း၊ ဘုရားတပည့်တော်တို့ ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့ကလည်း ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက်ထောက်ပံ့သဖြင့်လည်းကောင်း၊ ဤသို့ ဆရာဒကာ လက်တွဲ ညီစွာ ပစ္စယ ဓမ္မာ နှစ်ဖြာနုဂ္ဂဟ ချီးမြှောက်ထောက်ပံ့ကြပါလျှင် မြတ်ဗုဒ္ဓဘုရားရှင်၏ သာသနာတော်မြတ်ကြီးသည် အနှစ်ငါးထောင်မကကြာအောင် တည်တံ့ပြန့်ပွားနိုင်မည်ဖြစ်ပါကြောင်း လျှောက်ထားသည်။ ယင်းနောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ (ပထမအဖွဲ့ ခွဲ) ၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒက တင်သွင်းလျှောက်ထားသည်။

**ကဏ္ဍအလိုက် တင်သွင်းလျှောက်ထား**

ထို့နောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမ အဖွဲ့ ခွဲ) ၏ ဆဋ္ဌအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်အစီရင် ခံစာအကျဉ်းကို အဖွဲ့ဝင်ဆရာတော်ကြီးများက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားကြသည်။

ယင်းနောက် သာသနာ့ရေးရာကိစ္စများ၊ ဝိနိစ္ဆယဆိုင်ရာကိစ္စများ၊ ပညာရေးဆိုင်ရာကိစ္စများကို တင်ပြလျှောက်ထားကြရာ တာဝန်ကျအဖွဲ့ခွဲ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေး ပထမနေ့ကို မွန်းလွဲပိုင်းတွင် ရပ်နားသည်။

**အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်း**

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား အရုဏ်ဆွမ်းအလှူရှင်အဖြစ် ဖခင် ဦးမောင်မောင် + မိခင် ဒေါ်ခင်ခင်ကြီးတို့အား ရည်စူး၍ သမီးပြုံးဝေသီ (သဒ္ဓမ္မဇောတိကဓဇ)၊ နေ့ဆွမ်း အလှူရှင်အဖြစ် ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)မဟာသရေစည်သူ ဦးရဲမြင့်နှင့်ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့် မိသားစုတို့က ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **သတင်းစဉ်**

---

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်းနှင့်အဖွဲ့ တောင်အာဖရိကနိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် မတ် ၁၁**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် တောင်အာဖရိကနိုင်ငံ၏ အသွင်ကူးပြောင်းရေးလုပ်ငန်းများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်းလုပ်ငန်းများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများ၏ အခန်းကဏ္ဍများကို လေ့လာရန်အတွက် မတ် ၂ ရက်မှ ၉ ရက်ထိ တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့သို့ သွားရောက်ခဲ့ပြီး ယမန်နေ့ညနေပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၁၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။ **မိုး/ဇလ**

# မြန်မာ့လွှတ်တော် မဟာဗျူဟာစီမံကိန်းအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မတ် ၁၁**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် Inter-Parliamentary Union (IPU) ၏ Technical Cooperation Programme Manager, Ms. Norah Babic အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် IPU အနေဖြင့် မြန်မာ့လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အထောက်အကူပေးရေးကိစ္စရပ်များ၊ မြန်မာ့လွှတ်တော် မဟာဗျူဟာစီမံကိန်းအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ IPU မှ ကြီးမှူးကျင်းပသည့် အစည်းအဝေးများ၊ ဆက်စပ်အစည်းအဝေးများနှင့် ကော်မတီ အစည်းအဝေးများတွင် ပါဝင်တက်ရောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း **Inter-Parliamentary Union (IPU)** ၏ **Technical Cooperation Programme Manager, Ms. Norah Babic** အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် တာဝန်မှရပ်စဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၉/ ၂၀၁၉**
**၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၆ ရက်**
**(၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်)**
**တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် တာဝန်မှရပ်စဲခြင်း**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်ကို ယနေ့မှစ၍ တာဝန်မှ ရပ်စဲလိုက်သည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ရာဇဝတ်အထူးအယူခံမှု(၄)မှုနှင့် တရားမအထူးအယူခံမှု(၂)မှုကို စီရင်ချက်ချ၊ တရားမအထူးအယူခံမှု(၅)မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် မတ် ၁၁**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်၍ ရာဇဝတ် အထူးအယူခံမှု (၄) မှုနှင့် တရားမအထူးအယူခံမှု (၂) မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထူးအယူခံမှု(၅)မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ- ထိုင်း နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု တိုးတက်ကောင်းမွန်မှု အခြေအနေများ ဆွေးနွေး

နေပြည်တော် မတ် ၁၁

**ထိုင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ထိုင်းဘုရင့် အတိုင်ပင်ခံကောင်စီဥက္ကဋ္ဌ General Prem Tinsulanonda အား ၎င်း၏နေအိမ် ဧည့်ခန်းမတွင် ဂါရဝပြုတွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု တိုးတက်ကောင်းမွန်မှု အခြေအနေများ၊ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်မှ ပါဝင်ဆောင်ရွက်နေမှု အခြေအနေများ၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ခြင်းနှင့် အဆင့်လိုက် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် လည်ပတ်မှုအခြေအနေများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဗန်ကောက်မြို့ရှိ ထိုင်းဘုရင့်လေတပ် ဒွန်မောင်းလေဆိပ် (Wing - 6)မှ ပြန်လည်ထွက်ခွာကြပြီး မွန်းလွဲပိုင်းတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညွှန်ကြားရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးတို့က လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်အတိုင်ပင်ခံကောင်စီဥက္ကဋ္ဌ General Prem Tinsulanonda တို့ တွေ့ဆုံဆွေးနွေးစဉ်။**
ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး



**မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ကျောက်မျက်အတွဲများအား ကုန်သည်များ ကြည့်ရှုလေ့လာစဉ်။** ဓာတ်ပုံ- ခွန်ဝင်းပ

❒ *ကျောဖုံးမှ*

ပြပွဲတွင် ကျောက်စိမ်းအတွဲအမှတ် ၁ မှ ၁၂၀၀ အထိကို မတ် ၁၅ ရက်တွင် လည်းကောင်း၊ အတွဲအမှတ် ၁၂၀၁ မှ ၂၄၀၀ အထိကို မတ် ၁၆ ရက်တွင်လည်းကောင်း၊ အတွဲအမှတ် ၂၄၀၁ မှ ၃၆၀၀ အထိကို မတ် ၁၇ ရက်တွင်လည်းကောင်း၊ အတွဲအမှတ် ၃၆၀၁ မှ ၄၈၀၀ အထိကို မတ် ၁၈ ရက်တွင်လည်းကောင်း၊ အတွဲ အမှတ် ၄၈၀၁ မှ ၆၀၀၀ အထိကိုမတ် ၁၉ ရက်တွင်လည်းကောင်း၊ အတွဲအမှတ် ၆၀၀၁ မှ ၆၉၇၄ အထိကို မတ် ၂၀ ရက်တွင်လည်းကောင်း၊ ကျောက်မျက်အတွဲ ၅၀၀ ကို မတ် ၁၄ ရက်တွင် လည်းကောင်း၊ ပုလဲအတွဲအတွဲအမှတ် ၁ မှ ၁၈၂အထိကို မတ်၁၂ ရက်တွင်လည်းကောင်း၊ အတွဲအမှတ် ၁၈၃ မှ ၂၇၄ အထိကို မတ် ၁၃ တွင်လည်းကောင်း အိတ်ဖွင့် တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ကျောက်စိမ်းအရိုင်းအတွဲများအတွက် သတ်မှတ်ထားသည့် အခြေခံဈေးသည် ယူရိုငွေ ၅၀၀၀ နှင့်အထက်၊ ကျောက်စိမ်းအချောထည်များအတွက် သတ်မှတ်ထားသည့် အခြေခံဈေးသည် ယူရိုငွေ ၁၀၀၀ နှင့် အထက်၊ ကျောက်မျက်အတွဲများအတွက် သတ်မှတ်ထားသည့် အခြေခံဈေးသည် ယူရိုငွေ ၅၀၀ နှင့် အထက်၊ ပုလဲအတွဲများ အတွက်သတ်မှတ် ထားသည့် အခြေခံဈေးသည် ယူရိုငွေ ၁၀၀၀ နှင့် အထက်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ရောင်းရငွေတန်ဖိုးအပေါ် သတ်မှတ်ကောက်ခံမည့် အခွန်အခနှုန်းထားများမှာ အထူးကုန်စည်ခွန်အနေဖြင့် ကျောက်စိမ်းအရိုင်းများအတွက် ၁၅ ရာခိုင်နှုန်း၊ ကျောက်မျက်အရိုင်းများ အတွက် ၁၀ ရာခိုင်နှုန်း၊ ကျောက်မျက်လက်ဝတ်ရတနာ အချောထည်များ အတွက် ၃ ရာခိုင်နှုန်းနှင့် အချောထည်များအတွက် ၁ ရာခိုင်နှုန်း ကောက်ခံသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာက "ဒီနေ့ ကျင်းပတဲ့ (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲဟာ အရင်က ပြသရောင်းချခဲ့တဲ့ပွဲတွေထက် ပိုကောင်းမယ်ထင်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီပွဲမှာ အရည်အသွေးတော်တော်လေး ကောင်းမွန်တဲ့ကျောက်တွေ ပါဝင်နေလို့ပါပဲ။ ပြည်တွင်းပြည်ပရတနာကုန်သည် ၃၀၀၀ ကျော်တက်ရောက်မယ်လို့ ခန့်မှန်းထားပါတယ်။ ဒီပြပွဲမှာ ယခင်ပြပွဲတွေထက် ကျောက်စိမ်းကျောက်မျက်အတွဲတွေ ပိုမိုခင်းကျင်းပြသထားတာကို မြင်တွေ့ကြမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အတွက်၊ ပြည်သူတွေအတွက်၊ လုပ်ငန်းရှင်တွေအတွက် အကျိုးရှိစေမယ့်ပွဲတစ်ပွဲဖြစ်ပါတယ် "ဟု ပြောသည်။

**သတင်းစဉ်**

# လူနှင့် တိရစ္ဆာန်များတွင် ခွေးရူးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းရေးအတွက် ဌာနဆိုင်ရာများ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများအားလုံး ပူးပေါင်းလျက် စီမံချက်ချမှတ်ရေးဆွဲပြီး ဆောင်ရွက်ရန်အဆိုကို ဆွေးနွေး




ဒုတိယဝန်ကြီး ဦးလုကျော် ဖြေကြားစဉ်။



ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင် မေးမြန်းစဉ်။



ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း ဖြေကြားစဉ်။



ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် မေးမြန်းစဉ်။



အလုံမဲဆန္ဒနယ်မှ ဦးရဲလွင် ဆွေးနွေးစဉ်။



တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူး ဝင်းမင်းထွန်း ဆွေးနွေးစဉ်။

နေပြည်တော် မတ် ၁၁

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေး ခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ဥတ္တရသီရိ မဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင်၏ **ဥတ္တရသီရိမြို့နယ်တွင် ၂၀၁၇ ခုနှစ်အတွင်း သစ်တောပယ်ဖျက်ထားသော ကျေးရွာ ၁၁ ရွာ၏ ရွာမြေ၊ လယ်မြေနှင့် အများ ပိုင်မြေများ သတ်မှတ်တိုင်းတာရာတွင် ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိသည့် အကြောင်းအရာနှင့်စပ်လျဉ်း၍ စာရွက် ပေါ်တွင် စာရင်းနှင့်မြေပြင် အမှန်တကယ်ရှိသော စာရင်းမှန်ကန်အောင် မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် ပယ်ဖျက်ထားသော ရွာနယ်နိမိတ်များနှင့် လယ်မြေများ ပြည်သူလက်ဝယ်ရောက်ရှိပြီး ပုံစံ(၇)ရရှိရေး တာဝန်ရှိသောဌာနများ မည်သို့ ပေါင်းစပ်ဆောင်ရွက်နေပြီး မည်သည့်အချိန်တွင် ပြီးစီးအောင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလုကျော်က အဆိုပါ ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့သည့် မြေရေိယာများကို ဥတ္တရသီရိမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ ပါဝင်သည့်အဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ လက်ရှိ မြေပြင်စစ်ဆေးပြီးသည်အထိ ကိုင်းကြိုးဝိုင်းမှ ပယ်ဖျက်သည့် ၁၂၄ ဧက၊ တောင်ညိုကြိုးဝိုင်းမှ ပယ်ဖျက်သည့် ၁၀ ဧကကျော်နှင့် ငလိုက်ကြိုးဝိုင်းမှာ ပယ်ဖျက်သည့် ၁၉ ဧကခန့် စုစုပေါင်း ၁၄၃ ဧကကျော်သည် ကြိုးဝိုင်းတော မြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့သည့် အမိန့်စာပါ မြေပုံညွှန်း၏ အပြင်ဘက်(သစ်တောဧရိယာမှ ပယ်ဖျက်ခြင်းမရှိသေးသည့်ဧရိယာများ)အတွင်း ကျရောက်နေကြောင်းကို စိစစ်တွေ့ရှိရပါကြောင်း၊ ကွင်းဆင်းစစ်ဆေးရန် ကျန်ရှိနေသေးသည့် ပလေးကြိုးဝိုင်းမှ ပယ်ဖျက်ဧရိယာနှင့် ငလိုက်ကြိုးဝိုင်းမှ ပယ်ဖျက်ဧရိယာများကိုလည်း ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ လယ်ယာမြေများ စီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှ စိစစ်ဆောင်ရွက်သွားမည်

ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ခဲ့သည့် အနေအထားနှင့် မြေပြင်တည်ရှိမှု အခြေအနေကွဲလွဲနေမှုတို့ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပြီး အမှန်တည်ရှိသည့် ဧရိယာများကို စိစစ်ရရှိမှသာ မြေတိုင်းတာခြင်း၊ မြေပုံထုတ်လုပ်ခြင်းလုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးပါက ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ လယ်ယာမြေများ စီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှ စိစစ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း နေပြည်တော်ကောင်စီ၏ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားသည်။

ထီးချိုင့် မဲဆန္ဒနယ်မှ ဦးမောင်မောင်၏ **အစိုးရဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံတစ်ဝန်းသုံးစွဲနေသော ပုံနှိပ်မီဒီယာများအားလုံး ကွန်ပျူတာပုံနှိပ်ဖော်ပြရာတွင် အသုံးပြုနေသော တစ်ချောင်းငင်အရှည်နှင့် အတို သုံးစွဲမှုကို ပြည်ထောင်စုအစိုးရအဖွဲ့က ဦးဆောင်၍ စနစ်တကျမှန်ကန်အောင် ညွှန်ကြားပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅၀ တွင် မြန်မာစာသည် ရုံးသုံးစာဖြစ်သည်ဟု ပြဋ္ဌာန်းထားရှိပါကြောင်း၊ ထို့အပြင် ပုဒ်မ ၄၅၂ နှင့် ၄၅၄ တို့တွင်လည်း မြန်မာစာပေအခန်းကဏ္ဍ အရေးပါပုံများကိုလည်း ပြဋ္ဌာန်းထားရှိပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်တင်ပြထားသည့် တစ်ချောင်းငင်အတိုနှင့် တစ်ချောင်းငင်အရှည်၊ နှစ်ချောင်းငင်အတိုနှင့် နှစ်ချောင်းငင်အရှည်များ သုံးစွဲမှုသည် စာလုံးပေါင်းသတ်ပုံ အရေးပုံရိပ်မျှသာဖြစ်ပြီး သတ်ပုံမှားယွင်းမှု မဟုတ်ပါကြောင်း၊ ဖော်ပြပါပြ၊ မှူးနှင့် အလှူ စသည်တို့ ဖော်ပြထားမှုများသည်လည်း ပြဋ္ဌာန်းထားသည့် စာလုံးပေါင်းသတ်ပုံကျမ်းစာအုပ်ပါ အရေးပုံရိပ်အတိုင်း ရေးသားခြင်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ကျောက်ဖြူ မဲဆန္ဒနယ်မှ ဦးဘရှိန်၊ တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ ရေဖြူ မဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး၊ တန့်ယန်း မဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်နှင့် အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦးတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးများဖြစ်သည့် ဦးလုကျော်နှင့် ဦးဝင်းမော်ထွန်းတို့က ရှင်းလင်းဖြေကြားကြသည်။

## ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာဖတ်ကြား တင်ပြ

ထို့နောက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းက ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် မင်းလှ မဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး တင်သွင်းသည့် **လူနှင့်တိရစ္ဆာန်များတွင် ခွေးရူးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းရေးအတွက် ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများအားလုံးပူးပေါင်းလျက် စီမံချက်ချမှတ်ရေးဆွဲပြီး ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**အလုံမဲဆန္ဒနယ်မှ ဦးရဲလွင်**က ပြည်သူလူထုအနေဖြင့် ခွေးကိုက်မခံရစေရန် သတိပြုနေထိုင်ခြင်း၊ မိမိတို့ အိမ်တွင် ခွေး၊ ကြောင်များ မွေးထားပါက ကာကွယ်ဆေးထိုးပေးခြင်း၊ ခွေး၊ ကြောင်များအား စနောက်ခြင်းနှင့် လက်ပွန်းတတီးနေခြင်းမှ ရှောင်ကြဉ်ခြင်း၊ မိဘအုပ်ထိန်းသူများအနေဖြင့်လည်း ကလေးများ ခွေးကိုက်မခံရစေရန်ဂရုစိုက်ခြင်း၊ တာဝန်ရှိသူများအနေဖြင့် ခွေးလေခွေးလွင့်များကို ဖမ်းဆီး၍ သင့်လျော်သည့်စခန်းများတွင် ထိန်းသိမ်းခြင်း သို့မဟုတ် သုတ်သင်ရှင်းလင်းခြင်း၊ လေလွင့်ခွေးမျိုးပွားမှုကို ထိန်းချုပ်ခြင်း၊ ခွေးရူးရောဂါကာကွယ်ဆေး အချိန်မီထိုးနှံခြင်း စသည့်နည်းလမ်းများဖြင့် ခွေးရူးရောဂါကို ကာကွယ်ရန် လိုအပ်ပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့်လည်း ခွေးရူးပြန်ရောဂါဖြစ်ပွားသေဆုံးမှုအား လျော့ချနိုင်ရန်အတွက် ကျန်းမာရေးပညာပေးလုပ်ငန်းများ ပိုမိုဆောင်ရွက်ခြင်း၊ ဌာနဆိုင်ရာများ၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ခြင်း၊ ပြည်သူလူထုအနေဖြင့်လည်း ခွေးရူးပြန်ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ နှိုးဆော်ချက်များအား ပူးပေါင်းလိုက်နာဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

## မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများတွင် ခွေးရူးပြန်ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှု အများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိ

**တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်း** က မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများတွင် ခွေးရူးပြန်ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါကြောင်း၊ ရောဂါဖြစ်ပွားမှုများရသော အဓိကစိန်ခေါ်မှုများမှာ အမျိုးသားအဆင့် ခွေးရူးပြန်ရောဂါကာကွယ်မှု မဟာဗျူဟာမူကြမ်း ရေးဆွဲထားပြီးဖြစ်သော်လည်း အကောင်အထည်မဖော်နိုင်သေးခြင်း၊ ရောဂါ၏ဆိုးကျိုးများနှင့် ခွေးများကို ထိန်းချုပ်နိုင်မည့် နည်းလမ်းလိုအပ်ချက်များကို ပြည်သူလူထုမှ သိရှိမှုနည်းပါးခြင်း၊ တိကျသည့် ဓာတ်ခွဲခန်းနှင့် သုတေသနဆိုင်ရာများ ကန့်သတ်ချက်ရှိခြင်း၊ ရောဂါကို ထိန်းချုပ်နိုင်ရန်အတွက် ငွေကြေးသုံးစွဲမှုနည်းပါးခြင်း၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖန်တီးထုတ်လုပ်နိုင်မှုနည်းပါးခြင်း၊ ခွေးအပါအဝင် တိရစ္ဆာန်များနှင့် ပတ်သက်သော တည်ဆဲဥပဒေများကို ပြည်သူလူထုမှ သိရှိလိုက်နာမှုအားနည်းခြင်း၊ A Dog Bite Treatment Centres များ နိုင်ငံအနှံ့များစွာ တည်ဆောက်ပေးရန် လိုအပ်နေသေးခြင်း စသည့်စိန်ခေါ်မှုများကို ကျော်လွှားနိုင်မှသာ ခွေးရူးပြန်ရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းရေးအတွက် အထောက်အကူပြုမည် ဖြစ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စမ်းချောင်း မဲဆန္ဒနယ်မှ ဦးဘိုဘိုဦး၊ လွိုင်ကော် မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ၊ ပြည် မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ရေကြည် မဲဆန္ဒနယ်မှ ဒေါက်တာ ဦးစံရွှေဝင်း၊ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၊ ညောင်လေးပင် မဲဆန္ဒနယ်မှ ဒေါက်တာ ဦးမြင့်သိန်း၊ တာမွေ မဲဆန္ဒနယ်မှ ဦးတိုးဝင်း၊ မြင်းခြံ မဲဆန္ဒနယ်မှ ဦးစိန်မြင့်နှင့် မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာ မေဝင်းမြင့်တို့က ဆက်လက်ဆွေးနွေးကြသည်။

အဆိုနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလုကျော် က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအနေဖြင့် ၂၀၁၂ ခုနှစ်က ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးများနှင့် ၂၀၁၄ ခုနှစ်ကစ၍ ခွေးရူးပြန်ကာကွယ်သည့် ပဋိဇီဝပစ္စည်းများကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့် နှစ်စဉ်ဝယ်ယူဖြည့်တင်းမှုနှင့်အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ၊ ဗဟိုအဆင့်ဆေးရုံများ၊ မြို့နယ်ဆေးရုံများတွင် ခွေးကိုက်ခံရသည့် လူနာများကို အခမဲ့ ထိုးနှံပေးလျက်ရှိပါကြောင်း၊ မွေးမြူရေးနှင့် ကုသရေးဌာနအနေဖြင့်လည်း ၂၀၁၃ ခုနှစ်မှစ၍ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်း၍ ခွေးရူးရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများကို အားစိုက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ကြောင့် အဆိုနှင့်စပ်လျဉ်း၍ လက်ရှိအခြေအနေတွင် မိမိတို့၏အရင်းအမြစ်အခြေခံစွမ်းအားအပေါ်တွင် အခြေပြုပြီး အကန့်အသတ်များ ကျော်လွှားနိုင်ရေးစီမံမှုများနှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်ပါဆက်စပ်၍ အနာဂတ်အတွက် မျှော်မှန်းချက်ထား၍ စီမံချက်များရေးဆွဲဆောင်ရွက်နေပြီဖြစ်သည့်အတွက် အဆိုကို မှတ်တမ်းတင်ပေးနိုင်ပါရန် ပြောကြားသည်။

ယင်းနောက် အဆိုရှင် ဒေါက်တာ ဦးသန်းအောင်စိုးက အဆိုအား မှတ်တမ်းတင်စောင့်ကြည့်အဖြစ် ခွင့်ပြုပေးပါရန် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူ မရှိသည့်အတွက် အဆိုအား မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို မတ် ၁၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကျင်းပ



ဒုတိယဝန်ကြီး
ဗိုလ်ချုပ် မြင့်နွယ်



မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ
ဦးလှမြင့်(ခ) ဦးလှမြင့်သန်း



ဒုတိယဝန်ကြီး
ဗိုလ်ချုပ် သန်းထွင်



ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ
ဦးဝေ့တင်း

**နေပြည်တော် မတ် ၁၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခု ဖတ်ကြားတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၏ **မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျွန်းတောကျေးရွာအုပ်စု ကွင်းအမှတ် (OSS - ၃၅)၊ ပျဉ်းမစခန်း အပြင်ကွင်းရှိ တောင်သူငါးဦး စပါးလင်စိုက်ပျိုးနေသည့် ခြံမြေ ၈၅ ဧကမှာ ၂၀၀၁ ခုနှစ်က နယ်မြေခံတပ်ရင်း စတင်ထူထောင်စဉ်က သိမ်းဆည်းရာတွင် ပါသွားခဲ့သော်လည်း ယနေ့တိုင် မြေယာလျော်ကြေးပေးခြင်းများ မရှိသေးပါသဖြင့် တည်ဆဲဥပဒေများနှင့်အညီ မြေယာလျော်ကြေးပေးရန်** အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် မြင့်နွယ်က လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းနှင့်စပ်လျဉ်း၍ မြေ ၈၅ ဧကသည် အမှတ်(၆၀၂) ဒုံးတပ်ရင်းမှ မြေသိမ်းဆည်းရေးဆိုင်ရာ ပြည်ထဲရေးအမိန့်များ ရရှိပြီးဖြစ်ခြင်း၊ မြေပိုင်ဆိုင်မှု အထောက်အထားတစ်စုံတစ်ရာမရှိခြင်း၊ မြေတန်ဖိုးလျော်ကြေးငွေအား တပ်ရင်းမှပေးချေခဲ့သော်လည်း ထုတ်ယူခဲ့မှုမရှိခြင်းနှင့် တပ်ပိုင်မြေသိမ်းဆည်းစဉ် ကန့်ကွက်ရန်မရှိကြောင်း လက်မှတ်များရေးထိုးခဲ့ပြီး ဖြစ်ခြင်းတို့ကြောင့် လျော်ကြေးသတ်မှတ်ပေးနိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ရှင်းလက်ချောင်းကူး ကြိုးတံတားဟောင်းကို လူကူးကြိုးတံတားအသစ်အဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝေ့တင်း၏ **ချင်းပြည်နယ် ပလက်ဝမြို့နယ် ရှင်းလက်ဝအုပ်စု ရှင်းလက်ဝအထက်ရွာနှင့် ရှင်းလက်ဝအောက်ရွာ ကူးလူးသွားလာသော ပေအရှည် ၃၀၀ ရှိ (ရှင်းလက်ချောင်းကူး)ကြိုးတံတားဟောင်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် အသစ်ပြန်လည်ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွင်က လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသည့် ပလက်ဝမြို့နယ် ရှင်းလက်ဝအုပ်စု ရှင်းလက်ဝအထက်ရွာနှင့် ရှင်းလက်ဝအောက်ရွာ ကူးလူးသွားလာနေသည့် အရှည်ပေ ၃၀၀ ရှိရှင်းလက်ချောင်းကူး ကြိုးတံတားဟောင်းကို အရှည် ပေ ၃၇၀၊ အကျယ် ခြောက်ပေရှိ လူကူးကြိုးတံတားအသစ်အဖြစ် ဆောက်လုပ်ပေးရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေတွင် ရန်ပုံငွေတင်ပြတောင်းခံထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) မှ ဦးအေးမင်းဟန်၏ **မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ ကျေးရွာပေါင်း ၁၃ ရွာကို ဆက်သွယ်ထားသော ဦးနာအောက်လမ်း (ကတိုး၊ ကော့နပ်၊ ဇာသပြင်) ၏ ပျက်စီးနေသောလမ်းပိုင်း သုံးမိုင် နှစ်ဖာလုံအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ၁၄ ပေ အကျယ် ကတ္တရာလမ်းအသစ်ခင်းပေးရန်** အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွင်က မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ ကျေးရွာပေါင်း ၁၃ ရွာကို ဆက်သွယ်ထားသော ဦးနာအောက်လမ်း (ကတိုး၊ ကော့နပ်၊ ဇာသပြင်)၏ ပျက်စီးနေသော လမ်းပိုင်း သုံးမိုင် နှစ်ဖာလုံအား မြေပြင်ကွင်းဆင်းစိစစ်ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေတွင် ထည့်သွင်းလျာထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးစိုင်းစံအောင်၏ **ရှမ်းပြည်နယ် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ပန်ဝိုင်မြို့အတွက် စိမ့်စမ်းရေသွယ်တန်းစနစ်ဖြင့် လုံလောက်သည့် သောက်သုံးရေရရှိရေး မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွင်က ဟိုပန်ခရိုင် ပန်ဝိုင်မြို့ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းအား “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် မြို့နယ်/ခရိုင်ကော်မတီတို့မှ ရေအရင်းအမြစ်ရရှိနိုင်မှု၊ ဖြစ်နိုင်ခြေများကို အသေးစိတ်ကွင်းဆင်းစစ်ဆေးလေ့လာပြီး မှတ်တမ်းဓာတ်ပုံ၊ မြေပုံ၊ ခန့်မှန်းတွက်ချက်မှုဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဒေသ၏ တင်ပြချက်အပေါ်စိစစ်ပြီး ဦးစားပေးအဆင့်သတ်မှတ်ချက်နှင့်အတူ လိုအပ်သလို ရန်ပုံငွေတင်ပြလာပါက အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မှတ်တမ်းတင်ထားရှိပြီး နှစ်စဉ်ထည့်သွင်းလျာထားသော လုပ်ငန်းများသည်လည်း ရန်ပုံငွေဝင်ဆံ့မှုဘောင်အတွင်းကသာ လျာထားဆောင်ရွက်နေရပါသဖြင့် ယခုလွှတ်တော်ကိုယ်စားလှယ် မေးမြန်းလာသည့် လုပ်ငန်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ရန်ပုံငွေလျာထားချက်တွင် ဦးစားပေးအစီအစဉ်အရသာ ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၏ **ချင်းပြည်နယ် မတူပီမြို့နယ်ရှိ ဒါရိလင်းကျေးရွာမှ လုံကြွေးကျေးရွာအထိ ကိုးမိုင်နှင့် လုံကြွေးကျေးရွာမှ အိန္ဒိယနယ်စပ်အထိ တစ်မိုင် စုစုပေါင်း ၁၀ မိုင်အား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွင်က ချင်းပြည်နယ် မတူပီမြို့နယ် ဒါရိလင်း-လုံကြွေးမှ အိန္ဒိယနယ်စပ်အထိ လမ်းအား ၂၀၁၀ ပြည့်နှစ်တွင် ကျေးရွာကိုယ်ထူကိုယ်ထအစီအစဉ်ဖြင့် ကျောက်ဆောင်၊ ကမ်းပါးမြင့်သည့်နေရာတွင် ခြောက်ပေအကျယ်၊ မြေပြန့်သည့်နေရာတွင် ရှစ်ပေအကျယ် ဖောက်လုပ်ခဲ့ပြီး ၎င်းလမ်းအပိုင်းအား ဒေသခံပြည်သူများ၏ တင်ပြတောင်းခံချက်အရ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ (၂၁၂ ဒသမ ၇၆၀) သန်းဖြင့် ဒါရိလင်းကျေးရွာမှ လုံကြွေးကျေးရွာ (ဟောင်း)၊ ထိုမှတစ်ဆင့် အိန္ဒိယနယ်စပ် BP-23 အထိ ၁၈ ပေအကျယ် ၁၂ မိုင်လမ်းအား ဖောက်လုပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုအချိန်တွင်လည်း ဒေသခံပြည်သူလူထုအနေဖြင့် စားနပ်ရိက္ခာနှင့် လူသုံးကုန်ပစ္စည်းများအား ၎င်းလမ်းကိုအသုံးပြု၍ မော်တော်ယာဉ်များဖြင့် သယ်သူပို့ဆောင် အသုံးပြုနိုင်ခြင်းကြောင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ထပ်မံ၍ ထည့်သွင်းလျာထားဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

## အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာ (၂/၂၀၁၈)ကို အမျိုးသားလွှတ်တော်သို့ဖတ်ကြားတင်သွင်း

ထို့နောက် အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ အတွင်းရေးမှူး ဦးဝင်းကြိုင်က **အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာ (၂/၂၀၁၈)** ကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို မတ် ၁၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ လူမော်**

# ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရေး ဗဟိုကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် မတ် ၁၁**

ကြားဖြတ် လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးဗဟိုကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ကြိုတင်ပြင်ဆင်သည့်လုပ်ငန်းများ စတင်**

ရှေးဦးစွာ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ရက်ပေါင်း ၁၄ ရက်ခန့် ကောက်ယူမည်ဖြစ်ပြီး ခရိုင်အဆင့် ကိုယ်စားပြုသော အညွှန်းကိန်းများ ရရှိနိုင်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နမူနာကောက်ကွက်ပေါင်း ၄၃၀၀ ခန့်ကို ရွေးချယ်ကောက်ယူသွားမည်ဖြစ်ပါကြောင်း၊ ကောက်ယူရရှိလာသည့် အချက်အလက်များကို ၂၀၂၀ ခုနှစ်၊ ဇွန်လတွင် အတည်ပြုထုတ်ပြန်နိုင်ရန် လျာထားပါကြောင်း၊ ယင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းကောက်ယူခြင်း၊ စာရင်းပြုစုခြင်းနှင့် ဆန်းစစ်ခြင်း၊ အစီရင်ခံစာပြုစု ထုတ်ပြန်ခြင်း စသည့်လုပ်ငန်းစဉ် (၄) ရပ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုအခါ ကြိုတင်ပြင်ဆင်သည့် လုပ်ငန်းများကို စတင်နေပြီဖြစ်ပါကြောင်း။




ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရေး ဗဟိုကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**ကူညီမှုများလည်း လိုအပ်မည်**

ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းတွင် လုပ်ငန်းပမာဏ အကြီးမားဆုံးနှင့် အခက်ခဲဆုံးလုပ်ငန်းမှာ ကောက်ကွက်မြေပုံများ Update ပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ နမူနာကောက်ကွက်မြေပုံများကို မြေပြင်ကွင်းဆင်း၍ Update လုပ်ရမည်ဖြစ်သဖြင့် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုသည် အလွန်အရေးကြီးပါကြောင်း၊ ယခု ကောက်ယူမည့် ကြားဖြတ်သန်းခေါင်စာရင်းကို ယခင်သန်းခေါင်စာရင်းကဲ့သို့ စာရွက်များကိုအသုံးပြုသည့် မေးခွန်းပုံစံများဖြင့် ကောက်ယူခြင်းမဟုတ်ဘဲ ခေတ်မီနည်းပညာဖြစ်သည့် (CAPI) စနစ်ကို Mobile Tablet နှင့် ကောက်ယူမည်ဖြစ်သဖြင့် SIM Card များနှင့် မြန်နှုန်းမြင့် Internet တို့ လိုအပ်ပါကြောင်း၊ CAPI နည်းပညာကို ပထမဆုံးအကြိမ် အသုံးပြုမည်ဖြစ်သဖြင့် UN အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်နှင့် အလှူရှင်နိုင်ငံများ၏ ပံ့ပိုးကူညီမှုများလည်း လိုအပ်မည်ဖြစ်ပါကြောင်း။

ဗဟိုကော်မတီအဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် အကြံဉာဏ်များဖြင့် ဆွေးနွေးပေးကြရန်နှင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ အားလုံးပူးပေါင်းပါဝင်ကူညီကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ အတွင်းရေးမှူး ပြည်သူ့အင်အားဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇော်အောင်က ကြားဖြတ်သန်းခေါင်စာရင်း ကောက်ယူရေးအတွက် လုပ်ငန်းများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်မည့် အခြေအနေများကို အကြံပြုရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး နိုင်ငံတော်၏ပုံရိပ်ကို ထင်ဟပ်စေသော လုပ်ငန်းဖြစ်သည့်အတွက် လုပ်ငန်းစဉ်တစ်ရပ်လုံး အောင်မြင်စွာဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး အမှာစကား ပြောကြားသည်။

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူမှု၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြားကာလရှိ မြန်မာနိုင်ငံ၏ လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်း အချက်အလက်များ အချိန်နှင့်တစ်ပြေးညီ အနီးစပ်ဆုံး မှန်ကန်စွာခန့်မှန်းနိုင်ရန်၊ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်များ၏ ပြောင်းလဲမှုများအား နှိုင်းယှဉ်လေ့လာ သုတေသနပြုနိုင်ရန်နှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်သော စီမံကိန်း (MSDP) အတွက် လိုအပ်သော အညွှန်းကိန်းများရရှိနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၁၉ ခုနှစ် နိုဝင်ဘာအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၀ / ၂၀၁၉**
**၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၆ ရက်**
**(၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ မတ်လ ၉ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးမြို့နယ်၊ ငှက်ပျောတောကျေးရွာနေ လှသိန်းနှင့် သားမက်ဖြစ်သူ ကျော်ကျော် တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၃-၂၀၁၉ ရက်နေ့တွင် လယ်ဝေးမြို့နယ်၊ ငှက်ပျောတော ကျေးရွာနေ လှသိန်း(၅၀)နှစ်၊ (ဘ)ဦးထွန်းရင်၏ နေအိမ်အား ဝင်ရောက် ရှာဖွေရာ ၎င်းနှင့်အတူ သားမက်ဖြစ်သူ ကျော်ကျော်(ခ)ဖြိုးကျော်(၂၇)နှစ်၊(ဘ)ဦးသန်းဖေ၊ အမှတ်(၃)ရပ်ကွက်နေ ထက်ပိုင်(၁၈)နှစ်၊ (ဘ)ဦးကျော်မြတ်မိုး တို့(၃)ဦးအား 88/1 နှင့် WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လယ်ဝေး) မယ(ပ)၂/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ မော်ပုံကျေးရွာနေ ရှမ်းလေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၃-၂၀၁၉ ရက်နေ့တွင် ဖားကန့်မြို့နယ်၊ မော်ပုံကျေးရွာ၊ အမှတ်(A-605) နေ ရှမ်းလေး(ခ)ချမ်းမြထွေး (၃၇)နှစ်၊ (ဘ)ဦးလှစိုးဦး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ တံဆိပ်မပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(လုံးခင်း)မယ(ပ)၂၅/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်၊ ဇလုတ်မကျေးရွာ၊ ရေဦး-ကလေးဝ ကားလမ်းဘေးနေ ဒေါ်ခင်ပြုံးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၃-၂၀၁၉ ရက်နေ့တွင် မင်းကင်းမြို့နယ်၊ ဇလုတ်မကျေးရွာ၊ ရေဦး-ကလေးဝကားလမ်း မိုင်တိုင်အမှတ်(၆၆/၅)အနီးရှိ ဒေါ်ခင်ပြုံး(၄၈)နှစ်၊ (ဘ)ဦးခင်မောင်၏ နေအိမ်ဈေးဆိုင်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မင်းကင်း)မယ(ပ)၁/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ကျွဲကူးကျေးရွာ၊ ချမ်းမြေ့သာရီ ရပ်ကွက်နေ ဇင်လင်းဦးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၃-၂၀၁၉ ရက်နေ့တွင် မြိတ်မြို့နယ်၊ ကျွဲကူးကျေးရွာ၊ ချမ်းမြေ့သာရီ ရပ်ကွက်၊(၁၁)လမ်းနေ ဇင်လင်းဦး(၃၁)နှစ်၊(ဘ)ဦးဝင်းခိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မြိတ်) မယ(ပ)၅၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ကျွဲကူးကျေးရွာ၊ ရတနာရပ်ကွက်နေ ကိုကိုဦး သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၃-၂၀၁၉ ရက်နေ့တွင် မြိတ်မြို့နယ်၊ ကျွဲကူးကျေးရွာ၊ ရတနာရပ်ကွက်၊ အမှတ်(၅)လမ်းသွယ်နေ ကိုကိုဦး(ခ) ကိုဦး(၂၇)နှစ်၊(ဘ)ဦးအောင်ထူး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် တစ်ရပ်ကွက်တည်းနေ ဝင်းရင်သွေးအောင်(ခ) မောင်မောင်(၂၀)နှစ်၊ (ဘ)ဦးဝင်းအောင်၊ စည်သူမင်း(၁၇)နှစ်၊ (ဘ)ဦးအောင်မင်း တို့ (၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မြိတ်)မယ(ပ)၅၄/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ကံပေါက်ကျေးရွာ၊ လှည်းကုန်း(၂) ရပ်ကွက်နေ မပုပု သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၃-၂၀၁၉ ရက်နေ့တွင် ရေဖြူမြို့နယ်၊ ကံပေါက်ကျေးရွာ၊ လှည်းကုန်း(၂)ရပ်ကွက်နေ မပုပု(ခ) စန်းစန်းမိုး (၂၉)နှစ်၊(ဘ)ဦးလှရွှေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မော်လမြိုင်မြို့၊ ဇေယျာ(၁) ရပ်ကွက်နေ ကိုကိုဇော်(၂၁)နှစ်၊ (ဘ)ဦးလှသိန်းတို့ (၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကံပေါက်) မယ(ပ)၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ၁၉×၂၂ လမ်းကြား စံပယ်ဆောင်အိမ်ရာအနီး မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၃-၂၀၁၉ ရက်နေ့တွင် မဟာအောင်မြေမြို့နယ်၊ မင်းတဲ အီကင်းရပ်ကွက်၊ ၁၉×၂၂ လမ်းကြား၊ စံပယ်ဆောင်အိမ်ရာ၊ အဆောင်(၅)အနီး စောင့်ကြည့်သတင်းစုံစမ်းနေစဉ် ၎င်းအိမ်ရာ၊ အဆောင်(၅)တောင်ဘက် (ကျူးတဲ)နေ ထွန်းနိုင်ဝင်း(ခ)မောင်နိုင်(ခ) လက်ကောက် (၃၇)နှစ်၊ (ဘ)ဦးထွန်းမှိအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အောင်မြေသာစံ) မယ(ပ)၁၀/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ မြို့မ(၆)လမ်း၊ အမှတ် (၄၁၁/ခ)နေ မရွှေရွှေအိ သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃-၃-၂၀၁၉ ရက်နေ့တွင် သာကေတမြို့နယ်၊ ၃/မန်ပြေ ရပ်ကွက်၊ မန်ပြေ(၈)လမ်းအနောက်၊ အမှတ်(၃၄၁)နေ မြင့်ငွေ(ခ)ဖားလေး (၅၀)နှစ်၊ (ဘ)ဦးစံခင်၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ ဝေယံအောင်(၂၉)နှစ်၊ (ဘ)ဦးမောင်ဝင်းမှာ ထွက်ပြေးတိမ်းရှောင်သွားပြီး မြင့်ငွေ အား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိ၍ အဆိုပါ မူးယစ်ဆေးဝါးများမှာ ၄/တောင်ရပ်ကွက်၊ မြို့မ (၆)လမ်း၊ အမှတ်(၄၁၁/ခ)နေ မရွှေရွှေအိ (၃၂)နှစ်၊ (ဘ) ဦးမောင်နု ထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၃)ဦးအား မမစ(သာကေတ) မယ(ပ)၇/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့်၍ ကွင်းဆက်အရ မရွှေရွှေအိ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ICE များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(သာကေတ) မယ(ပ)၈/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်၊ ဓနသိဒ္ဓိလမ်း၊ အောင်မင်္ဂလာ ဆန်စက်ဘေး၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၃-၂၀၁၉ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ကမ်းနား အနောက်ရပ်ကွက်၊ ဓနသိဒ္ဓိလမ်း၊ အောင်မင်္ဂလာဆန်စက် တစ်ဝိုက်တွင် အသွင်ယူသတင်းစုံစမ်းပြီး ဥက္ကာဆိုင်ကယ်ပြင်ဆိုင်အား ဝင်ရောက်ရှာဖွေရာ ဆိုင်ရှင်ဥက္ကာမှာ ကြိုတင်တိမ်းရှောင်သွား၍ ဆိုင်အတွင်း၌ ဓနသိဒ္ဓိလမ်းနေ မင်းသီဟ ဖြိုးကြိုင်(ခ)သီဟ(၁၉)နှစ်၊ (ဘ)ဦးလှကြိုင်၊ ဟိန်းထက်စိုး (ခ)ချိုကစ်(၁၄)နှစ်၊ (ဘ)ဦးကျော်ဝင်းစိန်နှင့် ရွာမအရှေ့ရပ်ကွက်နေ အောင်ဇေယျာမြင့်(၃၀)နှစ်၊ (ဘ)ဦးမြင့်သိန်း တို့(၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းစိန်) မယ(ပ)၅၉/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ဓနသိဒ္ဓိလမ်း၊ အိမ်အမှတ်(၂)နေ မိုးဝင်းကျော်(၂၅)နှစ်၊ (ဘ)ဦးတင်အေးအား စိစစ်ရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းစိန်) မယ(ပ)၆၀/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်၊ ဓနသိဒ္ဓိလမ်းနေ မာလာ(ခ)မာလာစိုး သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၃-၂၀၁၉ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်၊ ဓနသိဒ္ဓိလမ်း၊ အမှတ်(၂/၀၈၇/၁)နေ မာလာ(ခ)မာလာစိုး(၄၅)နှစ်၊ (ဘ)ဦးခင်စိုး၏ နေအိမ်အား ရှာဖွေစိစစ်ရာ ၎င်းမှာ ကြိုတင်တိမ်းရှောင်နေပြီး နေအိမ်အတွင်းမှ WY စာတန်းပါ စိတ်ကြွဆေးပြားများအား သိမ်းဆည်းရမိသဖြင့် မမစ(အင်းစိန်)မယ(ပ)၆၁/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ၁၉(က)/ ၂၀(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်၊ ဓနသိဒ္ဓိလမ်းနေ ငြိမ်းငြိမ်း(ခ)ဟန်ငြိမ်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၃-၂၀၁၉ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ကမ်းနား အနောက်ရပ်ကွက်၊ ဓနသိဒ္ဓိလမ်း၊ အမှတ်(၂/၀၄၃)နေ ငြိမ်းငြိမ်း(ခ) ဟန်ငြိမ်း (၄၈)နှစ်၊ (ဘ)ဦးပါ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာ ကြိုတင်တိမ်းရှောင်သွားပြီး နေအိမ်အတွင်း မှ WY စာတန်းပါ စိတ်ကြွဆေးပြားများအား သိမ်းဆည်းရမိသဖြင့် မမစ(အင်းစိန်)မယ (ပ)၆၂/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၀(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၂ | ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင်းနှင့် မြို့ပေါ် ရပ်ကွက်များ၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၄)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၂၃)ဦး၊ မ(၁)ဦး၊ ပေါင်း(၂၄)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့် အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၅-၃-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိ အမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးနယ်မြေ ရဲစခန်းသို့ ညွှဲတွေ့လာသည့် ညောင်ဖြူစခန်းရပ်ကွက်၊ နယ်မြေ (၇)၊ အောင်မင်္ဂလာလမ်းနေ မအေးစန္ဒီမိုး(၂၇)နှစ်၊ (ဘ)ဦးစိုးလှအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါမူးယစ်ဆေးဝါးများမှာ ၎င်းနှင့်အတူနေ ယောက္ခမဖြစ်သူ ဒေါ်မာခွန် (၆၅)နှစ်၊ (ဘ)ဦးဒါရှိဂမ်း ထံမှ ရရှိကြောင်း သိရှိရသဖြင့် ၎င်းတို့(၂)ဦးအား နမစ(တောင်ကြီး) မယ (ပ)၂၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့်၍ ကွင်းဆက်အရ ဒေါ်မာခွန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တောင်ကြီး) မယ (ပ)၂၄/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် ထပ်မံ အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၉-၃-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၅၄၉)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၇၂၄)ဦး၊ မ (၁၃၉)ဦး၊ ပေါင်း(၈၆၃)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၅၈၃၁.၃၃)ဂရမ်၊ ICE(၇၂.၁၄) ဂရမ်၊ ဘိန်း(၃၈၆၅၆.၉၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၈၈၀၀.၂၈)ဂရမ်၊ ဘိန်းစာရွက် (၇၃၆၃.၉၉)ဂရမ်၊ ဘိန်းစာရည်(၁.၅)လီတာ၊ စိတ်ကြွဆေးပြား(၂၂၂၉၇၁)ပြား၊ ဆေးခြောက် (၆၀၈၈.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၃.၄၅) ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၆)လက်၊ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံး တို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီး အရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ ဆိုင်ကယ်များကို

*စာမျက်နှာ ၉ သို့*

# NRPC ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းဦးဆောင်သည့်အဖွဲ့နှင့် RCSS ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် စဝ်ဘောင်ခေး ဦးဆောင်သည့်အဖွဲ့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် မတ် ၁၁**

အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သည့်အဖွဲ့နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် စဝ်ဘောင်ခေး ဦးဆောင်သည့်အဖွဲ့ ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန (NRPC)၌ ကျင်းပသည်။ **(ယာပုံ)**

**တရားဝင်အစည်းအဝေးများ ပြန်စနိုင်ရန် ကြိုးပမ်း**

ဆွေးနွေးပွဲတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက မိမိတို့အနေဖြင့် ၂၁-ရာစု ပင်လုံ စတုတ္ထအစည်းအဝေး မကျင်းပနိုင်မီကာလတွင် ဖြစ်နေသည့် ပြဿနာများကို Damage Control ပြုလုပ်နိုင်ရန်အတွက် နှစ်ဖက်အလွတ်သဘောတွေ့ဆုံဆွေးနွေးပြီး မကျေလည်သည်များကို အကျေအလည်ညှိနှိုင်းဆွေးနွေးပြီးနောက် တရားဝင်အစည်းအဝေးများ ပြန်စနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့လက်မှတ်ထိုးထားသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘာတူစာချုပ် (NCA) လမ်းကြောင်းအတိုင်း အစိုးရနှင့် NCA– S EAO များ နှစ်ဖက်ဆွေးနွေး ညှိနှိုင်းဆောင်ရွက်ခဲ့သည့်နေရာတွင် အလွတ်သဘောတွေ့ဆုံမှုမျိုး မိမိတို့အနေဖြင့် ကြိမ်ဖန်များစွာ ပြုလုပ်ခဲ့ပါကြောင်း။

**ကောင်းမွန်သည့်ရလဒ်များကို ရရှိနိုင်မည်ဟု မျှော်လင့်**

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ပြုလုပ်ခဲ့သည့် NRPC နှင့် NCA– S EAO ခေါင်းဆောင်များ အလွတ်သဘောဆွေးနွေးမှုတွင် RCSS က ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြပါကြောင်း၊ ယင်းမှာ ငြိမ်းချမ်းရေး ရှေ့ဆက်နိုင်ရန်အတွက် အစိုးရကိုယ်စားလှယ်နှင့် RCSS အဖွဲ့များ ထိုင်းနိုင်ငံ ချင်းမိုင်တွင်လည်း အလွတ်သဘော တွေ့ဆုံဆွေးနွေးဖြစ်ပြီး နှစ်ဖက်သဘောထားများကို အပြန်အလှန် ကြည့်မြင်ဆွေးနွေးခွင့် ရရှိပါကြောင်း၊ အကျိုးဆက်အနေဖြင့် NRPC- RCSS ဆွေးနွေးပွဲကို ကျင်းပနိုင်ခြင်းပင် ဖြစ်ပါကြောင်း၊ ယခုဆွေးနွေးပွဲများတွင် ကောင်းမွန်သည့် ရလဒ်များကို ရရှိနိုင်မည်ဟု မျှော်လင့်ပါကြောင်း။

**အားလုံးဝိုင်းဝန်းကြိုးပမ်းနေ**

ဒီမိုကရေဒီဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးဆိုသည်မှာ NCA စာချုပ်အပိုဒ်-၁ တွင် ပြဋ္ဌာန်းထားပြီး ဖြစ်ပါကြောင်း၊ လွတ်လပ်မှု၊ တန်းတူညီမျှမှု တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက် အပြည့်အဝရှိသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲများ၏ ရလဒ်များ နှင့်အညီ တည်ဆောက်သွားရန် ယင်းကို ကတိပြုထားခြင်းဖြစ်ပါကြောင်း၊ အကောင်အထည်ဖော်မှုများတွင် နားလည်မှု မတူညီမှုများ အမြင်ကွဲပြားမှုများရှိနိုင်ပါကြောင်း၊ လုပ်ငန်းစဉ်အောင်မြင်ရေးအတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်းနေကြခြင်း ဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် ရင်းရင်းနှီးနှီးပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန်နှင့် အစိုးရဘက်က ဖြည့်စွက်ဆောင်ရွက်ပေးရမည့်ကိစ္စများကို တင်ပြပြောကြားပေးရန် ပြောကြားသည်။

ထို့နောက် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် စဝ်ဘောင်ခေး က မိမိတို့အဖွဲ့အနေဖြင့် NCA လမ်းကြောင်းအတိုင်း ရှေ့ဆက်ရန် ဆုံးဖြတ်ထားပြီးဖြစ်ပါကြောင်း၊ သို့သော် ရှေ့ဆက်ရန်အတွက် တစ်ဆို့နေမှုများ၊ နားလည်မှုလွဲမှားမှုများကို ဆွေးနွေးရန် ယနေ့အစည်းအဝေးသို့ လာရောက်ခြင်း ဖြစ်ပါကြောင်း၊ တစ်ဆို့နေမှုများတွင် အဓိကမှာ ဖမ်းဆီး အကျဉ်းကျခံနေရမှုများဖြစ်ပြီး ယင်းကို အမျိုးသားပြန်လည်သင့်မြတ်ရေး

*စာမျက်နှာ ၁၀ သို့*

---

*စာမျက်နှာ ၈ မှ*

ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ကျောက်ကြီးတောင်တဲစုအနီး သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ တောမော်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၄၇၂)ပြား၊ ဘိန်းဖြူ (၁.၅)ဂရမ်၊ ရွှေကူမြို့၊ အမှတ်(၃)ရပ်ကွက်၊ စံပြလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်(၂)စီးအားရပ်တန့်စစ်စစ်ရာ တရားခံ အမျိုးသား (၂)ဦး၊ အမျိုးသမီး(၂)ဦး၊ ပေါင်း(၄)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၄၈၀၀)ပြား၊ ဆိုင်ကယ်(၂)စီး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ဆောင်ကန်းကျေးရွာအနီး သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၂၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်စစ်ရာ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၆၂)ပြား၊ ဆိုင်ကယ်(၁)စီး၊ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ အောင်သာယာရပ်ကွက်၊ အောင်ဆန်းလမ်း၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား (၂)ဦးထံမှ ဘိန်းစာရွက် (၁၄၆၉.၇)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့၊ ရွာသစ်ကေရပ်ကွက်၌ သတင်းအရ စိစစ်စဉ် တရားခံအမျိုးသား(၆)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၀)ပြား၊ ဘူးသီးတောင်မြို့၊ မြို့မတောင်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၈၀)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ သပြေတောကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၂၀) ပြား၊ နယ်မြေလုံခြုံရေး လှည့်ကင်းဆောင်ရွက်စဉ် မြောင်းနားကျေးရွာလယ်ကွင်း၌ ပီနံအိတ်တစ်လုံးအား ပိုင်ရှင်မဲ့ တွေ့ရှိပြီး အိတ်အတွင်းမှ စိတ်ကြွဆေးပြား(၅၇၀၀၀)ပြား၊ တောင်ကုတ်မြို့နယ်၊ တောင်ပုံကြီး ပူးပေါင်းစစ်ဆေးရေးဂိတ်၌ သတင်းအရ Odyssey ယာဉ်အား ရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၆)ပြား၊ မော်တော်ယာဉ် (၁)စီး၊ ရှမ်းပြည်နယ်၊ အောင်ပန်းမြို့၊ မြို့ဟောင်းရပ်ကွက်၌ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၄၃၀)ပြား၊ ရပ်စောက်မြို့နယ်၊ ဖက်ရင်းကုန်းကျေးရွာ၌ တရားခံအမျိုးသား(၅)ဦးထံမှ စိတ်ကြွဆေးပြား (၁၇၁၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ပင်လောင်းမြို့နယ်၊ သံတဲကျေးရွာ၊ ပင်လောင်း-အောင်ပန်းသွားကားလမ်း၊ မိုင်တိုင်(၂၄/၀)အနီး၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၂၀၀)ပြား၊ လွိုင်လင်မြို့အဝင် လွိုင်လင်- တောင်ကြီးသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၉၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွတ်ခိုင်မြို့နယ်၊ နမ့်ဖတ်ကာကျေးရွာ၌ တရားခံ အမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၄၀)ပြား၊ နောင်ချိုမြို့အဝင် မိုင်တိုင်(၈၀/၄)၌ Vigo ယာဉ်အား သတင်းအရ ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၉၀၀)ပြား၊ မော်တော်ယာဉ် (၁)စီး၊ မဘိမ်းမြို့နယ်၊ စီပိန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၀၂၇၀)ပြား၊ ကျိုင်းတုံမြို့နယ်၊ ပန်မက်မွန်ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်း(၁၀၀၀)ဂရမ်၊ မိုင်းဆတ်မြို့နယ်၊ လွယ်ပါရင်(၂)ကျေးရွာအနီး မိုင်းဆတ်-တာချီလိတ်သွား ကားလမ်းမပေါ်၌ စိစစ်နေစဉ် Revo ယာဉ်မှာ စိစစ်ရေးအဖွဲ့အနီး မရောက်မီ ရပ်တန့်ပြီး အမျိုးသား(၁)ဦးမှာ ယာဉ်ပေါ်မှဆင်း ထွက်ပြေးသွားပြီး ယာဉ်အားရှာဖွေရာ ယာဉ်နောက်ခန်းရှိ ဆာလာအိတ်များအတွင်းမှ စိတ်ကြွဆေးပြား (၂၀၀၀၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ တာချီလိတ်မြို့၊ ပုန်းထွန်ရပ်ကွက်၌ တရားခံ အမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၀၀၀)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ တရားခံ အမျိုးသား(၁)ဦး၊ ဆိုင်ကယ်(၁)စီး၊ ထပ်မံကွင်းဆက်ဖော်ထုတ်ချက်အရ ဟိုခိုကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၇၀)ပြား၊ မိုင်းဟိုကျေးရွာအနီး ပန်ဟတ်-မိုင်းဟိုသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀၀)ပြား၊ ဆိုင်ကယ် (၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ ညောင်ဝန်းကျေးရွာ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၇၈၄)ပြား၊ ဘိန်းဖြူ(၁၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ရွှေဘေးရပ်ကွက်၌ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၆)ပြား၊ ဘိန်းစာမှုန့် (၁၈၁၀၀)ဂရမ်၊ အင်းလေးမြိုင်ရပ်ကွက်၌ တရားခံ အမျိုးသမီး(၁)ဦးထံမှ ဘိန်းစာမှုန့်(၃၉၆၀)ဂရမ်၊ ကော့သောင်းမြို့နယ်၊ ကံပုံမာတမ်းကျေးရွာ ဘောလုံးကွင်းအနီး၌ ဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့ဘိန်းစာမှုန့်(၁၆၉၂၀)ဂရမ်၊ ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့၊ အမှတ်(၅)ရပ်ကွက်၌ သတင်းအရ နေအိမ်အားစိစစ်ရာ တရားခံအမျိုးသားမှာ ကြိုတင်တိမ်းရှောင်နေပြီး နေအိမ်အတွင်းမှ စိတ်ကြွဆေးပြား(၁၆၆၈)ပြား၊ မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ပဒါန်း(ပျဉ်း၀) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ရန်ကုန်မှ စစ်တွေသို့လာသည့် ခရီးသည်တင်ယာဉ်အား သတင်းအရ ရပ်တန့်စိစစ်ရာ ခရီးသည်တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၉၅၀၀)ပြား၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ (၁၂)လမ်း၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၉၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက် စိစစ်ဖော်ထုတ်ချက်အရ အမရဌာနေအနောက်ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦး၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်ထပ်မံ ဖော်ထုတ်ချက်အရ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလ ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၁၀)ပြား၊ ဘိန်းဖြူ(၂.၉)ဂရမ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီးကုန်းရပ်ကွက်၊ စက်မှုလယ်ယာလမ်းထောင့်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ (ဆ)ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၄)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား (၄၂)ပြား၊ ကွင်းဆက်ထပ်မံ ဖော်ထုတ်ချက်အရ ကျောက်ဆည်မြို့၊ မြို့ပြကွက်သစ်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦး တို့ထံမှ စိတ်ကြွဆေးပြား(၁၀၈၅၀)ပြား၊ ပုသိမ်ကြီးမြို့နယ်၊ (၁၆)မိုင်စစ်ဆေးရေးဂိတ်၌ မူဆယ်မှ မန္တလေးသို့လာသည့် ခရီးသည်တင်ယာဉ်အား သတင်းအရ ရပ်တန့်စိစစ်ရာ ယာဉ်ပေါ်ပါတရားခံအမျိုးသား(၁)ဦးမှ စိတ်ကြွဆေးပြား(၂၁၀၀)ပြား၊ မြို့တောကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၁၁၃၇၁)ပြား၊ ICE (၀.၇)ဂရမ်၊ သပိတ်ကျင်းမြို့နယ်၊ တောင်လယ်ကျေးရွာ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀)ပြား၊ Tramadol Capsule(၂၇)တောင့်၊ ဆိုင်ကယ်(၁)စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ စက်မှုလက်မှုရပ်ကွက်၊ ရောဝဏ်လမ်း၌ သတင်းအရ ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၅)ပြား၊ ဘိန်းဖြူ (၆)ဂရမ်၊ ICE(၁.၄၅)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ကွင်းဆက်စိစစ်ချက်အရ တရားခံ၏နေအိမ် ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၄)ရပ်ကွက်၊ ယုဇနအိမ်ရာမှ စိတ်ကြွဆေးပြား (၂၂၃၃)ပြား၊ ဘိန်းဖြူ(၉၉)ဂရမ်၊ ICE(၉)ဂရမ်၊ ဒဂုံတောင်မြို့နယ်၊ (၂၆)ရပ်ကွက်၌ Succeed ယာဉ်အား သတင်းအရ ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက်(၃၉)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့၊ အမှတ်(၃)ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၇၉)ပြားအား လည်းကောင်း၊ လက်နက်နှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိပြီး မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃)ပြား၊ လေသေနတ် (၁)လက်၊ ဘောစေ့(၂၅)လုံးအား လည်းကောင်း၊ နိုင်ငံခြားသား ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်အနီး ဗိုလ်နိုင်ဝင်းလမ်းပေါ်၌ တရားမဝင် ဝင်ရောက်လာသည့် အိန္ဒိယနိုင်ငံသား တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅)ပြား၊ ဘိန်းဖြူ(၅)ဂရမ် သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ် (၃-၃-၂၀၁၉ ရက်နေ့မှ ၉-၃-၂၀၁၉ ရက်နေ့အထိ) အတွင်း မူးယစ်အမှုပေါင်း (၂၃၅)မှုတွင် တရားခံကျား(၃၀၅)ဦး၊ မ(၄၆)ဦး၊ ပေါင်း(၃၅၁)ဦးကို ဘိန်းဖြူ(၃၇၅.၃၈၄)ဂရမ်၊ ICE(၁၄.၆၅)ဂရမ်၊ ဘိန်း (၂၄၈၃.၁၆)ဂရမ်၊ စိတ်ကြွဆေးပြား (၂၂၃၂၈၂၅)ပြား၊ ဆေးခြောက်(၆၉.၅)ဂရမ်၊ ဘိန်းစာမှုန့်(၃၉၆၈၀)ဂရမ်၊ ဘိန်းစာရွက် (၁၅၅၉.၇)ဂရမ်၊ Tramadol Capsule (၂၇)တောင့်၊ လေသေနတ်(၁)လက်၊ ဘောစေ့(၂၅)လုံးတို့ ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇-၃၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ် - ၀၆၇-၃၉၀၂၃၃
အီးမေးလ်လိပ်စာ - antinarcotics@presidentoffice.gov.mm

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မြောက်နဝင်းရေလှောင်တမံ ကြံ့ခိုင်မှုနှင့် စိုက်ပျိုးရေပေးဝေမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၁**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ မြောက်နဝင်းရေလှောင်တမံ၏ တမံကြံ့ခိုင်မှု၊ ဆည်ရေသိုလှောင်ထားရှိမှု၊ စိုက်ပျိုးရေပေးဝေမှု လုပ်ငန်းများနှင့် ဆည်ရေသောက်ဧရိယာအတွင်း စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော နွေသီးနှံစိုက်ခင်းများကို မတ် ၈ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေပြည်မြေ ကုမ္ပဏီလီမိတက်၏ တစ်ကွင်းတစ်ဆက်တည်း ဧက ၄၈၀၀ ပေါ်တွင် စတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းရောင်းချသည်အထိ စက်စွမ်းအား အပြည့်အဝ အသုံးပြုဆောင်ရွက်နေသည့် Mechanized Farming စနစ်ဖြင့် ကြံ၊ ပြောင်းနှင့် ပဲတီစိမ်း သီးနှံစိုက်ပျိုးထုတ်လုပ်နေမှုများကို ကြည့်ရှုအားပေးပြီး အဆင့်မြင့်နည်းပညာအသုံးပြု၍ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးလာရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်အားပေးသည့်အပြင် နည်းပညာနှင့် အကူအညီများကို ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကူညီဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်မြို့နယ် ဇီးအုပ်စိုက်ပျိုးပညာပေးရေး စခန်း၌ ဒေသခံတောင်သူများ၊ မျိုးစေ့ထုတ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက တောင်သူအသိပညာပေး နည်းပညာတိုးတက်ရေးကို အလေးထားဆောင်ရွက်နေမှု၊ စိုက်ပျိုးအသိပညာပေးစင်တာများ၌ စိုက်ပျိုးရေးပညာရှင်များက နည်းပညာဗဟုသုတများ ဟောပြောဆွေးနွေးနေမှု၊ စိုက်ပျိုးရေး စင်တာဖွင့်လှစ်ပြီး ဝန်ဆောင်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် မတ် ၉ ရက် နံနက်ပိုင်းတွင် ပေါင်းတည်မြို့နယ် ဝဲကြီးရေလှောင်တမံနှင့် နတ္တလင်းမြို့နယ် တောင်ညိုရေလှောင်တမံများ၏ တမံအတွင်း ရေသိုလှောင်ထားရှိမှု၊ နွေသီးနှံအတွက် စိုက်ပျိုးရေပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေသောက်မြောင်းစီမံခန့်ခွဲမှု တောင်သူ အစုအဖွဲ့ Water User များနှင့် ရင်းနှီးစွာတွေ့ဆုံ၍ ဆည်ရေသောက်စနစ်ဆိုင်ရာများ၊ ရာသီအလိုက် သီးနှံစိုက်ပျိုးထုတ်လုပ်မှုများကို မေးမြန်းဆွေးနွေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သာယာဝတီမြို့နယ် ချောင်းသုံးခွကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် ရွှေဝါရောင်ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်နေသော မျိုးစေ့ထုတ်စိုက်ကွင်းအား ကြည့်ရှုအားပေးသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု တာဝန်ထမ်းဆောင်စဉ်အတွင်း ကျဆုံးခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**စစ်တွေ မတ် ၁၁**

ယိုးတရုတ်ရဲကင်းစခန်း၌ တာဝန်ထမ်းဆောင်စဉ်အတွင်း AA သောင်းကျန်းသူအဖွဲ့က ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် ကျဆုံးခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်ကိုးဦး၏ မိသားစုများအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ယနေ့နံနက် ၈ နာရီခွဲတွင် ပုဏ္ဏားကျွန်းမြို့နယ် မြို့မရဲစခန်း၌ တွေ့ဆုံ၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက မိမိတို့အနေဖြင့် လတ်တလော ပံ့ပိုးကူညီရမည့်အပိုင်းများကို ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း၊ မိသားစုဝင်များ၏ ကျန်းမာရေး၊ ပညာရေးနှင့် စားဝတ်နေရေးကိစ္စများကိုလည်း ဆက်လက်၍ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကျဆုံးခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်ကိုးဦး၏ မိသားစုတစ်စုချင်းစီအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သည့် ငွေကျပ် သုံးသိန်း၊ ဆန် တစ်အိတ်နှင့် မိသားစုသုံးပစ္စည်းများကို မိသားစုဝင်များထံ ပေးအပ်သည်။

ယင်းနောက် ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကြည်လင်းက ကျဆုံးခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်ကိုးဦး၏ မိသားစုတစ်စုချင်းစီအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထောက်ပံ့သည့် ငွေကျပ် ၁၀ သိန်းစီကို မိသားစုဝင်များထံ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တာဝန်ထမ်းဆောင်စဉ်အတွင်း ကျဆုံးခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်ကိုးဦး၏ မိသားစုများအား အားပေးစကား ပြောကြားကြသည်။

**သတင်း၊ ဓာတ်ပုံ- မျိုးသူဟိန်း၊ နေဝင်းထွန်း**



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများက တာဝန်ထမ်းဆောင်စဉ်အတွင်း ကျဆုံးခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ မိသားစုဝင်တစ်ဦးအား ထောက်ပံ့ပစ္စည်းပေးအပ်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဂျာမနီနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဟောင်း ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်လက်မှတ်ရေးထိုးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဂျာမနီနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဟောင်း ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်လက်မှတ်ရေးထိုး

**ရန်ကုန် မတ် ၁၁**

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ဂျာမနီနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဟောင်း H.E. Dr. Klaus Kinkel ကွယ်လွန်သွားခြင်းအတွက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၉) ဗိုလ်ချုပ်ပြတိုက်လမ်းရှိ ဂျာမနီသံရုံးတွင် ဖွင့်လှစ်ထားရှိသည့်ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးသည်။

ဂျာမနီနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဟောင်း H.E. Dr. Klaus Kinkel သည် ၁၉၉၂ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ဂျာမနီနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်ထူး တရုတ်ဘာသာစကား သင်တန်းဆင်းပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် မတ် ၁၁**

တရုတ်ဘာသာစကား HSK (Level 1 & 2) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးအောင်ထူးက ဝန်ကြီးဌာန၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏အကူအညီဖြင့် သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နှစ်နိုင်ငံ စီးပွားရေးအရ အပြန်အလှန်ဆက်ဆံရေး တိုးမြင့်လာချိန်တွင် တရုတ်ဘာသာစကားပြောသင်တန်းကို ဖွင့်လှစ်ပေးခဲ့သဖြင့် ဝန်ကြီးဌာနရှိ နယ်စပ်ဒေသ ကုန်သွယ်ရေးစခန်းများတွင် သွားရောက်တာဝန်ထမ်းဆောင်နေရသော ဝန်ထမ်းများအနေဖြင့် နှစ်နိုင်ငံပြည်သူများနှင့် ဝန်ထမ်းအချင်းချင်း ထိတွေ့ဆက်ဆံရာတွင် လုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးယဉ်ကျေးမှုတာဝန်ခံ ဦးယဉ်လှိုင်က အမှာစကားပြောကြားပြီး သံရုံးအမြဲတမ်းအတွင်းဝန် ဦးကျော်လင်းက သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးက တရုတ်ဘာသာ သင်တန်းကျောင်း ကျောင်းအုပ်ဆရာမနှင့် သင်တန်းနည်းပြဆရာမတို့အား အမှတ်တရလက်ဆောင်ပေးအပ်ပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၅၅ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ခြောက်လ ကြာမြင့်သည်။

**သတင်းစဉ်**

*စာမျက်နှာ ၉ မှ*

နှင့် ငြိမ်းချမ်းရေးဗဟိုဌာနအနေဖြင့် အလေးအနက်ထား စဉ်းစားပေးစေလိုကြောင်း၊ အရပ်သားအချင်းချင်း၊ ရဲဘော်အချင်းချင်းအကြား နားလည်မှုလွဲမှားနေမှုများကိုလည်း တင်ပြလိုပါကြောင်း၊ ရှမ်းအမျိုးသား နိုင်ငံရေးအဆင့်ဆွေးနွေးပွဲကိစ္စသည်လည်း NCA လမ်းကြောင်းသွားရာတွင် ခုခံနေသည့်အချက်ဖြစ်ပါကြောင်း၊ ပြည်သူ၏ သဘောထားကိုမသိရဘဲ ညီလာခံတက်ရောက်ရန်မှာ အခက်အခဲရှိသည်ကို တင်ပြလိုပါကြောင်း၊ ကြားကာလတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ မူးယစ်ဆေးဝါးကိစ္စတွင် အမြင်လွဲမှားမှုများရှိပြီး အရပ်သားများ၊ ရဲဘော်များ အကျဉ်းကျခံရမှုများရှိပါကြောင်း၊ အဆိုပါကိစ္စများ ပြေလည်သွားပါက မိမိတို့အဖွဲ့အနေဖြင့် NCA လမ်းကြောင်းအတိုင်း ရှေ့ဆက်ရန် အခက်အခဲမရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးပြီးနောက် ငြိမ်းချမ်းရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာကြသူများက ဖမ်းဆီး/အကျဉ်းကျနေသည့် RCSS တပ်ဖွဲ့ဝင် ၃၁ ဦး ပြန်လည်လွတ်မြောက်ရေး၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပရေး၊ ဒေသဖွံ့ဖြိုးရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ နေရပ်စွန့်ခွာရသူ (IDP) ကိစ္စရပ်များ၊ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆက်လက်၍ နှစ်ဖက်သဘောထားစုစည်းချက်များ ရယူခြင်းကို ဆောင်ရွက်ကြသည်။

**အခက်အခဲများအကြားမှ ကြိုးစားခဲ့ရခြင်းဖြစ်**

ထို့နောက် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် စဝ်ဘောင်ခေးက ယခုဆွေးနွေးပွဲကို အခက်အခဲများအကြားမှ ကြိုးစားခဲ့ရခြင်းဖြစ်ပါကြောင်း၊ ယခုလိုဆွေးနွေးနိုင်သည့်အတွက် နိုင်ငံရေး ရင့်ကျက်မှုရသည်ဟု ပြောနိုင်ပါကြောင်း၊ နှစ်ဖက်လုံးက ငြိမ်းချမ်းရေးကို လိုလားပါကြောင်း၊ နောင်တွင် အလွတ်သဘောဆွေးနွေးမှုများ ဆောင်ရွက်နိုင်ပါက ကောင်းမွန်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) အဖွဲ့ဝင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ယနေ့ ဆွေးနွေးပွဲတွင် အကြောင်းအရာ ငါးခုကို ဆွေးနွေးနိုင်ခဲ့ပြီး သဘောထားစုစည်းချက် ခြောက်ချက် ရရှိခဲ့ပါကြောင်း၊ ဖမ်းဆီး/အကျဉ်းကျ တပ်ဖွဲ့ဝင်များကိစ္စ၊ အမျိုးသားနိုင်ငံရေးအဆင့် ဆွေးနွေးနိုင်ရေး၊ ဒေသဖွံ့ဖြိုးရေးတွင် အစိုးရနှင့် လက်တွဲလုပ်ဆောင်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ နေရပ်စွန့်ခွာသူများ၏ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးနှင့် နေရပ်ပြန်လည်နေထိုင်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည့်အတွက် အကျိုးရှိပါကြောင်း ပြောကြားသည်။

**သတင်းမီဒီယာများအား ရှင်းလင်းပြောကြား**

ဆွေးနွေးပွဲအပြီးတွင် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး (၂) စိုင်းငင်းတို့က ယနေ့ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ သတင်းမီဒီယာများအား ရှင်းလင်းပြောကြားကြသည်။

ဆွေးနွေးပွဲသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်သူ၊ ဦးခင်မောင်တင်၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေ၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် စဝ်ဘောင်ခေး၊ အတွင်းရေးမှူး(၂) စိုင်းငင်း၊ ဦးဆောင်းဟန်၊ စိုင်းဟန်၊ စိုင်းဦး၊ ဦးဒေဝိန်၊ စိုင်းခမ်းစံ၊ ဦးစိဏ်းသျှဲန်မိုင်တို့ တက်ရောက်ကြသည်။

**မျိုးမြင့်(သတင်းစဉ်)**

# တီထွင်မှု မူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်း

**တီထွင်မှုမူပိုင်ခွင့်ဥပဒေ**
**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇ ။)**
**၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၆ ရက်**
**(၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို တီထွင်မှုမူပိုင်ခွင့်ဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -
(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။
(ခ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီကို ဆိုသည်။
(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ဆိုသည်။
(ဃ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြန်ကြားရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သို့မဟုတ် ပညာရေးဝန်ကြီးဌာနကို ဆိုသည်။
(င) **အေဂျင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီကို ဆိုသည်။
(စ) **ဦးစီးဌာန** ဆိုသည်မှာ ဝန်ကြီးဌာနက မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန် တာဝန်ပေးအပ်သော ဦးစီးဌာနကို ဆိုသည်။
(ဆ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သည့် ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။
(ဇ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ စစ်ဆေးမှုများ ဆောင်ရွက်သည့် ဦးစီးဌာနရှိ လက်ထောက်ညွှန်ကြားရေးမှူးနှင့်အထက်အဆင့်ရှိသော အရာရှိကို ဆိုသည်။
(ဈ) **မူပိုင်ခွင့်** (Intellectual Property Rights) ဆိုသည်မှာ ကိုယ်ပိုင်အသိဉာဏ်ဖြင့် ပြုလုပ်သော တီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးရန် ဥပဒေအရပေးအပ်သည့် အခွင့်အရေးကို ဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့် အနုပညာမူပိုင်ခွင့်၊ တီထွင်မှု မူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်နှင့် အခြားသောမူပိုင်ခွင့်အမျိုးအစားများလည်း ပါဝင်သည်။
(ည) **တီထွင်မှု** ဆိုသည်မှာ နည်းပညာနယ်ပယ်ရှိ သီးခြား အခက်အခဲပြဿနာတစ်ရပ်ကို ဖြေရှင်းပေးနိုင်သည့် ထုတ်ကုန် သို့မဟုတ် ထုတ်လုပ်မှုနည်းစဉ်ဆိုင်ရာ ဖန်တီးမှုကို ဆိုသည်။ ယင်းစကားရပ်တွင် အသေးစားတီထွင်မှုလည်း ပါဝင်သည်။
(ဋ) **တီထွင်မှုမူပိုင်ခွင့်** ဆိုသည်မှာ တီထွင်မှုတစ်ခုကို အကာအကွယ်ပေးရန် ဤဥပဒေအရ ခွင့်ပြုသည့် မူပိုင်ခွင့်ကို ဆိုသည်။
(ဌ) **အသေးစားတီထွင်မှု** ဆိုသည်မှာ ထုတ်ကုန်တစ်ခု၏ ပုံပန်းသဏ္ဌာန် သို့မဟုတ် အစိတ်အပိုင်းများ၏ ဖွဲ့စည်းတည်ဆောက်ပုံ အသစ်ကိုဖြစ်စေ၊ အသုံးဝင်မှု သို့မဟုတ် လုပ်ဆောင်မှုပိုင်းကို မြှင့်တင်ပေးနိုင်သည့် ထုတ်ကုန်၏ အစိတ်အပိုင်းတစ်ခုကိုဖြစ်စေ ဖန်တီးထားသော နည်းပညာဆိုင်ရာ ဖန်တီးမှုတစ်ရပ်ကို ဆိုသည်။
(ဍ) **တီထွင်မှုမူပိုင်ခွင့်ရရှိသူ** ဆိုသည်မှာ ဦးစီးဌာန၏ မှတ်ပုံတင်စာရင်းတွင် တီထွင်မှု မူပိုင်ခွင့်ရရှိသူအဖြစ် အသိအမှတ်ပြုမှတ်တမ်းတင်ခြင်းခံရသည့် ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။
(ဎ) **တီထွင်သူ** ဆိုသည်မှာ တီထွင်မှုတစ်ခုခုကို ပြုလုပ်သည့် ပုဂ္ဂိုလ်ကို ဆိုသည်။
(ဏ) **အခွင့်အရေးရရှိသူ** ဆိုသည်မှာ တီထွင်မှုမူပိုင်ခွင့်ရရှိသူနှင့် ယင်း၏ အခွင့်အရေးများကို တရားဝင်ခံစားခွင့်ရှိသောပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။
(တ) **သာမန်တတ်ကျွမ်းသူ** ဆိုသည်မှာ သက်ဆိုင်သည့် တီထွင်မှုဆိုင်ရာ နည်းပညာနယ်ပယ် သို့မဟုတ် ယင်းနှင့်ဆက်စပ်မှုရှိသော နည်းပညာနယ်ပယ်တွင် ကျွမ်းကျင်သူ မဟုတ်သည့် ယေဘုယျသိရှိနားလည်သူကို ဆိုသည်။
(ထ) **အလုပ်ရှင်** ဆိုသည်မှာ အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ နှစ်ဖက်သဘော တူညီသော အခကြေးငွေဖြင့် အလုပ်သမားတစ်ဦးကို ဖြစ်စေ၊ အများကိုဖြစ်စေ ငှားရမ်းလုပ်ကိုင်၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း စီမံကွပ်ကဲ အုပ်ချုပ်ပြီး အလုပ်သမားအတွက် လုပ်ခပေးရန်၊ အလုပ်ခန့်ထားရန်နှင့် အလုပ်မှ ရပ်စဲရန် တာဝန်ရှိသူတစ်ဦးဦး၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အလုပ်ရှင်၏ တရားဝင်စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊ ပုဂ္ဂလိကပိုင်လုပ်ငန်းတွင် အလုပ်ရှင် ကွယ်လွန်ပါက ယင်း၏ တရားဝင် အမွေဆက်ခံသူနှင့် အစုရှယ်ယာ တရားဝင်လက်ခံ ရရှိသူတို့လည်း ပါဝင်သည်။
(ဒ) **အလုပ်သမား** ဆိုသည်မှာ မိမိ၏ကာယအား၊ ဉာဏအားကို အသုံးပြု၍ လုပ်ကိုင်ရရှိသောလုပ်ခဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုနေရသူကို ဆိုသည်။ ဤဥပဒေ အလို့ငှာ ယင်းစကားရပ်တွင် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်၏ ဝန်ထမ်းများလည်း ပါဝင်သည်။
(ဓ) **အဖွဲ့ဝင်နိုင်ငံ** ဆိုသည်မှာ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော မူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များ သို့မဟုတ် သဘောတူညီချက်များ သို့မဟုတ် ယင်းတို့နှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုကို ဆိုသည်။
(န) **မူပိုင်ခွင့်တရားရုံး** ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် ဥပဒေအရတည်ထောင်သော တရားရုံးကိုသော် လည်းကောင်း၊ ယင်းရုံး၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းထားသည့် တရားရုံးကိုသော်လည်းကောင်း ဆိုသည်။
(ပ) **ဦးစားပေးအခွင့်အရေး** ဆိုသည်မှာ ပုဒ်မ ၄၃ ပါ ဦးစားပေးအခွင့်အရေးကို ဆိုသည်။
(ဖ) **ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး** ဆိုသည်မှာ ပုဒ်မ ၄၄ ပါ ကုန်စည်ပြပွဲ ဆိုင်ရာ ဦးစားပေးအခွင့်အရေးကို ဆိုသည်။

**အခန်း (၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -
(က) တီထွင်မှုမူပိုင်ခွင့်ရရှိသူနှင့် တီထွင်သူတို့၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ဤဥပဒေနှင့်အညီ အကာအကွယ်ပေးရန်၊
(ခ) နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုများနှင့် နည်းပညာ ဖြန့်ဖြူးလွှဲပြောင်းရေးတို့ကို မြှင့်တင်နိုင်ခြင်းအားဖြင့် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုကို ဖွံ့ဖြိုးတိုးတက်စေရန်၊
(ဂ) တီထွင်သူများနှင့် တီထွင်မှုကို အသုံးပြုသူများအကြား နည်းပညာဗဟုသုတနှင့် လူမှုစီးပွားဘဝ သာယာဝပြောရေးများကို အပြန်အလှန်အကျိုးပြုစေရန်၊
(ဃ) တီထွင်သူများနှင့် တီထွင်မှုကိုသုံးစွဲသူများ၏ အခွင့်အရေးနှင့် စောင့်ထိန်းရမည့် တာဝန်ဝတ္တရားများအကြား ဟန်ချက်ညီနိုင်ရေးတို့တွင် အထောက်အကူဖြစ်စေရန်၊
(င) တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် အခွင့်အရေးရရှိသူမှ တီထွင်မှုမူပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းနှင့် ကုန်သွယ်မှုတွင် သင့်တင့်မျှတမှုမရှိဘဲ ထိန်းချုပ်ထားခြင်းတို့ကို ဟန့်တားနိုင်ရန်၊
(စ) တီထွင်ဖန်တီးသော လူမှုပတ်ဝန်းကျင်ဖြစ်ပေါ်ရေးအတွက် အားပေးရန်။

**အခန်း(၃)**
**ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -
(က) မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတ | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ | အဖွဲ့ဝင် |
| (၄) | အခြားသင့်လျော်သည့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်များ | အဖွဲ့ဝင် |
| (၅) | လေးဦးထက်မပိုသော မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များ | အဖွဲ့ဝင် |
| (၆) | အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ် နှစ်ဦး | အဖွဲ့ဝင် |
| (၇) | နိုင်ငံတော်သမ္မတမှ တာဝန်ပေးအပ်သူ | အတွင်းရေးမှူး |
| (၈) | ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် | တွဲဖက်အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က)အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -
(က) နိုင်ငံတော်တွင် မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် မူပိုင်ခွင့် ဆိုင်ရာမူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များ ချမှတ်ခြင်း၊
(ခ) အေဂျင်စီကတင်ပြလာသည့် မလွှဲမသွေပေးရမည့် လိုင်စင်ထုတ်ပေးနိုင်ရေးအတွက် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊
(ဂ) မူပိုင်ခွင့်ဆိုင်ရာမူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြီးကြပ်လမ်းညွှန်မှုပေးခြင်း၊
(ဃ) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်ရေးနှင့် အသေးစား အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မူပိုင်ခွင့်စနစ်ဖြင့် အားပေးမြှင့်တင်နိုင်ရန် လမ်းညွှန်မှုပေးခြင်း၊
(င) မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် လူသားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးကို အားပေးမြှင့်တင်ခြင်း၊
(စ) မူပိုင်ခွင့်စနစ် ဖွံ့ဖြိုးတိုးတက်ရန်နှင့် ကောင်းစွာကျင့်သုံး ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊
(ဆ) နည်းပညာနှင့် အခြားလိုအပ်သည့် အထောက်အပံ့များ ရရှိစေရေးအတွက် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်းကို အားပေးမြှင့်တင်ဆောင်ရွက်ပေးခြင်း၊
(ဇ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း(၄)**
**အေဂျင်စီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၆။ ဗဟိုကော်မတီသည် -
(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ဗဟိုကော်မတီ၏ အတွင်းရေးမှူး | ဥက္ကဋ္ဌ |
| (၂) | ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အေဂျင်စီနှင့် သက်ဆိုင်သည့် ညွှန်ကြားရေးမှူးချုပ်များ | အဖွဲ့ဝင် |
| (၃) | ရှစ်ဦးထက်မပိုသော မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များ | အဖွဲ့ဝင် |
| (၄) | ငါးဦးထက်မပိုသော အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (၅) | ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး |
| (၆) | ဦးစီးဌာန၏ ဌာနခွဲတာဝန်ခံများ | တွဲဖက်အတွင်းရေးမှူးများ |

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော အေဂျင်စီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ အေဂျင်စီဥက္ကဋ္ဌသည် ဒုတိယဝန်ကြီးအဆင့် ပုဂ္ဂိုလ်ဖြစ်သည်ဟု မှတ်ယူရမည်။

၈။ အေဂျင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -
(က) တီထွင်မှုမူပိုင်ခွင့်နှင့် စပ်လျဉ်းသည့် လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊
(ခ) တီထွင်မှုမူပိုင်ခွင့်စနစ် ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် ဗဟိုကော်မတီက ချမှတ်သော တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များနှင့် လူသားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးလုပ်ငန်းရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊
(ဂ) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များတွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးအတွက် ဗဟိုကော်မတီသို့ လေ့လာတင်ပြခြင်း၊
(ဃ) နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်ပါဝင်သော တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
(င) တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ပြည်တွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
(စ) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊
(ဆ) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊
(ဇ) တီထွင်မှုမူပိုင်ခွင့် သတင်းအချက်အလက်များအသုံးပြုမှု မြှင့်တင်ပေးခြင်းဖြင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခြင်း၊
(ဈ) မှတ်ပုံတင်အရာရှိမှ တင်ပြလာသည့် မလွှဲမသွေပေးရမည့် လိုင်စင်ဆိုင်ရာ ကိစ္စရပ်များကို ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊
(ည) မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံဝင်မှုအား အဆုံးအဖြတ်ပြုခြင်း၊
(ဋ) ဤဥပဒေနှင့်အညီ ကောက်ခံရမည့် အခကြေးငွေများကို ဗဟိုကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊
(ဌ) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်ခြင်း လုပ်ငန်းများကို ခွင့်ပြုရာတွင် အသုံးပြုမည့် တံဆိပ်တုံးကို အတည်ပြုသတ်မှတ်ခြင်း၊
(ဍ) ဗဟိုကော်မတီသို့ လုပ်ငန်းအစီရင်ခံစာများနှင့် အခြားလိုအပ်သည့် အစီရင်ခံစာများကို တင်ပြခြင်း၊
(ဎ) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာကို ဗဟိုကော်မတီသို့ တင်ပြခြင်း၊
(ဏ) ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

*ဆက်လက်ဖော်ပြပါမည်*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဘားအံမြို့ရှိ တက္ကသိုလ်များ၊ ပညာရေးကောလိပ်နှင့်အစိုးရနည်းပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ

**ရန်ကုန် မတ် ၁၁**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ကရင်ပြည်နယ် ဘားအံမြို့ ကွန်ပျူတာတက္ကသိုလ်(ဘားအံ)ရှိ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို မတ် ၉ ရက် နံနက်ပိုင်းက ကွန်ပျူတာတက္ကသိုလ်(ဘားအံ)ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမြဲတမ်းအတွင်းဝန်၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အေးမြင့်က ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မှုများ၊ တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်စေရန် အဆင့်မြင့်ပညာဦးစီးဌာနနှင့် ပါမောက္ခချုပ်များကော်မတီ၏ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများနှင့် တက္ကသိုလ်များ၏ ကမ္ဘာ့တက္ကသိုလ်အဆင့်သတ်မှတ်ချက်များ၊ တက္ကသိုလ်ပဋိညာဉ် ရေးဆွဲဆောင်ရွက်မှုများ၊ အရည်အသွေးအာမခံမှု၊ သုတေသန၊ နိုင်ငံတကာ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပါမောက္ခချုပ်များ ကော်မတီအနေဖြင့် တက္ကသိုလ်များ၏ သင်ကြားသင်ယူရေး စီမံခန့်ခွဲမှု အားကောင်းလာစေရေး ပေါင်းစပ်သည့် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ကွန်ပျူတာနှင့် နည်းပညာပညာရပ်များ ထူးချွန်သည့် ကျောင်းသား ကျောင်းသူများကို လိုအပ်လျက်ရှိပါကြောင်း၊ နည်းပညာကျွမ်းကျင်သည့် ကျောင်းသား ကျောင်းသူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်သည့်အတွက် ကြိုးစားကြစေလိုကြောင်း၊ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိရန် အင်္ဂလိပ်စာကောင်းမွန်ရန် အဓိကလိုအပ်ပါကြောင်း၊ ပညာသင်ယူရာတွင် အခက်အခဲကြုံတွေ့ရသည့် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးများကို ထောက်ပံ့ပေးလျက်ရှိပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံတကာ ပညာတော်သင်ဆုများနှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ ခွင့်ပြုအားပေးလျက်ရှိပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ပညာရေးကောလိပ်(ဘားအံ)မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။

ပညာရေးအရည်အသွေး ကောင်းမွန်ရန် ဆရာ ဆရာမများ၏ အရည်အသွေးကောင်းမွန်ရန်နှင့် သင်ရိုးညွှန်းတမ်း၊ သင်ကြားသင်ယူမှု နည်းလမ်းများနှင့် လိုအပ်ချက်များ ဖြည့်ဆည်းရန်လိုအပ်ပြီး အင်္ဂလိပ်စာအရည်အသွေးနှင့် အိုင်စီတီနည်းပညာအရည်အသွေးများ ကောင်းမွန်ရန်အတွက် မွမ်းမံသင်တန်းများပေးရန် လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် သုတေသနကိုယ်တိုင်ဆောင်ရွက်ခြင်း၊ စာတမ်းဖတ်ခြင်း၊ သုတေသနဂျာနယ်များတွင် ရေးသားနိုင်စွမ်းရှိခြင်းတို့ဆောင်ရွက်နိုင်မှသာ စာသင်ခန်းတွင် ကျောင်းသား ကျောင်းသူများအား လက်တွေ့နှင့်နီးစပ်သော သင်ရိုးညွှန်းတမ်းများကို ပြုစုသင်ကြားပေးနိုင်မည်ဖြစ်ပါကြောင်း။

ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသ၏ စီးပွားရေး၊ ခရီးသွားလာရေးနှင့် အကျိုးစီးပွားကို အကျိုးပြုပြီး ဒေသနှင့် လိုက်လျောညီထွေဖြစ်သည့် ဘွဲ့သင်တန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ အရည်အချင်းရှိသော ဘွဲ့ရလူငယ်မောင်မယ်များ မွေးထုတ်ပေးနိုင်ရန် အားလုံးက မိသားစုစိတ်ဓာတ်ဖြင့် ညီညီညွတ်ညွတ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက လက်ထောက်နည်းပြရာထူးတိုးမြှင့်ခွင့်ပေးရေး၊ သန့်ရှင်းရေးဝန်ထမ်းနှင့် လုံခြုံရေးဝန်ထမ်း ထပ်မံခန့်ထားရေး၊ အင်တာနက်လိုင်းများ တပ်ဆင်ပေးရေး၊ သင်ရိုးညွှန်းတမ်းစာအုပ်များ အချိန်မီရရှိရေး၊ ကျောင်းဆောင်များ၏ ပြင်ဆင်ထိန်းသိမ်းစရိတ်နှင့် Toilet များ ပြုပြင်ပေးရေး၊ ကျောင်းခြံစည်းရိုး ကာရံပေးရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် နည်းပညာတက္ကသိုလ်(ဘားအံ)၊ အစိုးရနည်းပညာအထက်တန်းကျောင်း(ဘားအံ)၊ ဘားအံတက္ကသိုလ်နှင့် ပညာရေးကောလိပ်(ဘားအံ)များသို့ သွားရောက်၍ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာရပ် ဖြေဆိုသူ ၇၂၅၇၀၁ ဦးရှိ

နေပြည်တော် မတ် ၁၁

**၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့ ဓာတုဗေဒဘာသာရပ်ကို ယနေ့ဖြေဆိုကြသည်။**

**မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နိုင်ငံခြားစာစစ်ဌာနများတွင် ဓာတုဗေဒဖြေဆိုရန် စာရင်းရှိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၆၃၆၄၃ ဦးတွင် ဖြေဆိုသူ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၂၅၇၀၁ ဦး ဖြေဆိုကြပြီး ဖြေဆိုရန် ပျက်ကွက်သူ ၃၇၉၄၂ ဦးဖြစ်၍ ဖြေဆိုမှုရာခိုင်နှုန်း ၉၅ ဒသမ ၀၃ ရာခိုင်နှုန်း ဖြစ်ကြောင်း သိရသည်။**

သတင်းစဉ်

### ၂၀၁၉-ခုနှစ်၊ မတ်လတွင် ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်များတွင် နေ့စဉ်ဖြေဆိုမှု အခြေပြဇယား

ရက်စွဲ ၁၁-၃-၂၀၁၉ | ဘာသာ-ဓာတုဗေဒ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို % |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | |
| ၁ | ကချင်ပြည်နယ် | ၁၂၁၀၈ | ၁၈၄၃၈ | ၃၀၅၄၆ | ၁၁၂၂၁ | ၁၇၇၃၉ | ၂၈၉၆၀ | ၈၈၇ | ၆၉၉ | ၁၅၈၆ | ၉၄.၈၁% |
| ၂ | ကယားပြည်နယ် | ၁၅၂၉ | ၂၉၁၃ | ၄၄၄၂ | ၁၄၀၉ | ၂၈၀၉ | ၄၂၁၈ | ၁၂၀ | ၁၀၄ | ၂၂၄ | ၉၄.၉၆% |
| ၃ | ကရင်ပြည်နယ် | ၆၈၅၃ | ၁၁၅၅၀ | ၁၈၄၀၃ | ၆၂၄၃ | ၁၀၉၃၀ | ၁၇၁၇၃ | ၆၁၀ | ၆၂၀ | ၁၂၃၀ | ၉၃.၃၂% |
| ၄ | ချင်းပြည်နယ် | ၃၅၆၅ | ၅၀၅၅ | ၈၆၂၀ | ၃၀၈၄ | ၄၆၃၆ | ၇၇၂၀ | ၄၈၁ | ၄၁၉ | ၉၀၀ | ၈၉.၅၆% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၄၁၆၀၃ | ၅၄၀၉၈ | ၉၅၇၀၁ | ၃၉၇၁၀ | ၅၂၈၁၅ | ၉၂၅၂၅ | ၁၈၉၃ | ၁၂၈၃ | ၃၁၇၆ | ၉၆.၆၈% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၇၉၈၂ | ၁၄၂၀၆ | ၂၂၁၈၈ | ၇၂၄၀ | ၁၃၄၄၃ | ၂၀၆၈၃ | ၇၄၂ | ၇၆၃ | ၁၅၀၅ | ၉၃.၂၂% |
| ၇ | ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း) | ၁၉၄၀၈ | ၂၆၂၅၁ | ၄၅၆၅၉ | ၁၈၀၀၆ | ၂၅၁၅၈ | ၄၃၁၆၄ | ၁၄၀၂ | ၁၀၉၃ | ၂၄၉၅ | ၉၄.၅၄% |
| ၈ | ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) | ၁၁၁၂၃ | ၁၄၄၀၂ | ၂၅၅၂၅ | ၁၀၃၈၅ | ၁၃၇၈၂ | ၂၄၁၆၇ | ၇၃၈ | ၆၂၀ | ၁၃၅၈ | ၉၄.၆၈% |
| ၉ | မကွေးတိုင်းဒေသကြီး | ၃၃၄၇၃ | ၄၂၆၅၅ | ၇၆၁၂၈ | ၃၁၈၀၆ | ၄၁၇၃၈ | ၇၃၅၄၄ | ၁၆၆၇ | ၉၁၇ | ၂၅၈၄ | ၉၆.၆၁% |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၅၃၀၁၈ | ၆၅၆၆၈ | ၁၁၈၆၈၆ | ၅၀၂၈၃ | ၆၃၉၈၇ | ၁၁၄၂၇၀ | ၂၇၃၅ | ၁၆၈၁ | ၄၄၁၆ | ၉၆.၂၈% |
| ၁၁ | နေပြည်တော် | ၁၀၇၂၅ | ၁၂၉၉၃ | ၂၃၇၁၈ | ၁၀၀၁၁ | ၁၂၅၄၉ | ၂၂၅၆၀ | ၇၁၄ | ၄၄၄ | ၁၁၅၈ | ၉၅.၁၂% |
| ၁၂ | မွန်ပြည်နယ် | ၁၁၄၅၇ | ၁၇၇၉၂ | ၂၉၂၄၉ | ၁၀၅၄၇ | ၁၇၀၂၄ | ၂၇၅၇၁ | ၉၁၀ | ၇၆၈ | ၁၆၇၈ | ၉၄.၂၆% |
| ၁၃ | ရခိုင်ပြည်နယ် | ၁၈၅၅၇ | ၂၀၈၁၆ | ၃၉၃၇၃ | ၁၆၈၁၄ | ၁၉၈၄၄ | ၃၆၆၅၈ | ၁၇၄၃ | ၉၇၂ | ၂၇၁၅ | ၉၃.၁၀% |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး | ၅၅၉၂၆ | ၆၂၄၁၇ | ၁၁၈၃၄၃ | ၅၁၅၃၂ | ၅၉၃၄၇ | ၁၁၀၈၇၉ | ၄၃၉၄ | ၃၀၇၀ | ၇၄၆၄ | ၉၃.၆၉% |
| ၁၅ | ရှမ်းပြည်နယ်(တောင်ပိုင်း) | ၁၂၆၁၉ | ၂၀၃၉၈ | ၃၃၀၁၇ | ၁၁၈၁၉ | ၁၉၇၆၁ | ၃၁၅၈၀ | ၈၀၀ | ၆၃၇ | ၁၄၃၇ | ၉၅.၆၅% |
| ၁၆ | ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၆၂၂၇ | ၁၀၃၇၄ | ၁၆၆၀၁ | ၅၇၉၄ | ၉၉၇၁ | ၁၅၇၆၅ | ၄၃၃ | ၄၀၃ | ၈၃၆ | ၉၄.၉၆% |
| ၁၇ | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၂၀၀၈ | ၃၁၃၈ | ၅၁၄၆ | ၁၈၅၃ | ၂၉၉၄ | ၄၈၄၇ | ၁၅၅ | ၁၄၄ | ၂၉၉ | ၉၄.၁၉% |
| ၁၈ | ဧရာဝတီတိုင်းဒေသကြီး | ၂၂၆၀၃ | ၂၉၅၄၇ | ၅၂၁၅၀ | ၂၀၉၁၆ | ၂၈၃၅၃ | ၄၉၂၆၉ | ၁၆၈၇ | ၁၁၉၄ | ၂၈၈၁ | ၉၄.၄၈% |
| ၁၉ | နိုင်ငံခြား | ၅၄ | ၉၄ | ၁၄၈ | ၅၄ | ၉၄ | ၁၄၈ | ၀ | ၀ | ၀ | ၁၀၀.၀၀% |
| | **စုစုပေါင်း** | **၃၃၀၈၃၈** | **၄၃၂၈၀၅** | **၇၆၃၆၄၃** | **၃၀၈၇၂၇** | **၄၁၆၉၇၄** | **၇၂၅၇၀၁** | **၂၂၁၁၁** | **၁၅၈၃၁** | **၃၇၉၄၂** | **၉၅.၀၃%** |

## တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့ ဓာတုဗေဒဘာသာရပ်ကို နိုင်ငံခြားစာစစ်ဌာနများ အပါအဝင် မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာနများတွင် ဖြေဆိုသူပေါင်း ၇၂၅၇၀၁ ဦးရှိ

**နေပြည်တော် မတ် ၁၁**

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့အဖြစ် ဓာတုဗေဒဘာသာရပ်ကို ယနေ့တွင် ဖြေဆိုကြရာ နိုင်ငံခြားစာစစ်ဌာန ၂၀ နှင့် မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာန ၁၈၅၀ စာစစ်ဌာန စုစုပေါင်း ၁၈၇၀ တွင် ဖြေဆိုသူပေါင်း ၇၂၅၇၀၁ ဦးရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာရပ်တွင် ဖြေဆိုသူပေါင်း ၇၂၅၇၀၁ ဦးအနက် တစ်နိုင်ငံလုံး၌ ဆေးရုံဖြေဆိုသူ ၁၁၉ ဦး၊ အကြားအာရုံ မသန်စွမ်းဖြေဆိုသူ ၁၁ ဦး၊ ကိုယ်အင်္ဂါမသန်စွမ်းဖြေဆိုသူ ၁၀၁ ဦး၊ အကျဉ်းထောင်များတွင် ဖြေဆိုသူ ၁၀၅ ဦးနှင့် ကရင်ပြည်နယ် မြဝတီမှ ဝင်ရောက်ဖြေဆိုသူ ၁၁၈ ဦး ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❊ *ကျောဖုံးမှ*

"ကျွန်တော် တင်းနစ်ပြိုင်ပွဲကို ၁၃ နှစ်အရွယ်က ကစားခဲ့တာပါ။ ပြီးမှာ ဘားမားအိုးပင်းနဲ့၊ CP Cup ပြိုင်ပွဲတွေ ဝင်ရောက်ယှဉ်ပြိုင်ဖို့ရှိပါတယ်။ အဲဒီပြိုင်ပွဲတွေမှာ လက်ရည်ကောင်းတဲ့ ကစားသမား တစ်ကနေလေးအထိဝင်တဲ့ ကစားသမားတွေကို ဆီးဂိမ်းအတွက် ရွေးချယ်သွားမယ်လို့ သိရပါတယ်။ ဆီးဂိမ်း ရွေးချယ်ခံရမယ်ဆိုရင် မြန်မာနိုင်ငံအတွက် ဆုတံဆိပ်ရရှိဖို့ ကြိုးစားသွားမှာပါ" ဟု အလွတ်တန်းချန်ပီယံ မျိုးပိုင်မင်းက ပြောသည်။

အဆိုပါပြိုင်ပွဲတွင် ကလပ်အသင်းများ၊ AUG ကျောင်းသား ကျောင်းသူ ကစားသမားများ၊ မြန်မာ့လက်ရွေးစင် ကစားသမားများ စုစုပေါင်း ၇၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-တင်စိုး**

◆ *ကျောဖုံးမှ*

ကစားသမားများ တက်ရောက်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်း နည်းပြချုပ် ဦးမင်းသူက "ပါဆီဂျာအသင်းရဲ့နည်းပြချုပ် အိုင်ဗန်ကိုလက်ဗ်က ကျွန်တော်ရဲ့ဆရာဖြစ်ပါတယ်။ ၂၀၀၄ တိုက်ဂါးဖလားပြိုင်ပွဲမှာ မြန်မာ့လက်ရွေးစင်အသင်းကို ကိုင်တွယ်စဉ်က အိုင်ဗန်ကိုလက်ဗ် လက်အောက်မှာ ကစားဖူးတာဖြစ်ပါတယ်။ သူက အတုယူစရာကောင်းတဲ့ နည်းပြဖြစ်ပြီး သူ့ဆီက သင်ယူစရာအများကြီးရှိပါတယ်။ ဒီပွဲမှာလည်း အနိုင်ရဖို့ကြိုးစားရင်းက သူ့ဆီက ပညာတွေသင်ယူသွားမှာပါ။ နည်းပြတိုင်းအတွက် ပွဲတိုင်းက ဖိအားအနည်း၊ အများရှိပါတယ်။ ပွဲတစ်ပွဲမှာ ရလဒ်ကောင်းဖို့က ကွင်းထဲမှာကစားရတဲ့ ကစားသမားက အရေးကြီးရှိပါတယ်။

"နည်းပြဆရာဆိုတာ ဘယ်လိုကစားရမလဲဆိုတာပဲ သင်ကြားပေးလို့ရပြီး တကယ်ကစားရတာက ကစားသမားတွေပါ။ သူတို့ စိတ်ပါပြီး ကောင်းကောင်းကစားနိုင်ရင် ရလဒ်ကောင်းပါတယ်။ ဒါကြောင့် နည်းစနစ်အပြင် ကစားသမားတွေရဲ့ စိတ်ဓာတ်ပိုင်းကိုပါ သင်ကြားပေးနေပါတယ်။ ခက်ခဲတဲ့ပွဲဖြစ်ပေမယ့် အနိုင်ရအောင် ကြိုးစားမှာပါ"ဟု ပြောကြားသည်။

ပါဆီဂျာဂျကာတာအသင်း နည်းပြချုပ် အိုင်ဗန်ကိုလက်ဗ်က "ခက်ခဲတဲ့ပွဲတစ်ပွဲကို ရင်ဆိုင်ရမှာဖြစ်ပါတယ်။ပထမဆုံးနိုင်ပွဲရဖို့ ကြိုးစားမှာဖြစ်ပြီး ရာသီဥတုအနေအထားက အင်ဒိုနီးရှားကတောင် ပိုပူတာကြောင့် အခက်အခဲတော့ မရှိပါဘူး။ ဦးမင်းသူက ကစားသမားကောင်းဖြစ်သလို နည်းပြဘဝမှာလည်း အကောင်းဆုံး စွမ်းဆောင်ရည်ပြသနိုင်မယ်လို့ ထင်ပါတယ်။ ဒဏ်ရာရကစားသမား တချို့ရှိပေမယ့် လိုအပ်ချက်မရှိအောင် ပြင်ဆင်ထားပါတယ်"ဟု ပြောကြားခဲ့သည်။

အိုင်ဗန်ကိုလက်ဗ်သည် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် မြန်မာ့လက်ရွေးစင်အသင်းအား ကိုင်တွယ်ခဲ့ပြီး ၂၀၀၄ တိုက်ဂါးဖလားပြိုင်ပွဲ (ယခု အာဆီယံဆုဇူကီးဖလားပြိုင်ပွဲ)တွင် ပထမဆုံး ဆီမီးဖိုင်နယ် တက်ရောက်အောင် စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။ ဦးမင်းသူသည် ယင်းအချိန်တွင် မြန်မာ့လက်ရွေးစင်အသင်း နောက်တန်းအစွန်လူအဖြစ် ပါဝင်ကစားခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုပြိုင်ပွဲတွင် အဖွင့်ပွဲ၌ ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ထားပြီး ပါဆီဂျာအသင်းမှာမူ အိမ်ကွင်း၌ ဘင်ဒေါင်းအသင်းနှင့် ဂိုးမရှိသရေကျခဲ့သည်။ မြန်မာကလပ်အသင်းများသည် အုပ်စုဒုတိယပွဲကို မတ် ၁၂ ရက်တွင် တစ်ရက်တည်း ကစားရမည်ဖြစ်ပြီး ညနေ ၃ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်(မြန်မာ)နှင့် ပါဆီဂျာဂျကာတာ(အင်ဒိုနီးရှား)၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့ရှိ အမျိုးသားအားကစားကွင်း၌ နာဂါဝေါ(ကမ္ဘောဒီးယား)နှင့် ရန်ကုန်(မြန်မာ)အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

# နောက်လာမယ့် မျိုးဆက်သစ်တွေအတွက် ခိုင်ခံ့တဲ့ဖောင်ဒေးရှင်းတွေ ရရှိတဲ့အတွက် ဝမ်းသာပီတိဖြစ်ရ

**အကယ်ဒမီ ဒါရိုက်တာ စင်ရော်မောင်မောင်**

**ရုပ်ရှင်သည် ဖျော်ဖြေမှုအပြင် မမြင်ရသော ဆွဲဆောင်နိုင်စွမ်းအားလည်း ကြီးမားသည့်အရာတစ်ခုဖြစ်သည်။ ရုပ်ရှင်၏ သိမ်မွေ့သောစွမ်းအားဖြင့် ပေးချင်သည့် အတွေးအခေါ်၊ အယူအဆ ဖြစ်ပေါ်စေချင်သည့် စိတ်ခံစားမှုတို့ကို ထည့်သွင်းပေးနိုင်သည့်အတွက် ရုပ်ရှင် ဇာတ်ကားကောင်းများသည် လူအများ၏ စိတ်ဓာတ်ကောင်း၊ စရိုက်ကောင်း၊ အမူအကျင့်ကောင်းများကို သန္ဓေတည်မွေးဖွားရန် အထောက်အပံ့ကောင်းများဖြစ်သည်။ ရုပ်ရှင်သြဇာကြောင့် အများပြည်သူသည် မှန်ကန်သော အသိပညာ ဗဟုသုတများ တိုးပွားလာမည်ဖြစ်သလို နိုင်ငံ၏ပုံရိပ်တိုးတက်ရေးအတွက်လည်း အထောက်အကူပြုလာမည်ဖြစ်သည်။**



စည်သူဗိုလ်ကလေးတင့်အောင်

ကမ္ဘာ့နိုင်ငံအသီးသီး၌ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ရုပ်ရှင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ထည့်သွင်းစဉ်းစား ဆောင်ရွက်လျက်ရှိသလို မြန်မာနိုင်ငံ၌လည်း မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြင့်မားရေး၊ ရုပ်ရှင်အနုပညာရှင်များ အရည်အသွေးတိုးတက်ရေးတို့ကို ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

### ရုပ်ရှင်စတူဒီယိုများ ဖွင့်လှစ်

ယနေ့ခေတ် မြန်မာ့ရုပ်ရှင်လောက၌ လိုအပ်ချက်တစ်ခုဖြစ်သော ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်ရာတွင် စတူဒီယိုများကို စျေးနှုန်းချိုသာစွာ အသုံးပြုနိုင်ရေး၊ ရုပ်ရှင်အနုပညာရှင်များ သွားလာမှုအဆင်ပြေလွယ်ကူစေရေးတို့



ထပ်ဆင့်အကယ်ဒမီ ဒေါ်ဝါဝါဝင်းရွှေ





အကယ်ဒမီ ဒါရိုက်တာ စင်ရော်မောင်မောင်

အတွက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်စတူဒီယိုများကို မတ် ၉ ရက်က ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားသို့ တက်ရောက်လာသည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယက စည်သူဗိုလ်ကလေးတင့်အောင်က ဝမ်းမြောက်စကား ပြောကြားခဲ့သည်။ စည်သူဗိုလ်ကလေးတင့်အောင်က "အားပါးတရ စကားတွေပြောသွားတဲ့ ဝန်ကြီးရဲ့စကားကိုနားထောင်ရတာ ပီတိဖြစ်ရပါတယ်။ ကျွန်တော်သိတယ်၊ စာရွက်ကလေးတော့ ချထားတယ်။ စာရွက်ကလေးတော့ ဖတ်တော့မှာပဲ။ ဘယ်ဟုတ်လိမ့်မလဲ။ ရင်ထဲကစကားတွေ ပြောတော့တာကိုး။ ဘာကြောင့်လဲဆိုတော့ ခံစားချက်ဟာ အရာရာကို ပွင့်ပွင့်လင်းလင်း ဖြစ်စေပါတယ်။

"ကျွန်တော်တို့ဝန်ကြီးက ဝါသနာနဲ့၊ ပညာနဲ့၊ အလုပ်နဲ့ ကိုက်ညီတဲ့ပုဂ္ဂိုလ်ပဲ၊ စာပေနယ်ပယ်ကနေ အုပ်ချုပ်ရေးနယ်ပယ်ကိုရောက်ရှိပြီးတော့ အုပ်ချုပ်ရေးနယ်ပယ်မှ အလုပ်လုပ်နေကြတဲ့ ပုဂ္ဂိုလ်တွေရော အကုန်လုံးက အနုပညာဝါသနာပါပြီးတော့၊ အနုပညာအတွက် အမျိုးမျိုးသောထောက်ပံ့မှုတွေ၊ ကူညီမှုတွေ ပေးလာကြတဲ့သဘောကို ကျွန်တော်တို့ မြင်ရတွေ့ရပါတယ်။ ဝန်ကြီးဟာ စာပေနယ်ပယ်မှာ ထူးချွန်တဲ့ပုဂ္ဂိုလ်ပါပဲ။ ဒါကြောင့် သူ့ရဲ့ဆရာဝန်အလုပ်ကို တည်မလုပ်ဘဲနဲ့ ပြည်သူ့အတွက် စာပေဟာ ပို၍အရေးကြီးတယ်။ ကျန်းမာရေးဆိုတာကလည်း မကျန်းမာတဲ့အခါကျမှ လုပ်ရတာပဲ။ စာပေနယ်မှာလုပ်မယ်ဆိုပြီး ကြိုးစားပြီးလုပ်လာတာ ဟိုကတည်းက အများကြီးသိပါတယ်" ဟု ပြောသည်။

ဆက်လက်၍လည်း "အဲဒီအတိုင်းပဲ နိုင်ငံတော်က ဆရာ့ရဲ့မေတ္တာ၊ စေတနာကို နားလည်ပြီးတော့ တာဝန်ပေးလိုက်တဲ့အခါကျတော့ ပိုပြီးတော့ အလျဉ်းသင့်လို့ ပြည်သူတွေအတွက်၊ ရုပ်ရှင်လုပ်သားများအတွက်၊ စာပေအတွက် အကျိုးအများကြီး ဆောင်နိုင်တဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာပါတယ်။ ဒါဟာ ကျွန်တော်တို့ လက်တွေ့ပဲ။ ဒါကြောင့် အခုဒီနေ့ စကားပြောမယ့်အထဲမှာ ဘာတွေဖြင့် ရုပ်ရှင်နယ်ပယ်အတွက် လုပ်ထားတယ်ဆိုတာတွေ ပါလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အဲဒီထက်ပိုပြီးတောင်မှ ပြောဟောသွားတာတွေကြားရတော့ ရင်ထဲမှာ ခံစားရပါတယ်ခင်ဗျာ။

### ကောင်းကောင်းမှတ်မိနေ

"ကျွန်တော်ဒီနေရာကို ရောက်လာတဲ့အခါမှာ အခုအခါရယ်လို့ မျက်စိထဲ မမြင်တော့ဘဲနဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀၊ ၆၀ လောက်က ကျွန်တော်တို့ ဒီနေရာမှာ လှုပ်ရှားခဲ့တာတွေ သွားသတိရပါတယ်။ အဲဒီတုန်းက ရုပ်ရှင်ကော်ပိုရေးရှင်းဆိုတာကို နေရာအကျယ်ကြီးမှာ စတူဒီယိုနဲ့ အသံဖမ်းဆရာတွေနဲ့ ပြည့်စုံလုံလောက်အောင် ကင်မရာမန်းတွေနဲ့ ဒီကနေထုတ်လုပ်နေတဲ့ ရုပ်ရှင်သမားတွေကို အကျိုးပြုနိုင်တဲ့ အခြေအနေကို ကောင်းကောင်းမှတ်မိနေပါတယ်ခင်ဗျာ။

"အဲဒီအချိန်တုန်းက ကျွန်တော်တို့ စတူဒီယိုဆိုတာဟာ မိုးလုံလေလုံ အစစ အရာရာ အသံပါလုံခြုံအောင် ပြုပြင်ထားတဲ့ နေရာကြီးပါပဲ။ အဲဒီနေရာကြီးရဲ့ အတွင်းခန်းတွေမှာ တဲလည်း ဖြစ်လာတယ်။ ဥယျာဉ်ခြံမြေလည်း ဖြစ်လာတယ်။ တိုက်ရှေ့ တိုက်တွင်း၊ အတွင်းခန်းကတော့ နည်းပါတယ်။ အပြင်ခန်းတွေ များတယ်။ အဲဒါတွေနဲ့ နပန်းလုံးပြီးတော့ အသံကောင်းသည်ထက်ကောင်းအောင်၊ အရုပ်မြင်သည်ထက် မြင်အောင် အစစအရာရာ ပြည့်စုံအောင်ဆိုပြီးတော့ ပြန်ကြားရေးဝန်ကြီး အဆက်ဆက် လုပ်လာကြတာ အားလုံးအသိပါပဲ။ ကျွန်တော်တို့ ဒီလက်ထက်မှာလည်းပဲ ပို၍ဖြစ်လာတာကတော့ စတူဒီယိုများဆိုပြီးတော့ကာ စတူဒီယိုတစ်လုံးတည်း မကတော့ဘူး။ အမျိုးမျိုးသော စတူဒီယိုတွေက အဆောက်အဦတွေ အမျိုးမျိုးနဲ့ ရုပ်ရှင်ရိုက်ကူးရေး အတွက် အထောက်အပံ့တွေပြုမယ်လို့ ရိပ်စားမိပါတယ်" ဟု ပြောခဲ့သည်။

### စတူဒီယိုပညာရှင်တွေ မွေးထုတ်နိုင်ဖို့လို

ထို့ပြင် စည်သူဗိုလ်ကလေးတင့်အောင်က "ဒီတော့ ကျွန်တော်တို့တွေမှာ အနုပညာရှင်တွေ လိုလာပြီ။ အနုပညာရှင်လိုလာတယ်ဆိုတာက အသေးစိတ်ပြောရမယ်ဆိုရင် ပြင်ပသဘာဝအဆောက်အဦအငယ်စားတွေ၊ အဲဒီအငယ်စားတွေကို လုပ်ဆောင်ပေးနိုင်ဖို့ ပညာရှင်တွေလိုပါတယ်။ ဇာတ်သဘင်မှာလည်း ဇာတ်ခုံရဲ့အပြင်အဆင်အတိုင်း လုပ်နိုင်အောင် အသေးကလေးတွေ ဆောင်ရွက်ကြရတယ်။ တဲဆိုလည်း ခပ်ငယ်ငယ်၊ တိုက်ဆိုလည်း နည်းနည်းသေးသေး၊ ဒီလိုဟာမျိုးတွေ လုပ်ရတဲ့အတွက် ပညာရှင်တွေ သီးသန့်ရှိပါတယ်။ ဒါကြောင့် စတူဒီယိုဟာလည်းပဲ အသေးစိတ်လုပ်မယ့် ကြီးမားတဲ့ အဆောက်အအုံတွေ ဆောက်တာမဟုတ်ဘဲနဲ့ အသေးလေးတွေ ဆောက်နိုင်တဲ့ပညာရှင်တွေ ဇာတ်ခုံပညာရှင်ပဲခေါ်ပါစို့။ စတူဒီယိုပညာရှင်တွေကို မွေးထုတ်နိုင်ဖို့ လိုပါပြီ။

"ဒါကြောင့်လည်း သရုပ်တူမှ ဖြစ်မယ့်အလုပ်ကို လုပ်ရတဲ့နေရာမှာ မွန်ပြည်နယ်ကို အားကိုးရပါတယ်။ မွန်ပြည်နယ်က ဒီအသေးစိတ်လုပ်ငန်းတွေကို လုပ်တတ်တဲ့၊ ဝါသနာပါတဲ့၊ စိတ်ရှည်တဲ့လူစားမျိုးတွေ အများကြီးမွေးထုတ်ပေးဖို့ လိုပါတယ်။ အဲဒီပုဂ္ဂိုလ်တွေက အမျိုးမျိုးသော အတုပညာလေးတွေကို သဘာဝနဲ့ တူသည်ထက်တူအောင် လုပ်ဆောင်ပေးပါလိမ့်မယ်။ ဒါကြောင့် ကျွန်တော်တို့မှာ စုဆောင်းစရာလေးတွေ ရှိပါတယ်လို့ ဝန်ကြီးကို သတိပေးချင်ပါတယ်။ စုဆောင်းစရာဆိုတာက အနုပညာရှင်တွေ၊ အတတ်ပညာရှင်တွေ၊ သဘာဝပညာရှင်တွေ အဲဒါတွေကို လေ့လာပြီးတဲ့နောက် အစစအရာရာ ပြည့်စုံအောင် ဆောင်ရွက်နိုင်ကြပါစေလို့ မေတ္တာပို့ ဆုတောင်းရပါတယ်။

"ကျွန်တော်တို့ ရုပ်ရှင်သမားတွေကတော့ ဒီလိုဖြစ်လာတဲ့အတွက် ပို၍ဝမ်းသာပြီးတော့၊ ပို၍ကောင်းသောဇာတ်လမ်းများ၊ ပို၍ပို၍ ပရိသတ်များပြားလာအောင် ဆွဲဆောင်နိုင်တဲ့ အင်အားတွေ တိုးပွားနိုင်လိမ့်မယ်လို့ မျှော်လင့်ရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ " ဟု မှဒိတာစကားများ ပြောကြားသွားခဲ့သည်။

**"ကျွန်တော်တို့ ရုပ်ရှင်သမားတွေကတော့ ဒီလိုဖြစ်လာတဲ့အတွက် ပို၍ဝမ်းသာပြီးတော့၊ ပို၍ကောင်းသောဇာတ်လမ်းများ၊ ပို၍ပို၍ ပရိသတ် များပြားလာအောင် ဆွဲဆောင်နိုင်တဲ့ အင်အားတွေ တိုးပွားနိုင်လိမ့်မယ်လို့ မျှော်လင့်"**

အကယ်ဒမီ ဒါရိုက်တာ စင်ရော်မောင်မောင်က "၁၉၈၄ ဝန်းကျင်မှာ ကျွန်တော်တို့ ရုပ်ရှင်နယ်ထဲ စတင်ရောက်ရှိခါစပေါ့။ အဲဒီအခါမှာ ရုပ်ရှင်မြှင့်တင်ရေးဆိုတဲ့ ဒီနေရာကြီးက အလွန်ကို စည်ကားခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ဆရာတွေဖြစ်တဲ့ ဒါရိုက်တာ အကယ်ဒမီ ဦးတင်ဦး၊ ကိုဝဏ္ဏ၊ ဦးအောင်မြင့်မြတ်၊ အေဝမ်း ဦးလှထွဋ်တို့ စတူဒီယိုတွေ၊ ကားဆက်တဲ့အခန်းတွေ၊ တီးဝိုင်းနဲ့ အသံဖမ်းတဲ့အခန်းတွေ အဲဒီနေရာတွေက အလွန်စည်ကားခဲ့ပါတယ်။ တဖြည်းဖြည်းနဲ့ ဆိတ်သုဉ်းသွားပြီး အခန်းတွေပိတ်၊ အခန်းတွေမှောင် ဖြစ်ခဲ့ရပါတယ်။ အခု တစ်နှစ်လောက်အတွင်းမှာ အပြောင်းအလဲတွေက တစ်ရှိန်ထိုး ပြောင်းလဲလာတယ်။ အဟောင်းတွေက အသစ်တွေ ပြန်ဖြစ်လာတယ်။

"အခုဆိုရင် အဆင့်မြင့်မားတဲ့ စတူဒီယိုအခန်းကြီးတွေ တွေ့ရပါတယ်။ နောက် ပိုပြီး မြင့်လာတာက အဲကွန်းအခန်းတွေနဲ့ ဖြစ်လာတယ်။ ပိုကျယ်ဝန်းလာတယ်။ မီးအားတွေလည်း ပြည့်လာတယ်။ စနစ်လည်း ပိုကျလာတယ်။ အခုဆိုရင် စတူဒီယိုတွေကို တရားစခန်း၊ အကျဉ်းထောင်၊ အချုပ်ခန်း၊ အိမ်လုပ်လို့ရတဲ့ ပုံစံတွေ၊ ဆက်တင်တွေ အများကြီးတွေ့ရတယ်။ ဘာပဲပြောပြော အများကြီးဝမ်းသာတယ်။

### ဝမ်းသာပီတိဖြစ်

"အခုအချိန်မှာ ရုပ်ရှင်ရုံတွေကလည်း ကောင်းလာပြီ။ ရိုက်တဲ့ဒါရိုက်တာတွေ၊ ထုတ်လုပ်သူတွေ လုပ်နေတဲ့စနစ်တွေကလည်း International ဆန်လာတယ်။ မြန်မာပြည်မှာလည်း Line Walker-2 ရုပ်ရှင်ဇာတ်ကား လာရိုက်တယ်။ ဒါကြောင့် ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ပြောင်းလဲမှုဟာ သိသိသာသာ မြင်မြင်သာသာကြီး တစ်နှစ်ထက်တစ်နှစ်အတွင်းမှာ ပြောင်းလဲလာတာကို တွေ့ရတယ်။ ရုပ်ရှင်လောကသားတစ်ဦး အနေနဲ့သော် လည်းကောင်း၊ International ဇာတ်ကားတွေရိုက်နေတဲ့ ဒါရိုက်တာတစ်ဦးအနေနဲ့သော် လည်းကောင်း ကြိုဆိုပါတယ်။ နောက်လာမယ့် မျိုးဆက်သစ်တွေအတွက်လည်း ခိုင်ခံ့တဲ့ ဖောင်ဒေးရှင်းတွေရရှိတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်တော်တို့ ရုပ်ရှင်လောက ပြန်ပြီးတော့ အရုဏ်ဦးရဲ့ရောင်နီတွေ သန်းစပြုပြီလို့ ပြောချင်ပါတယ် " ဟု ရုပ်ရှင်အနုပညာရပ်ဝန်း၌ စတူဒီယိုဖွင့်လှစ်လိုက်ခြင်းနှင့် ပတ်သက်၍ သုံးသပ်ပြောကြားသည်။

**"နှစ်ပေါင်းများစွာ တံခါးကြီးပိတ်ပြီး မသုံးနိုင်တဲ့ အခြေအနေမျိုးဖြစ်တဲ့ ဘဝကနေပြီးတော့ စတူဒီယိုများဖွင့်လိုက်တဲ့အတွက်၊ မင်္ဂလာရှိစွာနဲ့ စတူဒီယိုအင်္ဂါရပ်တွေနဲ့အညီ လုပ်ဆောင်ပေးထားတဲ့အတွက် ပြန်ကြားရေးဝန်ကြီးဌာနကနေပြီးတော့ ရုပ်ရှင်လောကကြီးကို ဒီထက်ကောင်းမွန်အောင်၊ ဖွံ့ဖြိုးအောင်လုပ်ပေးတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်"**

ထပ်ဆင့်အကယ်ဒမီ ဒေါ်ဝါဝါဝင်းရွှေက "ပြန်ကြားရေးဝန်ကြီးဌာနက ဦးစီးပြီးတော့ ပြည်ထောင်စုဝန်ကြီး အမှူးထားပြီး ရုပ်ရှင်အနုပညာသမားတွေအတွက် ရုပ်ရှင်စတူဒီယိုများ ဖွင့်ပွဲ အခမ်းအနားကို တက်ရောက်ခဲ့ပါတယ်။ အဲဒီနေ့က အတော်ကို ကြည်နူးခဲ့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီစတူဒီယိုတွေက အန်တီဝါတို့ရဲ့ ဒုတိယအိမ်ဆိုလည်း မမှားပါဘူး။ ဘာဖြစ်လို့ ဒုတိယအိမ်လို့ သတ်မှတ်သလဲဆိုတော့ အန်တီဝါတို့ ရုပ်ရှင်ရိုက်ကွင်းမှာ ဟိုးတုန်းက နှစ်ပေါင်း ၃၀၊ ၄၀ က ဒီလိုပဲ စတူဒီယိုပေါင်း မြောက်မြားစွာထဲမှာပဲ မိုးလင်းက မိုးချုပ် ရိုက်ကူးခဲ့ရပါတယ်။ ဒီလိုရုပ်ရှင်စတူဒီယိုထဲမှာ ရိုက်ခြင်းအားဖြင့် ရုပ်ရှင်ဇာတ်ကားရဲ့အားသာချက်တွေက အများကြီး ဖြစ်လာပါတယ်။ ဘာတွေလဲဆိုရင် စတူဒီယိုမှာရိုက်ရင် ရုပ်သံထွက်တွေ ကောင်းတယ်။ နောက်ပြီးတော့ ရုပ်ရှင်ထဲမှာပြောတဲ့ စကားလုံးတွေက ပီပီသသ အနှောင့်အယှက်ကင်းပြီးတော့ အသံရဲ့ ကောင်းခြင်းတွေ ထွက်လာပါတယ်။ အရုပ်၊ အသံ အင်မတန်ကောင်းတဲ့အတွက်ကြောင့် ဇာတ်ကားတစ်ကားအတွက် မရှိမဖြစ်လိုအပ်တဲ့ စတူဒီယို ဖြစ်ပါတယ်။

*စာမျက်နှာ ၁၄ ကော်လံ ၃ သို့*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံယှဉ်ပြိုင်မှု ကော်မရှင် ဒုတိယအကြိမ်ပုံမှန်အစည်းအဝေးတက်ရောက်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ဒုတိယအကြိမ်ပုံမှန်အစည်းအဝေး၌ အမှာစကား ပြောကြားစဉ်။

**နေပြည်တော် မတ် ၁၁**

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ဒုတိယအကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် က ယှဉ်ပြိုင်မှုကော်မရှင်၏ အဓိကရည်ရွယ်ချက်ဖြစ်သော စီးပွားရေးလုပ်ငန်းများအကြား လွတ်လပ်ပြီးတရားမျှတသော ယှဉ်ပြိုင်မှုဝန်းကျင်ကောင်း တည်ထောင်ရေးအတွက် ယှဉ်ပြိုင်မှုဆိုင်ရာ အသိပညာပေးရန်၊ ဥပဒေချိုးဖောက်မှုများကို အရေးယူဆောင်ရွက်ရန်တို့သည် အရေးကြီးသည့် တာဝန်များဖြစ်ကြောင်း၊ ကော်မရှင်အသစ်တစ်ခုအနေဖြင့် ပြည်သူများနှင့် ဆက်စပ်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ ယုံကြည်မှုကိုရရှိရန် အရေးကြီးကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်၏လုပ်ငန်းဆောင်ရွက်မှုများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ကော်မရှင်က လက်ခံရရှိထားသည့် တိုင်ကြားမှုများအပေါ် ဆက်လက်အရေးယူဆောင်ရွက်မှုများ၊ ဌာနတွင်းလမ်းညွှန်ချက်များနှင့် အများပြည်သူသို့ထုတ်ပြန်မည့် ယှဉ်ပြိုင်မှုဆိုင်ရာ လမ်းညွှန်ချက်များ၊ အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသော ယှဉ်ပြိုင်မှုကော်မရှင်အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ကော်မရှင်ဥက္ကဋ္ဌက ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

**သတင်းစဉ်**







## သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင် (၈၉)နှစ်ပြည့်မွေးနေ့၊ ဖောင်ဒေးရှင်းထူထောင်မှု နှစ်ပတ်လည်နှင့် ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၁၁**

သတင်းစာဆရာကြီး ဦးဝင်းတင်၏ (၈၉)နှစ်ပြည့်မွေးနေ့၊ ဖောင်ဒေးရှင်းထူထောင်မှု (၇) နှစ်မြောက်နှစ်ပတ်လည် အခမ်းအနားနှင့် (၃၆)ကြိမ်မြောက် နိုင်ငံရေးအကျဉ်းသားနှင့် ဘဝတူစာပေရေးဖော်များအား ထောက်ပံ့ငွေပေးအပ်ပွဲကို ဧပြီ ၂ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင် တော်ဝင်နှင်းဆီဥယျာဉ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဦးဝင်းတင်ကြည်ညိုလေးစားသူများ၊ စိတ်ပါဝင်စားသူများ၊ လုပ်ဖော်ကိုင်ဖက်များ တက်ရောက်ချီးမြှောက်ရန် မေတ္တာရပ်ခံထားသည်။

(၃၆)ကြိမ်မြောက် ထောက်ပံ့ငွေပေးအပ်ပွဲတွင် နိုင်ငံရေးအကျဉ်းသားများဖြစ်ကြသော ဦးမြင့်ဆွေ(လှိုင်သာယာ)၊ ဦးသန်းလှ(မြဝတီ)၊ ဦးသောင်းနိုင်(မတ္တရာ)၊ ဦးညဏ်ဝင်း (မြောက်ဥက္ကလာပ)၊ ဦးအောင်သန်း (မြောက်ဥက္ကလာပ)၊ ဦးသိန်းကြည်(မော်လမြိုင်)၊ ဒေါ်စမ်းစမ်းကြည်(ဒလ)တို့အား ငွေကျပ်နှစ်သိန်းစီနှင့် NLD လူငယ်ဘုံရိပ်သာအား ကျပ်ငွေသုံးသိန်း ကူညီထောက်ပံ့လှူဒါန်းသွားမည်ဖြစ်သည်။ ယခုအထိ ဖမ်းဆီးသတ်ဖြတ်ခံ နိုင်ငံရေးအကျဉ်းသားတစ်ဦး၊ လက်ရှိနိုင်ငံရေးအကျဉ်းသား ၁၆၉ ဦး၊ နိုင်ငံရေးအကျဉ်းသားဟောင်းနှင့် ဘဝတူစာပေရေးဖော် ၆၉၄ ဦးတို့ကို စုစုပေါင်း ငွေကျပ် ၂၀၆၈ သိန်း ထောက်ပံ့ပေးနိုင်ခဲ့သည်။

ဟံသာဝတီဦးဝင်းတင် ဖောင်ဒေးရှင်းသည် အမှတ် ၁၂၂ လမ်း၊ ၅၀ အလယ်ဘလောက် ပုဇွန်တောင်မြို့နယ် မြေညီထပ်တွင် နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် မိသားစုများ၊ ဘဝတူစာပေရေးဖော်များအတွက် အခမဲ့ဆေးပေးခန်း ဖွင့်လှစ်ကုသပေးလျက်ရှိရာ ဟံသာဝတီဦးဝင်းတင် သံယောဇဉ်ရှိသူများ၊ ချစ်ခင်ကြည်ညိုသူများ၊ စေတနာရှင်အလှူရှင်များ၊ ဖုန်း၀၁-၂၀၀၂၇၆၊ ၀၁-၅၇၀၀၂၇၊ ၀၉၅၀၂၆၄၅၀ တို့သို့ ဆက်သွယ်ကူညီနိုင်ကြောင်း သိရသည်။

**စိန်ရွှေလှိုင်**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**အင်န်ဒွန်ဘီလီအား ခေါ်ယူရန် စောင့်ကြည့်လျက်ရှိ**

မန်စီးတီးအသင်းသည် လိုင်ယွန်အသင်းမှ အသက် ၂၂ နှစ်အရွယ် ပြင်သစ်ကစားသမား အင်န်ဒွန်ဘီလီအား ခေါ်ယူရန် စောင့်ကြည့်လျက်ရှိနေကြောင်း၊ ထို့အပြင် အဆိုပါ ကစားသမားအား တော့တင်ဟမ်၊ မန်ယူနှင့် ဂျူဗင်တပ်စ်အသင်းတို့ကလည်း ခေါ်ယူရန် စောင့်ကြည့်နေကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။

**ဆယ်လ်ဆိုဖြင့် အစားထိုးဖွယ်ရှိ**

တော့တင်ဟမ်အသင်းမှ ဒိန်းမတ်ကစားသမား အဲရစ်ဆင် (၂၇ နှစ်) အနေဖြင့် ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့သွားပါက အဆိုပါ ကစားသမား၏နေရာကို ရီးရဲဘက်တစ်အသင်းတွင် ပီအက်စ်ဂျီအသင်းမှ အငှားကစားလျက်ရှိနေသော အာဂျင်တီးနားကစားသမား ဆယ်လ်ဆိုဖြင့် အစားထိုးဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဗန်ဒိုက်အား သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ကမ်းလှမ်းသွားဖွယ်ရှိ**

လီဗာပူးအသင်းသည် ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်အသင်းတို့၏ စိတ်ဝင်စားမှုကို ဟန့်တားနိုင်ရန်အလို့ငှာ အသင်းမှ နယ်သာလန်ဗဟိုခံစစ်ကစားသမား ဗန်ဒိုက် (၂၇နှစ်) အား တစ်ပတ် ပေါင် နှစ်သိန်းဖြင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ရန် ကမ်းလှမ်းသွားဖွယ်ရှိကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။

**အပြိုင်ကမ်းလှမ်းရဖွယ်ရှိ**

မန်ယူအသင်းသည် ဘင်ဖီကာအသင်းမှ ပေါ်တူဂီ ယူ-၂၁ တိုက်စစ်ကစားသမား ဖီးလစ် (၁၉ နှစ်) အား ခေါ်ယူရေးအတွက် ဂျူဗင်တပ်စ်အသင်းနှင့်အတူ ဥရောပအသင်းကြီးအများအပြားနှင့် အပြိုင်ကမ်းလှမ်းရဖွယ်ရှိကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။

**လီယွန်နယ် မက်ဆီအား သက်တမ်းတိုးရန် ဆန္ဒရှိ**

ဘာစီလိုနာအသင်းသည် အာဂျင်တီးနားတိုက်စစ်ကစားသမား လီယွန်နယ် မက်ဆီအား စာချုပ်သစ်ကမ်းလှမ်းသွားရန် စီစဉ်နေကြောင်း စပိန်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။ အသက် ၃၁ နှစ်အရွယ် အဆိုပါ ကစားသမား၏ ဘာစီလိုနာအသင်းနှင့် လက်ရှိစာချုပ်သက်တမ်းသည် ၂၀၂၁ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သော်လည်း သက်တမ်းတိုးရန် ဆန္ဒရှိနေကြောင်း ဖော်ပြထားသည်။

**မန်ယူနှင့် မန်စီးတီးအသင်းတို့ အဂိုမီအား စောင့်ကြည့်လျက်ရှိ**

မန်ယူနှင့် မန်စီးတီးအသင်းတို့သည် ပေ့ါဘာလက်သစ်ဟု ခေါ်ဝေါ်ခြင်းခံရသော ဆိုးချော့အသင်းမှ အသက် ၁၇ နှစ်အရွယ် ပြင်သစ်ကွင်းလယ်ကစားသမား အဂိုမီအား ခေါ်ယူနိုင်ရေးအတွက် စောင့်ကြည့်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

## မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် အလုပ်အမှုဆောင်ရွေးချယ်ပွဲကျင်းပ

**ရန်ကုန် မတ် ၁၁**

မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲကို မတ် ၁၀ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏဘောလုံးကွင်း ပထမထပ်ရှိ စာနယ်ဇင်းရှင်းလင်းပွဲခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် ရွေးချယ်ပွဲကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့်ကော်မရှင်အဖွဲ့ဝင်များ၊ မဲဆန္ဒရှင်များ တက်ရောက်ကြသည်။ ရွေးချယ်တင်မြှောက်ပွဲကို အစုအဖွဲ့ခြောက်စုဖြင့် ရွေးချယ်တင်မြှောက်ခဲ့ရာ မဲဆန္ဒရှင်များအရ ဥက္ကဋ္ဌ ဦးညဏ်ထွန်း၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ဦးမြင့်ဆွေ(မြင့်ဆွေမြင့်)၊ ဦးဝဏ္ဏ(မာဂျေ)၊ အထွေထွေအတွင်းရေးမှူး ဦးမြင့်ဦး(ဖေဒီ)၊ တွဲဖက်အတွင်းရေးမှူးများအဖြစ် ဦးကျော်စိန်သန်း၊ ဦးမြင့်ကြည်(အောင်မြင့်ကေ)၊ ဦးဇေယျာမြတ်ခိုင်၊ ဘဏ္ဍာရေးမှူး ဦးညွန့်ထွန်း(ထွန်းထွန်း၊ဝိဇ္ဇာ-သိပ္ပံ)၊ စာရင်းစစ် ဦးမော်အေး(လူလူမင်း)တို့အပြင် အလုပ်အမှုဆောင်များအဖြစ် ဦးရဲမင်းဝင်း၊ ဦးဇင်သော်နိုင်၊ ဦးရဲရင့်မောင်မောင်၊ ရန်ကင်းစိုးမင်း၊ ဒေါ်ခင်ခင်ဝင်း(ခင်ခင်ဝင်း-ပညာရေး)၊ ဦးနေလင်းထွန်း(နေကို)၊ ဦးကျော်မျိုးမင်း(ခွန်ကိုးမင်း)တို့ ရွေးချယ်လိုက်ကြောင်း သိရသည်။ မြန်မာနိုင်ငံ အားကစားမီဒီယာများ အဖွဲ့ချုပ်၏ သက်တမ်းမှာ လေးနှစ်သက်တမ်းဖြစ်ကြောင်း သိရသည်။

**အေကေလင်း**

## ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ပထမအဆင့်ပွဲများ မတ် ၁၃ ရက်တွင် စတင်မည်

**ရန်ကုန် မတ် ၁၁**

၂၀၁၉ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ပထမအဆင့်ပွဲများကို မတ် ၁၃ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ပထမတန်းအသင်းရှစ်သင်းနှင့် MNL ကလပ်နှစ်သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။

ပထမအဆင့်ပွဲများကို နှစ်ရက်ကြာကျင်းပမည်ဖြစ်ပြီး အနိုင်ရသည့်အသင်းမှာ ဒုတိယအဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ပထမအဆင့်ပွဲများအဖြစ် မတ် ၁၃ ရက်တွင် သုဝဏ္ဏကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် မြဝတီအသင်း၊ အောင်ဆန်းကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ ပဒုမ္မာကွင်း၌ ရွှိုင်ရယ်သန်လျင်အသင်းနှင့် တက္ကသိုလ်အသင်း၊ မတ် ၁၄ ရက်တွင် သုဝဏ္ဏကွင်း၌ မောရဝတီအသင်းနှင့် ဒဂုံအသင်း၊ အောင်ဆန်းကွင်း၌ Chinland အသင်းနှင့် ငွေကြယ်ပွင့်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ၂၀၁၉ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲတွင် ရလဒ်ကောင်းနေသည့် ရာသီဝက်ချန်ပီယံ အား/ကာသိပ္ပံနှင့် ချင်းယူနိုက်တက်တို့၏ တွေ့ဆုံမှုမှာ ပြိုင်ဆိုင်မှုပြင်းထန်ဖွယ်ရှိပြီး ယခုရာသီတွင် MNL သို့ ပထမဆုံးတန်းတက်ခွင့်ရထားသည့် ဒဂုံအသင်းမှာမူ မောရဝတီအသင်းနှင့် ပွဲကျပ်ကစားရမည်ဖြစ်သည်။ ဒုတိယအဆင့်ပွဲများတွင် MNL ကလပ်အသင်းများ ပါဝင်လာမည်ဖြစ်ပြီး လက်ရှိချန်ပီယံ ရန်ကုန်အသင်းသာ ကွာတားဖိုင်နယ်မှ စတင်ကစားရမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် မေလမှ ဇွန်လဆန်းအထိ ရှုံးထွက်ပွဲစဉ်များ ဆက်တိုက်ကျင်းပမည်ဖြစ်ပြီး ဒုတိယအဆင့်၊ ကွာတားဖိုင်နယ်၊ ဆီမီးဖိုင်နယ် ပထမအကျော့နှင့် ဒုတိယအကျော့တို့ ကျင်းပမည်ဖြစ်ပြီး ဗိုလ်လုပွဲကိုမူ စက်တင်ဘာမှသာ ကျင်းပမည်ဖြစ်သည်။

ရှုံးထွက်ပြိုင်ပွဲကို ၂၀၁၀ ပြည့်နှစ်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၁၅ ရာသီမှ စတင်ကာ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းအမည်ဖြင့် ပြောင်းလဲကျင်းပခဲ့ခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

*စာမျက်နှာ ၁၃ မှ*

“ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး အမှူးထားပြီး သက်ဆိုင်ရာလူကြီးတွေအားလုံးဦးစီးပြီး ဒီလိုစတူဒီယိုမျိုးကို ဖွင့်လှစ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ၁၉၈၅ ခုနှစ်က ဒီစတူဒီယိုမှာပဲ ရုပ်ရှင်ဇာတ်ကားတစ်ကားကို အစကနေ အဆုံးရိုက်ကူးခဲ့တဲ့နေရာကြီးဖြစ်တဲ့အတွက် ဒီနေရာကြီးဟာ နှစ်ပေါင်းများစွာ တံခါးကြီးပိတ်ပြီး မသုံးနိုင်တဲ့ အခြေအနေမျိုးဖြစ်တဲ့ ဘဝကနေပြီးတော့ စတူဒီယိုများ ဖွင့်လိုက်တဲ့အတွက်၊ မင်္ဂလာရှိစွာနဲ့ စတူဒီယိုအင်္ဂါရပ်တွေနဲ့အညီ လုပ်ဆောင်ပေးထားတဲ့အတွက် ပြန်ကြားရေးဝန်ကြီးဌာနကနေပြီးတော့ ရုပ်ရှင်လောကကြီးကို ဒီထက် ကောင်းမွန်အောင်၊ ဖွံ့ဖြိုးအောင်လုပ်ပေးတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။ ရှေ့ဆက်ပြီး ဒီလိုစတူဒီယိုမျိုးတွေ မြောက်မြားစွာ လိုအပ်ပါတယ်။ ထပ်မံပြီး တောင်းဆိုပါတယ်”ဟု ပြောကြားသည်။

ယခုဖွင့်လှစ်သည့် စတူဒီယို(၁)တွင် လျှပ်စစ်မီး၊ မီးစက်၊ လေအေးပေးစက်များကို စီစဉ်ထားကြောင်း၊ စတူဒီယို(၂)နှင့် (၃) တွင် ရုပ်ရှင်လောကသားများ ရိုက်ကူးရန် ခင်းခဲသည့် တရားရုံး၊ ရဲစခန်း၊ အချုပ်ခန်း စသည့် ဆက်တင်များ ရှိကြောင်း၊ ယခု ဖွင့်လှစ်လိုက်သည့် စတူဒီယိုများသည် စီးပွားရေးအကျိုးအမြတ်ရည်ရွယ်ခြင်းမရှိဘဲ ရန်ကုန်မြို့လယ်၏ အချက်အချာကျသည့် ဗဟန်းမြို့နယ်ရှိ သွားလာရ လွယ်ကူသည့်နေရာမျိုး၌ ရုပ်ရှင်လောကသားများအတွက် အခက်အခဲတချို့ကို တတ်နိုင်သည့်ဘက်မှ အထောက်အကူပြုသည့်အနေဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

ရုပ်ရှင်အနုပညာရပ်ဝန်း၌ ယခုဖွင့်လှစ်လိုက်သည့် စတူဒီယိုများမှသည် ခေတ်မီသည့် စတူဒီယိုကြီးများ တည်ဆောက်နိုင်လာကာ မြန်မာ့ရုပ်ရှင်ကို ကမ္ဘာကသိအောင် ရိုက်ကူးထုတ်လုပ်နိုင်လာပြီး မြန်မာ့ယဉ်ကျေးမှု၊ ရေ၊ မြေ တောတောင် မြန်မာနိုင်ငံ၏ အမည်နာမ၊ မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာသည်လည်း ကမ္ဘာတွင် တိုးတက်လာမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း .........။

**နန္ဒာဝင်း**

# မြောက်ကိုရီးယားနှင့် တတိယအကြိမ်ထိပ်သီးအစည်းအဝေးပြုလုပ်ရန် ထရမ့်လမ်းဖွင့်

**ဝါရှင်တန် မတ် ၁၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် တတိယအကြိမ်ထိပ်သီးအစည်းအဝေးပြုလုပ်ရန် လမ်းဖွင့်ခဲ့ကြောင်း အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်က ပြောကြားခဲ့သည်။

မတ် ၁၀ ရက်က အေဘီစီသတင်းနှင့် ပြုလုပ်ခဲ့သည့် အင်တာဗျူး၌ ဘော်လ်တန်က သမ္မတထရမ့်သည် ခေါင်းဆောင်ကင်နှင့် ပုဂ္ဂိုလ်ရေးအရ ဆက်ဆံမှုတိုးတက်အောင် အချိန်များစွာ ရင်းနှီးမြှုပ်နှံကာ ကြိုးစားခဲ့ရကြောင်းနှင့် ထရမ့်အနေဖြင့် ယင်းဆက်ဆံရေးကို ယုံကြည်မှုရှိကြောင်း ဘော်လ်တန်က ပြောကြားခဲ့သည်။

သမ္မတထရမ့်သည် တတိယအကြိမ် ထိပ်သီးအစည်းအဝေးအတွက် လမ်းဖွင့်ပေးလျက်ရှိပြီး သင့်လျော်သည့် နေ့တစ်နေ့တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

အမေရိကန်သည် မြောက်ကိုရီးယား၏ တန်ချန်ရီရှိ ဒုံးကျည်စမ်းသပ်ပစ်လွှတ်သည့်နေရာ၏ ပုံရိပ်များနှင့်ပတ်သက်၍ မြောက်ကိုရီးယားကို မေးမြန်းခဲ့ခြင်းမရှိကြောင်းလည်း ၎င်းက ထုတ်ဖော်ပြောကြားခဲ့သည်။ ဘော်လ်တန်က ယင်းကိစ္စနှင့်ပတ်သက်၍ တောင်ကိုရီးယားလုပ်ဖော်ကိုင်ဖက်နှင့် ဆွေးနွေးသွားရန် ရှိကြောင်းကိုလည်း ဖွင့်ဟခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံသည် တန်ချန်ရီ၌ တာဝေးပစ် နျူကလီးယား ဒုံးကျည်စမ်းသပ်ပစ်လွှတ်သည့်နေရာကို ပြန်လည်တည်ဆောက်နေဟန်ရှိသည်ဟု အမေရိကန် မီဒီယာများက ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြခဲ့ကြပြီး သမ္မတထရမ့်က အဆိုပါသတင်းများ မှန်ကန်နေကြောင်းတွေ့ရှိရပါက သည်းခံနိုင်မည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**



အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်။

# တာလီဘန်ခေါင်းဆောင် အိုမာ အာဖဂန်ရှိ အမေရိကန် စစ်အခြေစိုက်စခန်းအနီးတွင် နေထိုင်ခဲ့

**ကဘူးလ် မတ် ၁၁**

တာလီဘန်အဖွဲ့အစည်းကို တည်ထောင်သူ မူလာအိုမာသည် အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန် စစ်အခြေစိုက်စခန်းနှင့် လမ်းလျှောက်သွားနိုင်သည့် အကွာအဝေးတွင် နေထိုင်ခဲ့ကြောင်း အမေရိကန်ထောက်လှမ်းရေးအဖွဲ့၏ ရှက်ရွံ့ဖွယ်ကျရှုံးမှုများကို အကြံပြုရေးသားထားသည့် စာအုပ်အသစ်တွင် ဖော်ပြထားသည်။

အမေရိကန်နှင့်အာဖဂန်ခေါင်းဆောင်များမှာ ဝရမ်းပြေးခေါင်းဆောင် ထွက်ပြေး လွတ်မြောက်သွားပြီးနောက်ဆုံးတွင် ပါကစ္စတန်တွင် သေဆုံးခဲ့သည်ဟု ယူဆခဲ့ကြသည်။ သို့သော် အိုမာ၏အတ္ထုပ္ပတ္တိအကြောင်း ရေးသားထားသည့်စာအုပ်တွင် အိုမာသည် ဇာဘူလ်ပြည်နယ်ရှိ အမေရိကန် အဓိက စစ်အခြေစိုက်စခန်းအနီး သုံးမိုင်ခန့် အကွာတွင် နေထိုင်ခဲ့သည်ဟု ဖော်ပြထားသည်။

ထိုနေရာ၌ပင် ၂၀၁၃ ခုနှစ်က သေဆုံးခဲ့ကြောင်း ဖော်ပြထားသည်။ ဒတ်ရှ်ဂျာနယ်လစ်တစ်ဦးဖြစ်သူ ဘတ်တီဒမ် ရေးသားသည့် ရန်သူတစ်ဦးရှာဖွေခြင်း စာအုပ်တွင် တာလီဘန်ခေါင်းဆောင်မှာ သီးခြားတစ်ဦးတည်း နေထိုင်ခဲ့ကြောင်း၊ ၎င်း၏မိသားစုဝင်များ လာရောက်တွေ့ဆုံခြင်းကိုလည်း လက်မခံခဲ့ကြောင်း ဖော်ပြထားသည်။

ဒမ်သည် အဆိုပါစာအုပ်ကို ရေးသားရန် အချိန်ငါးနှစ်ခန့်ယူကာ သုတေသနပြုလုပ်ခဲ့ကြောင်း အိုမာ၏ သက်တော်စောင့်တစ်ဦးဖြစ်သူ ဂျက်ဘာအိုမာရီနှင့်လည်း တွေ့ဆုံမေးမြန်းထားကြောင်း သိရသည်။

အိုမာ၏ခြံဝင်းအတွင်းနေထိုင်ကြသော မိသားစုများမှာလည်း အိုမာအကြောင်း တစ်စွန်းတစ်စမျှ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိကြောင်း၊ အမေရိကန် တပ်ဖွဲ့ဝင်များသည် ၎င်းကို နှစ်ကြိမ်တိုင်တိုင်တွေ့ရှိခဲ့ကြောင်း ဖော်ပြထားသည်။

**အေအက်ဖ်ပီ**

# အီရန်သမ္မတ ရိုဟာနီ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့သို့ရောက်ရှိ

**ဘဂ္ဂဒက် မတ် ၁၁**

အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီသည် အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်သို့ ပထမဆုံးအကြိမ် ချစ်ကြည်ရေးခရီးစဉ်အဖြစ် မတ် ၁၁ ရက်က ရောက်ရှိလာခဲ့ကြောင်း နိုင်ငံပိုင်ရုပ်သံဌာနတွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံအနေဖြင့် အိမ်နီးချင်း အီရန်နိုင်ငံနှင့် ချစ်ကြည်ရေးချည်နှောင်မှုအတိုင်းအတာကို ကန့်သတ်ရန် အမေရိကန်က အီရတ်အပေါ် ဖိအားပေးလျက်ရှိသည်။ အီရန်သမ္မတ ရိုဟာနီသည် တီဟီရန်မြို့မှ မထွက်ခွာမီ အီရန်နှင့်အီရတ် ဆက်ဆံရေးကို ထုတ်ဖော်ပြောကြားခဲ့ပြီး အီရတ်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှုကို အမေရိကန်လိုနိုင်ငံမျိုးနှင့် မနှိုင်းယှဉ်သင့်ကြောင်း ပြောကြားခဲ့သည်။

မစ္စတာရိုဟာနီသည် ၂၀၁၃ ခုနှစ် ၎င်းသမ္မတအဖြစ် စတင်တာဝန်ယူချိန်မှစ၍ ပထမဆုံးအကြိမ်အဖြစ် အီရတ်နိုင်ငံသို့ အလည်အပတ်ခရီး သွားရောက်ခဲ့ခြင်းဖြစ်သည်။ အီရတ်နှင့် အီရန် ဆက်ဆံရေးမှာ အထူးဆက်ဆံရေးပင်ဖြစ်ကြောင်း ရိုဟာနီက ဘဂ္ဂဒက်သို့ လေယာဉ်ဖြင့် မထွက်ခွာမီ တီဟီရန်မြို့ရှိ မီဟာဘတ်လေဆိပ်၌ ပြောကြား ခဲ့သည်။

ထို့ပြင် အီရန်နိုင်ငံသည် အိမ်နီးချင်း အီရတ်နိုင်ငံကို ကူညီရန်အဆင်သင့်ဖြစ်နေကြောင်းလည်း ပြောကြားခဲ့သည်။ အမေရိကန်တို့က အီရတ်နှင့် ဆီးရီးယားတို့တွင် ဗုံးများကြဲချခဲ့သည်ကို အခြားသောတိုင်းပြည်များက ဘယ်တော့မှမမေ့နိုင်ကြောင်းလည်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

အီရတ်နိုင်ငံသည် အီရန်ထံမှ လျှပ်စစ်နှင့် သဘာဝဓာတ်ငွေ့များ ဝယ်ယူရန် အကန့်အသတ်ဖြင့် ခွင့်ပြုထားခြင်းခံရသည်။ အမေရိကန်က အီရတ်နိုင်ငံကို အမေရိကန်ကုမ္ပဏီကြီးများနှင့်ပူးပေါင်းကာ စွမ်းအင်ကဏ္ဍတွင် အမှီအခိုကင်းရန်လည်း တောင်းဆိုထားသည်။ တူရကီနိုင်ငံပြီးလျှင် အီရန်နိုင်ငံသည် အီရတ်သို့ ကုန်ပစ္စည်းများ အထူးသဖြင့် မော်တော်ကား၊ ဓာတ်ငွေ့၊ သီးနှံနှင့် အိမ်ဆောက်ပစ္စည်းများ အများဆုံးတင်သွင်းသည့် နိုင်ငံလည်းဖြစ်သည်။ မစ္စတာ ရိုဟာနီ၏ သုံးရက်တာချစ်ကြည်ရေးခရီးစဉ်သည် အီရတ်သမ္မတ၏ ဖိတ်ခေါ်မှုကြောင့် သွားရောက်ခဲ့ခြင်းဖြစ်ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စတို့ကို ဆွေးနွေးသွားမည်ဖြစ်သည်။

**အေအက်ဖ်ပီ**



အီရန်သမ္မတ (ဝဲ) နှင့် အီရတ်သမ္မတ (ယာ) တို့ တွေ့ဆုံနှုတ်ဆက်စဉ်။

# အိန္ဒိယနိုင်ငံ အထွေထွေရွေးကောက်ပွဲ ဧပြီ ၁၁ ရက်တွင် ပြုလုပ်မည်

**နယူးဒေလီ မတ် ၁၁**

အိန္ဒိယနိုင်ငံ၏ ရွေးကောက်ပွဲ ကော်မရှင်နာ ဆူနေးလ်အာရိုရာ က ရွေးကောက်ပွဲကျင်းပမည့်အစီအစဉ်ကို တနင်္ဂနွေနေ့က ကြေညာခဲ့သည်။ ၎င်း၏ပြောကြားချက်အရ အဆင့် ၇ ဆင့် ဖြင့် ပြုလုပ်မည်ဖြစ်ပြီး ပထမအဆင့်ကို ဧပြီ ၁၁ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

မဲပေးမှု ဒုတိယအဆင့်ကို ဧပြီ ၁၈ ရက်တွင် ပြုလုပ်မည်ဖြစ်ကာ တတိယအဆင့်ကို ဧပြီ ၂၃ ရက်၊ စတုတ္ထအဆင့်ကို ဧပြီ ၂၉ ရက်၊ ပဉ္စမအဆင့်ကို မေ ၆ ရက်၊ ဆဋ္ဌမအဆင့်ကို မေ ၁၂ ရက်နှင့် သတ္တမအဆင့်ကို မေ ၁၉ ရက်တို့တွင် ပြုလုပ်သွားမည်ဟု ရွေးကောက်ပွဲကော်မရှင်အကြီးအကဲက ပြောသည်။ မဲစတင်ရေတွက်မှုကို မေ ၂၃ ရက်မှ စတင်ကာ ရေတွက်သွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

မဲဆန္ဒရှင်ပေါင်း သန်း ၉၀၀ ခန့်က မဲပေးမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ၂၀၁၄ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင် ၈၁၆ သန်းခန့်ရှိခဲ့ကြောင်းလည်း ရွေးကောက်ပွဲကော်မရှင်ရုံးချုပ်က ပြောသည်။

အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီကလည်း ယမန်နေ့က ပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲကျင်းပမည့်နေ့ အသိပေးကြေညာမှုကို ကြိုဆိုကြောင်း ပြောခဲ့သည်။ မဲဆန္ဒရှင်များအနေဖြင့် များပြားလှသည့်အရေအတွက်ပမာဏဖြင့် မဲပေးမှုပြုလုပ်ရမည်ဖြစ်ရာ မှန်ကန်စွာ မဲပေးနိုင်ရေး လေ့ကျင့်ထားကြရန် မိုဒီကတိုက်တွန်းခဲ့သည်။ ယခုတစ်ကြိမ်ပါလီမန် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင် ၈၄ ဒသမ ၃ သန်းခန့် ထပ်တိုးလာမည်ဖြစ်ပြီး မဲဆန္ဒရှင်ပေါင်း ၁၅သန်းခန့်မှာ အသက် ၁၈ နှစ်နှင့် ၁၉ နှစ်ကြား လူငယ်များဖြစ်ကြကြောင်း ရွေးကောက်ပွဲ ကော်မရှင်နာရုံးက ပြောသည်။

**ဆင်ဟွာ**

# မြောက်ကိုရီးယားအမျိုးသားကို သတ်မှုဖြင့် ဖမ်းဆီးထားသည့် အင်ဒိုနီးရှားအမျိုးသမီးကို ပြန်လွှတ်ပေး

**ကွာလာလမ်ပူ မတ် ၁၁**

မြောက်ကိုရီးယားခေါင်းဆောင်၏ အဖေတူအမေကွဲ အစ်ကိုအားလုပ်ကြံသတ်ဖြတ်ခဲ့သည်ဟု စွပ်စွဲခံထားရသည့် အင်ဒိုနီးရှားအမျိုးသမီးအပေါ် စွပ်စွဲထားမှုများကို မလေးရှားရှေ့နေများက ပြန်ရုပ်သိမ်းလိုက်ပြီးနောက် မတ် ၁၀ ရက်တွင် မလေးရှားတရားရုံးက ၎င်းကိုပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားအမျိုးသမီး ဆီတီအိုင်ရှာသည် ၂၀၁၇ ခုနှစ်က ကွာလာလမ်ပူလေဆိပ်၌ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း၏အစ်ကို ကင်ဂျုံနမ် အသတ်ခံရမှုအတွက် ဗီယက်နမ်အမျိုးသမီးတစ်ဦးနှင့်အတူ တစ်နှစ်နှင့် ခြောက်လခန့်ကြာအောင် အမှုရင်ဆိုင်ခဲ့ရသည်။ ၎င်းအနေဖြင့် ယခုကဲ့သို့ ပြန်လွတ်လာမည်ဟု ထင်မထားသည့်အတွက် အလွန်ပျော်ရွှင်ရကြောင်း အသက် ၂၇ နှစ်ရှိပြီဖြစ်သည့် အဆိုပါအမျိုးသမီးကပြောကြားခဲ့သည်။

အင်ဒိုနီးရှားအာဏာပိုင်များသည် အိုင်ရှာလွတ်မြောက်စေရန်အတွက် သံတမန်နည်းအရ ကြိုးပမ်းမှုများလုပ်ဆောင်ခဲ့သည်။ ထိုသို့ကြိုးပမ်းရာတွင် သမ္မတထံမှဖိအားပေးမှုလည်း ပါဝင်ခဲ့သည်။ ၎င်းလွတ်မြောက်စေရေးအတွက် တရားရေးဝန်ကြီးက မလေးရှားရှေ့နေချုပ်ထံသို့ ရေးသားခဲ့သည့်စာတစ်စောင်ကို အင်ဒိုနီးရှားအာဏာပိုင်များက ထုတ်ပြန်ခဲ့ပြီးနောက်တွင် တရားရေး ဝန်ကြီးက အိုင်ရှာအား လွှတ်ပေးရန် ပြီးခဲ့သည့် ရက်သတ္တပတ်တွင် သဘောတူလိုက်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



မလေးရှားတရားရုံးက ပြန်လွှတ်ပေးလိုက်သည့် အင်ဒိုနီးရှားအမျိုးသမီးကို တွေ့ရစဉ်။

# လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် ဆေးရုံရှိ လူနာများသေဆုံးရမှု ဗင်နီဇွဲလားငြင်းဆို

**ကရာကတ် မတ် ၁၁**

တိုင်းပြည်အတွင်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် ဆေးရုံပေါ်ရှိလူနာများ သေဆုံးရခြင်းမဟုတ်ကြောင်း ဗင်နီဇွဲလား ကျန်းမာရေးဝန်ကြီး ကာလို့စ်အယ်ဗာရာဒိုက ယမန်နေ့တွင် ပြောသည်။

လျှပ်စစ်ပြတ်တောက်မှုကြောင့် လူများသေဆုံးရသည်ဟူသောသတင်းမှာ မမှန်ကန်ကြောင်း ကျန်းမာရေးဝန်ကြီးက ပြောသည်။ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်စဉ် ဆေးရုံများရှိ လျှပ်စစ်ဂျင်နရေတာ ၉၀ရာခိုင်နှုန်းခန့်ဖြင့် အလုပ်လုပ်ခဲ့ကြောင်း၊ ထို့ကြောင့် လူနာများကို အကာအကွယ်ပေးနိုင်ခဲ့ကြောင်း၊ လူနာပေါင်း ၂၀၀ ခန့်မှာ ခွဲစိတ်ခန်းအတွင်း အရေးပေါ်အခြေအနေနှင့် ကုသနေကြကြောင်း ၎င်းက ဆက်ပြောခဲ့သည်။

ဆေးရုံပေါင်း ၂၉၈ ရုံတွင် ချက်ချင်းပြုလုပ်နိုင်သည့် အရေးပေါ်အစီအစဉ်ကိုလည်း ကျေးဇူးတင်ကြောင်း၊ ယင်းအစီအစဉ်ကြောင့် တိုင်းပြည်အတွင်း ကျန်းမာရေးစနစ်ကို ထိန်းထားနိုင်ခဲ့ကြောင်း ၎င်းကဆက်ပြောသည်။

ဗင်နီဇွဲလားနိုင်ငံအတွင်း ဆေးရုံများတွင် လျှပ်စစ်ဂျင်နရေတာ ၉၆ ရာခိုင်နှုန်းခန့်ဖြင့် အလုပ်လုပ်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ဆောင်မှုများကို ကောင်းမွန်စွာလုပ်ကိုင်နိုင်ကြောင်း ကျန်းမာရေးဝန်ကြီး ကာလို့စ်အယ်ဗာရာဒိုက ပြောသည်။

**ဆင်ဟွာ**

# ဝန်းသိုမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ကသာ မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကသာခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်အတူ ဝန်းသိုမြို့နယ်နှင့် အင်းတော်မြို့နယ်အတွင်းမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မတ် ၁၀ ရက်က ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဝန်းသိုမြို့ စူဠာမုနိ ကျောက်လှုပ်လှဲ့ စေတီတော်ကို ဦးစွာ သွားရောက်ဖူးမြော်ပြီး ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ပစ္စည်းများနှင့်ဝတ္ထုငွေများ ဆက်ကပ် လှူဒါန်းကာ စေတီတော်သို့သွားသည့် (၇)မိုင် တောင်တက်ရာသီလမ်းကို အဆင်ပြေချောမွေ့စွာ သွားလာနိုင်သည့်လမ်းဖြစ်အောင် ဆောင်ရွက်ရေးနှင့် ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လည်ပတ်သည့် နေရာဖြစ်ရေးနှင့် တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံး ပူးပေါင်းဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။



မောင်းကော်တံတား ဆောက်လုပ်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေးစဉ်

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၁)နှင့် တံတားအထူးအဖွဲ့(၂)တို့က တာဝန်ယူတည်ဆောက်နေသော ဆင်ကုန်း-ဝန်းသို-ပင်လယ်ဘူးလမ်းပေါ်ရှိ မောင်းကော်တံတား အရှည် ၁၃၅ ပေ တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများအား မှာကြားခဲ့ကာ ဆက်လက်၍ အင်းတော်မြို့နယ်ဆေးရုံ၌ အာရ်စီ သုံးထပ်ဆောင်သစ် ဆောက်လုပ်နေမှု အခြေအနေများကိုလည်း တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# ရပ်စောက်၌ ကျေးရွာမီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီး

**ရပ်စောက် မတ် ၁၁**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ရပ်စောက်မြို့နယ် ဖောင်းတောကျေးရွာအုပ်စုအတွင်းရှိ ဖောင်းတော၊ နောင်ခမ်း၊ ဘုရားဖြူ၊ လယ်တော်နှင့် နောင်ဘိုကျေးရွာများ၌ ဆောင်ရွက်ခဲ့သော လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲကို မတ် ၁၀ ရက်က ဖောင်းတောကျေးရွာ ဘုန်းကြီးကျောင်း၌ ကျင်းပခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အတွင်း၌ ခရိုင် ၁၃ ခုနှင့် မြို့နယ် (၅၅)ခုရှိရာ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ခရိုင် သုံးခုနှင့် မြို့နယ်(၂၁)မြို့နယ်ရှိကြောင်း၊ ထိုမြို့နယ်များအနက် ကာလိ၊ မိုင်းစံနှင့် ဟိုမိန်း မြို့သုံးမြို့သာ လျှပ်စစ်မီးရရှိရန် ကျန်ရှိနေပြီး ကျန်မြို့နယ်များအားလုံးမှာ လျှပ်စစ်ဓာတ်အား ရရှိနေပြီဖြစ်ကြောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင်လည်း မြို့နယ်အားလုံးနီးပါး၌ လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲလျက်ရှိကြောင်း၊ ပြည်နယ် အရှေ့ပိုင်းတွင်မူ နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ရရှိခြင်းမရှိသေးဘဲ မိမိတို့အစိုးရ တာဝန်ယူသည့်ကာလအတွင်း လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ၌လည်း ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်ရေး ကာလတိုနှင့် ကာလရှည် စီမံချက်များချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း အမှာစကားပြောကြားသည်။

ရှမ်းပြည်နယ်အတွင်း ပြည်သူများ လျှပ်စစ်ဓာတ်အား ပိုမိုရရှိသုံးစွဲနိုင်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေမှ ကျပ် ၁၂၀၄၅ ဒသမ ၃၁၇ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၂၃၂၆ ဒသမ ၇၅၈ သန်း၊ ၂၀၁၈-၂၀၁၉ ခြောက်လပတ်ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၀၅၅၈ ဒသမ ၄၈၂ သန်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၈၀၅၁ ဒသမ ၇၆၇ သန်းတို့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ရပ်စောက်မြို့နယ်တွင် ကျေးရွာ ၂၁၉ ရွာရှိပြီး ရွာ ၄၀ ၌ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲလျက်ရှိကာ ၁၇၉ ရွာ၌ လျှပ်စစ်ဓာတ်အား ရရှိရန် ကျန်ရှိကြောင်း၊ ယခု ကျေးရွာငါးရွာ၌ ၂၄ နာရီ လျှပ်စစ်ဓာတ်အား ထပ်မံရရှိပြီဖြစ်၍ ကျေးလက်နေ တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝများ ပိုမိုမြင့်မားလာတော့မည်ဖြစ်ကြောင်းလည်း ပြည်နယ်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# အင်းစိန်မြို့နယ်ခန်းမ တည်ဆောက်ရန် ပန္နက်တင်အခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၁၁**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ မြို့နယ်ခန်းမ တည်ဆောက်ရန် ပန္နက်တင်အခမ်းအနားကို မတ် ၁၀ ရက်က အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် မင်းကြီးလမ်း (ဗဟိုလမ်းဘေး)ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီပိုင် မြေပေါ်၌ ကျင်းပခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ပန္နက်တင်ပေးနေစဉ်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယခုတည်ဆောက်သည့် မြို့နယ်ခန်းမသည် အင်းစိန်မြို့နယ်အတွင်းရှိ အသင်းအဖွဲ့များအားလုံး အသုံးပြုနိုင်ရန် တည်ဆောက်ခြင်းဖြစ်ကြောင်း၊ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လုပ်ဆောင်ချက်များကို လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူကိုဗဟိုပြုပြီး ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီးတွင် မင်္ဂလာပန္နက်တိုင်များ စိုက်ထူပေးခဲ့သည်။

အဆိုပါ အင်းစိန်မြို့နယ်ခန်းမအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ယာ/အုံ)က တာဝန်ယူ၍ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ညဏ်လင်း**

# ရှားတောမြို့နယ်မှ ပြည်သူများနှင့် ကယားပြည်နယ်ဝန်ကြီးချုပ် တွေ့ဆုံဆွေးနွေး

**ရှားတော မတ် ၁၁**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ရှားတောမြို့နယ်၌ စုစည်းကျေးရွာတည်ထောင်စဉ်က နစ်နာခဲ့သည့် လယ်ပိုင်ရှင် ခြောက်ဦးထံသို့ နစ်နာကြေးပေးအပ်ခြင်းနှင့် မြို့နယ်အတွင်းမှ ပြည်သူလူထုနှင့် ကယားပြည်နယ်ဝန်ကြီးချုပ် တွေ့ဆုံပွဲကို မတ် ၉ ရက်က ရှားတောမြို့နယ် စုပေါင်းရုံးခန်းမ၌ ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် ကယားပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက သိမ်းဆည်းလယ်ယာမြေများနှင့်ပတ်သက်ပြီး ပြည်သူများနစ်နာမှုမရှိစေရန် နိုင်ငံတော်အကြီးအကဲများ၏ မူဝါဒများကို ပြည်နယ်အစိုးရက ပုံဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သိမ်းဆည်းလယ်ယာမြေများ ပြန်လည်ရရှိရေးအတွက်လည်း ကြိုးပမ်းပေးလျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့်လည်း မြေငှားဂရန် ပုံစံ(၇) မရရှိသေးပါက ဆက်လက်လျှောက်ထားရန်နှင့် သိရှိလိုသည်များကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြေစာရင်းဌာနများသို့ မေးမြန်းနိုင်ကြောင်း၊ ဌာနဆိုင်ရာများကလည်း ပြည်သူများသိရှိလိုသည်များကို စိတ်ရှည်လက်ရှည် ဖြေကြားပေးကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေးက နစ်နာကြေးပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စုစည်းကျေးရွာတည်ထောင်စဉ်က နစ်နာခဲ့သည့် လယ်ပိုင်ရှင်ခြောက်ဦးထံသို့ နစ်နာကြေးငွေ ကျပ် ၂၇၄ ဒသမ ၈ သိန်းကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ရှားတောမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က ပေးအပ်ခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရှားတောမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးရှိ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ် ဆောက်လုပ်မှု၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဆောက်လုပ်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ငြိမ်းချမ်းရေး မြို့ဦးစေတီကို သွားရောက်ဖူးမြော်၍ ဗုဒ္ဓရုပ်ပွားတော်မြတ် ၁၂ ဆူကို ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံနိုင်ရန် ကျပ် ၈၃ သိန်း ပေးအပ်လှူဒါန်းခဲ့သည်။ ထို့အပြင် အမက(ကယားပိုင်း)မှ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသားကျောင်းသူများ စာဖတ်ဝိုင်းအတွက် ကျပ်တစ်သိန်းကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ပွန်ချောင်း-ရှားတောလမ်း ချဲ့ထွင်နေမှုနှင့် ပွန်ချောင်း - ဆူးဖဲလောလမ်း လုပ်ငန်းများကိုလည်း ကြည့်ရှုစစ်ဆေးခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# လက်ပံတန်း-ကျွန်းကလေးလမ်းပေါ်ရှိ တံတားတည်ဆောက်မှုကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် စစ်ဆေး

**လက်ပံတန်း မတ် ၁၁**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် လက်ပံတန်း-ကျွန်းကလေးလမ်းပေါ်ရှိ လက်ပံတန်းမြို့အဝင် တံတားအမှတ်(၃/၈၉)တည်ဆောက်ခြင်းလုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မတ် ၁၀ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား တိုင်းဒေသကြီးလမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်ထွန်းက တံတားဆောက်လုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က လိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။ အဆိုပါတံတားသည် လက်ပံတန်း-ကျွန်းကလေးလမ်း မိုင်တိုင်အမှတ် (၈၈/၃)နှင့် (၈၈/၄)ကြားတွင်ရှိပြီး ယခင် သစ်သားတံတားနေရာ၌ အရှည်ပေ ၁၄၀၊ အကျယ် ပေ ၄၀ ရှိ နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ ပြန်လည်တည်ဆောက်နေခြင်းဖြစ်ကာ ပဲခူးတိုင်းဒေသကြီးအစိုးရ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၅၀၄ သန်းဖြင့် IDECO ကုမ္ပဏီလီမိတက်က တာဝန်ယူ၍ တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။



တံတားဆောက်လုပ်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်အား ရှင်းလင်းတင်ပြစဉ်။

**ဟိန်းထက် (ပဲခူး)**

# မီးဘေးသင့်အိမ်ထောင်စုအတွက် ထောက်ပံ့ငွေပေးအပ်

**ဟင်္သာတ မတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက ဟင်္သာတမြို့နယ် ရှားခဲကျေးရွာအုပ်စု မဲဇလီကွင်းကျေးရွာတွင် မီးလောင်မှုကြောင့် နေအိမ်ပျက်စီးဆုံးရှုံးသွားသည့် မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုမှာ မတ် ၉ ရက်က ဖြစ်ပွားခဲ့ပြီး မီးလောင်မှုကြောင့် အိမ်ခြေ တစ်လုံးပျက်စီးခြင်းအတွက် အိမ်ဆောက်ပစ္စည်း ငွေကျပ် ၂၀၀၀၀၀၊ မီးဘေးသင့်လူဦးရေ လေးဦးအတွက် ဆန်ရိက္ခာ ၇ ရက်စာ ရန်ပုံငွေကျပ် ၈၄၀၀၊ ကယ်ဆယ်ရေး ပစ္စည်း ၁၅ မျိုး တစ်အိမ်ထောင်စာတန်ဖိုး ငွေကျပ် ၃၂၃၅၃ နှင့် ပလတ်စတစ်ဖျာ တစ်ချပ် စုစုပေါင်း ထောက်ပံ့မှုတန်ဖိုးငွေကျပ် ၂၄၀၇၅၃ ကို ဟင်္သာတခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသန်းစိုးနှင့် ဟင်္သာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက မီးဘေးသင့်ပြည်သူများလက်ဝယ်သို့အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော် (ပြန်/ဆက်)**

# ကမ္ဘာ့အကြီးဆုံး စည်တော်ကြီးကို အင်းတော်မြို့ အေးမြသာယာပြည်သူ့အားကစားကွင်းအတွင်း သယ်ဆောင်ထားရှိ


စည်တော်ကြီးကို အင်းတော်မြို့ အေးမြသာယာပြည်သူ့အားကစားကွင်းသို့ သယ်ဆောင်လာစဉ်။

**အင်းတော် မတ် ၁၁**

ကမ္ဘာ့အကြီးဆုံး သစ်လုံးထွင်းစည်တော်ကြီးကို အများပြည်သူ လေ့လာနိုင်ရန်အတွက် အင်းတော်မြို့ အေးမြသာယာပြည်သူ့အားကစားကွင်းအတွင်းသို့ ယမန်နေ့က သယ်ဆောင်ထားရှိကြောင်း ဆရာပွဲ မြန်မာတူရိယာအမျိုးမျိုးလုပ်ငန်းမှ သိရသည်။

ကမ္ဘာ့အကြီးဆုံး သစ်လုံးထွင်းစည်တော်ကြီးကို စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် လက်ပံကုန်းကျေးရွာရှိ ဆရာပွဲ မြန်မာတူရိယာ အမျိုးမျိုးလုပ်ငန်းမှ ကုက္ကိုသားဖြင့် ထွင်းထုပြီး ကောင်းမှုတော်စေတီတော်သို့ လှူဒါန်းခြင်းဖြစ်ကာ ကောင်းမှုတော်စေတီတော်သို့ သယ်ဆောင်ထားရှိရန် ယမန်နေ့က ဆရာပွဲ မြန်မာတူရိယာအမျိုးမျိုးလုပ်ငန်းမှ အင်းတော်မြို့ အေးမြသာယာပြည်သူ့အားကစားကွင်းအတွင်းသို့ သယ်ဆောင်ထားရှိခြင်းဖြစ်ကာ အဆိုပါအားကစားကွင်းအတွင်းပင် မတ် ၁၀ ရက် ညပိုင်းတွင် သီတဂူဆရာတော်ဘုရားကြီးမှ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်ပြီး မတ် ၁၁ ရက်မှ မတ် ၁၇ ရက်အထိ အသံမစဲပဋ္ဌာန်းပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မတ် ၁၇ ရက် နံနက်မှ စတင်၍ အင်းတော်မြို့မှ ကောလင်းမြို့သို့ သယ်ဆောင်မည်ဖြစ်ကာ ကောလင်းမြို့ရှိ အားကစားကွင်းအတွင်း ညအိပ်ရပ်နားပြီး တရားပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း၊ မတ် ၁၈ ရက်တွင် ကောလင်းမြို့မှ ရွှေဘိုမြို့သို့ သယ်ဆောင်မည်ဖြစ်ကာ ရွှေဘိုမြို့ရှိ ချမ်းသာကြီးဘုရားတွင် ညအိပ်ရပ်နားပြီး တရားပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း၊ မတ် ၁၉ ရက်တွင် ရွှေဘိုမြို့မှ စစ်ကိုင်းမြို့ ကောင်းမှုတော်စေတီတော်သို့ သယ်ဆောင်မည်ဖြစ်ကြောင်း ဆရာပွဲ မြန်မာတူရိယာအမျိုးမျိုးလုပ်ငန်းမှ သိရသည်။

ကောင်းမှုတော်စေတီတော်သို့ လှူဒါန်းသည့် ကမ္ဘာ့အကြီးဆုံး သစ်လုံးထွင်း စည်တော်မှာ အလျား ၁၂၈ လက်မ၊ အမြင့် ၆၄ လက်မ၊ စည်တော် မျက်နှာ ဝ အကျယ် ၅၄ လက်မရှိပြီး စည်တော် မျက်နှာပြင်အတွက် ကျွဲသားရေနှစ်ချပ်နှင့် စည်တော်စည်ကျစ်ကြိုးအတွက် နွားသားရေ ၁၈ ချပ်ကို အသုံးပြုထားကာ စည်တော်အတွင်းပိုင်းကို ဘုရားဟောတရားဒေသနာတော်နှင့် ဂါထာတော်များ၊ ဗားမဲ့ဆရာတော်၏ ဂါထာတော်နှင့် လောကီအစီအမံများ၊ စည်တော်အပြင်တွင် ဗုဒ္ဓဘုရားရှင်၏ ၁၀၈ ကွက်သော ဗုဒ္ဓခြေတော်ရာ စက်လက္ခဏာအား နတ်သားများ ပူဇော်နေသည့်ပုံကို ထည့်သွင်း၍ ပြုလုပ်ထားကြောင်း သိရသည်။

စစ်ကိုင်းမြို့ ကောင်းမှုတော်စေတီကြီး၌ ကမ္ဘာ့အကြီးဆုံး သစ်လုံးထွင်း စည်တော်ကြီးကို ထားရှိရန်အတွက် ညောင်ရမ်းခေတ်ပုံစံ အဆောက်အအုံ တည်ဆောက်မှု ၇၅ ရာခိုင်နှုန်းပြီး စီးနေပြီဖြစ်ပြီး တပေါင်းလပြည့်မတိုင်မီ အပြီး ဆောက်လုပ်သွားမည်ဖြစ်ကြောင်း၊ ကုန်ကျငွေမှာ ငွေကျပ်သိန်း ၅၀၀ ခန့် ကုန်ကျမည်ဖြစ်ပြီး ကမ္ဘာ့အကြီးဆုံး စည်တော်ကြီးထားရှိရန်အတွက် ညောင်ရမ်းခေတ်ပုံစံ အဆောက်အအုံ၏ အကျယ်အဝန်းမှာ ပေ ၃၀၊ အမြင့်ပေ ၇၀ ရှိမည်ဖြစ်ကြောင်း ကောင်းမှုတော်စေတီဂေါပကအဖွဲ့ထံမှ သိရသည်။

**ခိုင်ဇေယျ**

# ရွှေစာရံဘုရားပွဲတော် သင်္ကေတအဖြစ် ထန်းရွက်ပုတီး လက်မှုပညာရပ်များ ထိန်းသိမ်းစောင့်ရှောက်သွားမည်

**မန္တလေး မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် နှစ်စဉ်တပေါင်းလပြည့်နေ့မှ လပြည့်ကျော် ၈ ရက်အထိ ကျင်းပလေ့ရှိသည့် ရွှေစာရံဘုရားပွဲတော်တွင် ပွဲတော်သင်္ကေတအဖြစ် ထုတ်လုပ်ရောင်းချနေသည့် ထန်းရွက်ပုတီး လက်မှုပညာရပ်များ ပျောက်ကွယ်ခြင်း မရှိစေရန် ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ကြောင်း အဆိုပါလက်မှုပစ္စည်းများ အဓိကထုတ်လုပ်သည့် ကျောက်ဆည်မြို့နယ် ညောင်ဝန်းကျေးရွာမှ ဦးတာက ပြောသည်။

အဆိုပါဘုရားပွဲတော်တွင် ရောင်းချနေသည့် ထန်းရွက်ပုတီး၊ ထန်းရွက်ငါး၊ ထန်းရွက်ယပ်တောင်နှင့် တံခွန်လုံး လက်မှုပညာရပ်များကို ညောင်ဝန်းကျေးရွာမှ ဘိုးဘွားစဉ်ဆက် လက်ဆင့်ကမ်း သင်ကြားကာ ဖန်တီးထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“ဒီလုပ်ငန်းက လူအင်အားသုံးပြီး လုပ်ရတဲ့အတွက် မိသားစုများတဲ့ လူတွေပဲ တစ်ပိုင်တစ်နိုင်လုပ်မှ တွက်ခြေကိုက်ပြီး လူငှားနဲ့ လုပ်ရင်တော့ အဆင်မပြေနိုင်ဘူး။ ဒါကြောင့် အရင်က ဒီရွာမှာ လုပ်ကိုင်သူ ၁၀ ဦးအထက်မှာ ရှိပေမယ့် အခု တော့ ခုနစ်ဦးလောက်ပဲ ကျန်တော့တယ်။ ကျွန်တော်တို့မိသားစုကတော့ ဒီလက်မှုလုပ်ငန်းကို အသက်မွေးဝမ်းကျောင်းမှုအပြင် ရွှေစာရံဘုရားပွဲတော် တည်ရှိနေသရွေ့ သားစဉ်မြေးဆက် လက်ဆင့်ကမ်း သင်ကြားပြီး မပျောက်ကွယ်အောင် ဆက်လက်ထိန်းသိမ်းပြီး ထုတ်လုပ်သွားမှာပါ ”ဟု ၎င်းက ပြောသည်။


ညောင်ဝန်းကျေးရွာလုပ် ထန်းရွက်ပုတီးများကို တွေ့ရစဉ်။

အဆိုပါ မြန်မာ့ရိုးရာလက်မှုပစ္စည်း ထုတ်လုပ်မှုများကို အေးမြသည့် ဆောင်းရာသီအတွင်း၌သာ အဓိကထားလုပ်ကိုင်နိုင်ပြီး လက်ရှိထုတ်လုပ်ထားသည့် ပစ္စည်းများအပြင် ယခုနှစ်ပွဲတော်တွင် ဆန်းသစ်တီထွင် ထုတ်လုပ်ထားသည့် ထန်းရွက်ဒေါင်းရုပ်များကိုလည်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ကျောက်ဆည်မြို့နယ် ညောင်ဝန်းကျေးရွာမှ ထုတ်လုပ်သည့် အဆိုပါ မြန်မာမှုလက်ရာ ထွက်ကုန်ပစ္စည်းများကို ရွှေစာရံ ဘုရားပွဲတော်နှင့် မြစ်သားမြို့နယ်ရှိ ပြက္ခရွှေတောင်ဘုရားပွဲများတွင် အဓိကအားထား ရောင်းချလေ့ရှိပြီး ယခုနောက်ပိုင်းတွင် သင်္ကြန်ပွဲတော်များ၊ ဟိုတယ်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင်များမှလည်း မှာယူရောင်းချမှုများရှိလာကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

## နံ့သာတောင်ကျေးရွာ ပြန်လည်တည်ဆောက်နိုင်ရေး နေအိမ်မြေနေရာများကို တိုင်းတာ

**တောင်ပြိုလက်ဝဲ မတ် ၁၁-** မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့ ကွမ်းသီးပင်ကျေးရွာအုပ်စု နံ့သာတောင်ကျေးရွာ ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ယမန်နေ့က မြို့နယ်မြေစာရင်းဦးစီးမှူး ဦးထွန်းအေးကျော် နှင့်အဖွဲ့တို့က နေအိမ်ဆောက်လုပ်မည့် မြေနေရာများကို တိုင်းတာခြင်းနှင့် ပန္နက်ရိုက်ခြင်းများ ပြုလုပ်သည်။

အဆိုပါ နေအိမ်များဆောက်လုပ်ခြင်းကို အိန္ဒိယနိုင်ငံ အစိုးရ၏ထောက်ပံ့ငွေဖြင့် အလျား ၂၄ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ၁၁ ပေ၊ သွပ်မိုး၊ ကွန်ကရစ်ခင်း၊ ပရိကတ်ကာ၊ တစ်ထပ်အိမ် ၄၂ လုံးကို တည်ဆောက်သွားမည်ဖြစ်ပြီး နေအိမ်တစ်လုံးစီ၏ ခွင့်ပြုကုန်ကျငွေကျပ် ၁၈၅ သိန်းဖြစ်ကြောင်းနှင့် ယင်းကျေးရွာသည် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်က အကြမ်းဖက်မီးရှို့ဖျက်ဆီးခြင်းခံရသည့် ရခိုင်ကျေးရွာဖြစ်ကြောင်း သိရသည်။

**မြို့နယ်( ပြန် / ဆက်)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၁-၃-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၃၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၃၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၈၀/၉၅၀ | ကျပ် | ၉၅၀/၉၅၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၉၀/၉၆၀ | ကျပ် | ၉၆၅/၉၇၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၉၅/၇၆၀ | ကျပ် | ၇၉၅/၈၂၀ | ကျပ် |
| အောက်တိန်း ၉၅ | ၇၈၅/၈၅၅ | ကျပ် | ၈၉၅/၉၀၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၉ ・ ၅ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၀၈ ・ ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၈ ・ ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၇၅ ・ ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၆၆ ・ ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၇၁ ・ ၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ ・ ၉၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၇၂၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၄ ・ ၀၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၁ ・ ၅၆ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ ・ ၈၈၈ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

မျက်မှောက်ခေတ်သည် ကမ္ဘာ့သမိုင်းတွင် တတိယအကြိမ်မြောက် ပါဝါအရွှေ့အပြောင်းကာလဖြစ်ပြီး စူပါပါဝါအမေရိကန်နှင့် အနောက်နိုင်ငံများမှလွဲ၍ ကျန်နိုင်ငံများ စန်းထသောကာလဟူ၍ အမေရိကန်ဂျာနယ်လစ် ဖာရိဒ်ဇက္ကရီးယားက ဆိုခဲ့ဖူးသည်။ အိန္ဒိယသမုဒ္ဒရာကို မျက်နှာမူသော အိန္ဒိယနိုင်ငံနှင့် ပစိဖိတ်သမုဒ္ဒရာကို မျက်နှာမူသော တရုတ်နိုင်ငံတို့ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်သို့ တက်လှမ်းခဲ့ပြီးနောက်တွင် ''သမုဒ္ဒရာနှစ်စင်း သီအိုရီ'' ပေါ်ထွက်လာသည်။ အဆိုပါ သီအိုရီသည် စူပါပါဝါနိုင်ငံကြီးနှင့်တကွ ပါဝါနိုင်ငံသစ်များ၊ အင်ဒို-ပစိဖိတ်ရပ်ဝန်းမှ နိုင်ငံများနှင့် အာဆီယံနိုင်ငံများအတွက်သာမက မိမိတို့မြန်မာနိုင်ငံအတွက်ပါ အရေးပါသလို စိတ်ဝင်စားဖွယ်ကောင်းပြီး လေ့လာနားလည်ရန်လိုအပ်သည့်အတွက် စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦး လေ့လာပြုစုရေးသားထားသည့် '' သမုဒ္ဒရာနှစ်စင်း သီအိုရီ (သို့မဟုတ်) အင်ဒို- ပစိဖိတ်မဟာဗျူဟာ'' ဆောင်းပါးကို အပတ်စဉ် အခန်းဆက်ဆောင်းပါးအဖြစ် ဖော်ပြအပ်ပါကြောင်း။

(စာတည်းအဖွဲ့)



# သမုဒ္ဒရာနှစ်စင်း သီအိုရီ (သို့မဟုတ်) အင်ဒို-ပစိဖိတ်မဟာဗျူဟာ

တက္ကသိုလ် ဟန်စိုးဦး

*ယခင်အပတ်မှအဆက်*

**အိန္ဒိယ-ပါကစ္စတန် အငြင်းပွားမှု**

မိုင်ပေါင်း ၁၃၀၀ ကျော် နယ်နိမိတ်ချင်း ထိစပ်နေတဲ့ အိန္ဒိယနိုင်ငံနဲ့ ပါကစ္စတန်နှစ်နိုင်ငံ နယ်နိမိတ်ရဲ့အစိတ်အပိုင်း အချို့ဟာ နှစ်နိုင်ငံအကြား ပိုင်ဆိုင်မှုအငြင်းပွားခဲ့တာ ဗြိတိသျှ အုပ်ချုပ်မှုနောက်ပိုင်းကဆိုရင် နှစ်ပေါင်း ၇၀ ကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ်။ နှစ်နိုင်ငံအကြား ၁၉၄၇ ခုနှစ်၊ ၁၉၆၅ ခုနှစ်၊ ၁၉၇၁ ခုနှစ်နဲ့ ၁၉၉၉ ခုနှစ်တွေမှာ လေးကြိမ်တိုင်တိုင် စစ်ဖြစ်ပွားခဲ့သလို နယ်စပ်ထိတွေ့မှုတွေလည်း အကြိမ်များစွာ ဖြစ်ပေါ်ခဲ့ပါတယ်။ အရှေ့ပါကစ္စတန်ကနေ ဘင်္ဂလားဒေ့ရှ်နိုင်ငံအဖြစ် ခွဲထွက်ခဲ့တဲ့ ၁၉၇၁ ခုနှစ် စစ်ပွဲကလွဲလို့ ကျန်စစ်ပွဲတွေဟာ ကက်ရှ်မီးယား ဒေသပိုင်ဆိုင်မှု အငြင်းပွားမှုကနေ ဖြစ်ပေါ်လာခဲ့တဲ့ စစ်ပွဲတွေဖြစ်ပါတယ်။ အဲဒီဒေသနားမှာပဲ တရုတ်နိုင်ငံက ပိုင်ဆိုင်ကြောင်း ကြေညာထားတဲ့ Aksai Chin ဒေသမှာ တရုတ်က ပါကစ္စတန်နိုင်ငံနဲ့ နယ်နိမိတ်သတ်မှတ်ရေး စာချုပ်ချုပ်ဆိုခဲ့တာကို အိန္ဒိယနိုင်ငံက အသိအမှတ်မပြုပါဘူး။

အိန္ဒိယနိုင်ငံနဲ့ ပါကစ္စတန်နိုင်ငံအကြား အငြင်းပွားမှုတွေဟာ ပြည်တွင်းနိုင်ငံရေး အခြေအနေတွေ၊ ပထဝီနိုင်ငံရေး အခြေအနေတွေ ကြောင့် တင်းမာမှုတွေကို ပိုမိုမြင့်မားလာစေခဲ့ပါတယ်။ အိန္ဒိယနိုင်ငံဟာ သူ့ရဲ့ကြွယ်ဝတဲ့ သယံဇာတအရင်းအမြစ်တွေ၊ များပြားလှတဲ့ လူဦးရေတွေအပေါ် အခြေပြုပြီး အင်အားကြီးနိုင်ငံ တစ်နိုင်ငံဖြစ်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အိန္ဒိယနိုင်ငံ ဒေသတွင်း အင်အားကြီးနိုင်ငံ တစ်နိုင်ငံဖြစ်လာရေး ကြိုးပမ်းမှုကြောင့် ပါကစ္စတန်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံအကြား စီးပွားရေးနဲ့ စစ်ရေးစွမ်းဆောင်ရည်တွေမှာ ကွာဟမှုတွေ ကြီးမားလာနေတာကြောင့် ပါကစ္စတန်နိုင်ငံဟာ အိန္ဒိယနိုင်ငံရဲ့လွှမ်းမိုးလာနိုင်ခြေရှိမှုကို ရှောင်ရှားနိုင်ဖို့ အားထုတ်လာခဲ့ပါတယ်။ အိန္ဒိယနိုင်ငံ ကမ္ဘာ့နိုင်ငံရေးစင်မြင့်မှာ နေရာတစ်နေရာ ရရှိလာမှာကို ကြိုးပမ်းဟန့်တားနေသလို ပါကစ္စတန်နိုင်ငံဟာ ကက်ရှ်မီးယားဒေသရဲ့လက်ရှိအနေအထားကိုလည်း ပြန်လည်ပြင်ဆင်နိုင်ဖို့ ဆောင်ရွက်လာခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အဏုမြူလက်နက်ပိုင်ဆိုင်ရေး ကြိုးပမ်းမှု၊ သမားရိုးကျစစ်ပွဲ ကန့်သတ်ဆင်နွှဲမှု၊ အကြမ်းဖက်အုပ်စုတွေကို အားပေးပြီး အိန္ဒိယနိုင်ငံတွင်းမှာ တိုက်ခိုက်မှုတွေ ပြုလုပ်စေခြင်း နည်းလမ်းတွေကို ပြုလုပ်လာခဲ့ပါတယ်။ အိန္ဒိယနိုင်ငံဟာ ရန်သူဖြစ်ပြီး ပြည်ပအန္တရာယ်တစ်ခုအဖြစ် ပါကစ္စတန်နိုင်ငံအတွင်းမှာ ရှုမြင်ကြတာကြောင့် ပါကစ္စတန်ကြည်းတပ်မတော်ဟာ ခိုင်မာတဲ့အခန်းကဏ္ဍကနေ ပါဝင်ခွင့်ရရှိနေပါတယ်။

အဏုမြူလက်နက်ပိုင်ဆိုင်ထားကြတဲ့ အိန္ဒိယနိုင်ငံနဲ့ ပါကစ္စတန်နှစ်နိုင်ငံအကြား အငြင်းပွားမှုတွေ ပိုမိုပြင်းထန်လာခဲ့ရင် ဒေသခွဲထဲမှာရှိနေတဲ့ နိုင်ငံတွေသာမက အင်အားကြီးနိုင်ငံတွေဖြစ်တဲ့ တရုတ်၊ ရုရှားနဲ့ အမေရိကန်နိုင်ငံတို့ပါ ပါဝင်လာနိုင်စရာအကြောင်းတရားတွေ ရှိနေတဲ့အတွက် ဒေသရဲ့ တည်ငြိမ်အေးချမ်းမှုအပေါ် မသေချာမရေရာတဲ့ အကျိုးသက်ရောက်မှုတွေ ဖြစ်ပေါ်လာစေမှာဖြစ်ပါတယ်။ နှစ်နိုင်ငံအကြား အကန့်အသတ်နဲ့ ပဋိပက္ခတွေ ဖြစ်လာခဲ့ရင်လည်း ဒီပဋိပက္ခတွေဟာ ပါကစ္စတန်မှာရှိတဲ့ အစ္စလာမ့်စ် စစ်သွေးကြွအုပ်စုတွေနဲ့ အိန္ဒိယမှာရှိတဲ့ သူပုန်အုပ်စုတွေကို ရဲဆေးတင်ပေးသလို ဖြစ်လာစေနိုင်ပါတယ်။ တရုတ်နိုင်ငံဟာ ပါကစ္စတန်နိုင်ငံနဲ့ ချစ်ကြည်ရင်းနှီးမှု ရယူထားတဲ့အတွက် ပါကစ္စတန်နဲ့ အိန္ဒိယအကြား ပဋိပက္ခတွေ ဖြစ်လာခဲ့ရင် တရုတ်နဲ့အိန္ဒိယအကြား အငြင်းပွားနေတဲ့ ဒေသကို ပိုမိုလုံခြုံစိတ်ချရအောင် ဆောင်ရွက်လာမှာဖြစ်သလို နီပေါနဲ့ ဘူတန်နိုင်ငံတွေမှာ သူ့ရဲ့သြဇာလွှမ်းမိုးနိုင်မှုကိုလည်း တိုးမြှင့်လာမှာ ဖြစ်ပါတယ်။ အလားတူ တရုတ်-ပါကစ္စတန်စီးပွားရေးစင်္ကြံတစ်လျှောက်မှာရှိတဲ့ သူ့ရဲ့ပိုင်ဆိုင်မှုတွေကိုလည်း ကာကွယ်နိုင်ဖို့ ဆောင်ရွက်လာမှာ ဖြစ်ပါတယ်။ အာရှေ့ဗျပင်လယ်အနီးတစ်ဝိုက်မှာ ဖြစ်ပွားမယ့် အိန္ဒိယ ပါကစ္စတန်ပဋိပက္ခကနေ ဖြစ်ပေါ်လာမယ့် စီးပွားရေးအရ အကျိုးသက်ရောက်မှုကတော့ အင်ဒို-ပစိဖိတ်ဒေသတွင်းမှာရှိတဲ့ ရေနံနဲ့အခြားကုန်သွယ်မှုလမ်းကြောင်းတွေကို အနှောင့်အယှက်ဖြစ်စေမှာ ကျိန်းသေပါတယ်။

အိန္ဒိယ-ပါကစ္စတန် ပဋိပက္ခနဲ့ ပတ်သက်ပြီး အမေရိကန်ပြည်ထောင်စုရဲ့ စိုးရိမ်ပူပန်မှုက ဒေသတွင်းမှာ အကြမ်းဖက်လှုပ်ရှားမှုတွေ များပြားလာမယ့် အရေးကိစ္စနဲ့ အကြမ်းဖက်သူတွေလက်ထဲကို အဏုမြူလက်နက်တွေ ရောက်ရှိသွားမယ့် အရေးကိစ္စပဲ ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုအနေနဲ့ အိန္ဒိယနိုင်ငံနဲ့ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးကို ဖွဲ့စည်းထားတာ မကြာသေးသလို တစ်ဖက်မှာလည်း အမေရိကန်ဟာ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးကို ထိန်းညှိတဲ့အနေနဲ့လည်းကောင်း၊ ပါကစ္စတန်နိုင်ငံရှိ အဏုမြူလက်နက်များရဲ့ စိတ်ချရမှုရှိစေရေးအတွက် လည်းကောင်း၊ ပါကစ္စတန်နိုင်ငံကိုလည်း အကူအညီများ ဆက်လက်ပေးအပ်လျက်ရှိနေပါတယ်။ အကယ်၍များ အိန္ဒိယနဲ့ ပါကစ္စတန်နိုင်ငံအကြား ပဋိပက္ခဖြစ်လာခဲ့သည်ရှိသော် အမေရိကန်နိုင်ငံအနေနဲ့ နှစ်နိုင်ငံလုံးနဲ့ ရှိနေတဲ့ဆက်ဆံရေးကြောင့် ရပ်တည်ဖို့ခက်ခဲတဲ့ အနေအထားကို ကြုံတွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီလိုအခြေအနေမျိုးမှာ တရုတ်နိုင်ငံဟာ သူ့ရဲ့သြဇာလွှမ်းမိုးမှု ပိုမိုများပြားလာမှာကိုလည်း အမေရိကန်နိုင်ငံက စိုးရိမ်ပူပန်နေပါတယ်။

**ထိုင်ဝမ်ရေလက်ကြား**

တရုတ်နိုင်ငံမှာ ပြည်တွင်းစစ်တွေ ပြီးဆုံးခဲ့တဲ့ ၁၉၄၉ ခုနှစ်ကစပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ ထိုင်ဝမ်(တရုတ်တိုင်ပေ) အကြား တင်းမာမှုတွေဟာ ယခုအချိန်အထိ ရှိနေဆဲဖြစ်ပါတယ်။ တရုတ်နိုင်ငံအနေနဲ့ ထိုင်ဝမ်(တရုတ်တိုင်ပေ) ဟာ ပြည်မကြီးရဲ့ ခွဲထွက်မရတဲ့ အစိတ်အပိုင်းတစ်ခု အဖြစ်သာ လက်ခံထားသလို တစ်ဖက်မှာလည်း ထိုင်ဝမ်(တရုတ်တိုင်ပေ)ဟာ ဒီမိုကရေစီစနစ်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးနဲ့စီးပွားရေး၊ သီးသန့်ငွေကြေး၊ တပ်မတော်နဲ့ သံတမန်ဆက်ဆံရေးတွေကို ထူထောင်ထားရှိပါတယ်။ ဝယ်ယူနိုင်စွမ်းအား (PPP) နဲ့ တွက်ရင် တိုင်ဝမ်ရဲ့စီးပွားရေးအဆင့်အတန်းဟာ ကမ္ဘာပေါ်မှာ အဆင့် ၁၉ ရှိပါ တယ်။ တရုတ်ပြည်မကြီးနဲ့ ထိုင်ဝမ်(တရုတ်တိုင်ပေ)ကို ပိုင်းခြားထားတဲ့ ထိုင်ဝမ်ရေလက်ကြားဟာ အကျဉ်းဆုံးနေရာမှာ ၈၁ မိုင်သာ ကျယ်ပြန့်ပြီး ဒီရေလက်ကြားဟာ နှစ်ဖက်အကြား တင်းမာမှုအမြင့်မားဆုံး သုံးကြိမ် တိုင်တိုင် ဖြစ်ပွားခဲ့ပါတယ်။ ၁၉၅၄-၅၅ ခုနှစ်နဲ့ ၁၉၅၈ ခုနှစ်တွေမှာ တရုတ်နိုင်ငံ တပ်မတော်ဟာ ထိုင်ဝမ် (တရုတ်တိုင်ပေ) ကို ရေလက်ကြားအတွင်းမှာ အမြောက်များနဲ့ ပစ်ခတ်ခဲ့ပြီး ၁၉၉၅-၁၉၉၆ ခုနှစ်အတွင်းမှာတော့ တရုတ်နိုင်ငံဟာ ရေလက်ကြားအတွင်းမှာ ဒုံးကျည် စမ်းသပ်ပစ်ခတ်မှုတွေ ပြုလုပ်ခဲ့ပါတယ်။

၂၀၁၆ ခုနှစ်အတွင်းထိုင်ဝမ်(တရုတ်တိုင်ပေ) မှာ စိုင်အင်ဝမ်သမ္မတဖြစ်လာတဲ့အချိန်မှာ နှစ်ဖက်အကြား တင်းမာမှုတွေ ပြန်လည်မြင့်မားလာခဲ့ပါတယ်။ စိုင်အင်ဝမ်ဦးဆောင်တဲ့ DPP ပါတီဟာ ထိုင်ဝမ်(တရုတ်တိုင်ပေ) ကို သီးခြားလွတ်လပ်ခွင့်ရရှိရေးအတွက် နှစ်ပေါင်းများစွာ ကြိုးပမ်းလာခဲ့တဲ့ပါတီဖြစ်တာကြောင့် တရုတ်နိုင်ငံအတွက် ခြိမ်းခြောက်မှုတစ်ခုဖြစ်နေပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံဟာ ထိုင်ဝမ်(တရုတ်တိုင်ပေ) ကို သံတမန်နည်းလမ်းအရ အထီးကျန်ဖြစ်လာစေဖို့ ထိုင်ဝမ်(တရုတ်တိုင်ပေ) ကို အသိအမှတ်ပြုထားတဲ့ နိုင်ငံတွေ နည်းပါးလာအောင် ဆောင်ရွက်ခဲ့သလို အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေ၊ စီးပွားရေးလုပ်ငန်းကြီးတွေအနေနဲ့လည်း ထိုင်ဝမ်(တရုတ်တိုင်ပေ) ကို တရုတ်ရဲ့ ပိုင်နက်နယ်မြေတစ်ခု အဖြစ် သတ်မှတ်ရေးသားသုံးစွဲကြဖို့ ဖိအားပေးခဲ့ပါတယ်။ တရုတ် ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အနေနဲ့လည်း ထိုင်ဝမ်(တရုတ်တိုင်ပေ) ကျွန်းအနီးမှာ ရေတပ်နဲ့ လေတပ် လှုပ်ရှားမှုတွေ တိုးချဲ့လုပ်ဆောင်လာခဲ့တာလည်း ရှိပါတယ်။

အမေရိကန်နိုင်ငံဟာ ၁၉၄၉ ခုနှစ်နောက်ပိုင်း ထိုင်ဝမ် (တရုတ်တိုင်ပေ)ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနဲ့ဒီမိုကရေစီစနစ်ရှင်သန်ရေးအတွက် အရေးပါတဲ့နေရာကနေ ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၇၉ ခုနှစ်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ တရားဝင်သံတမန်ဆက်ဆံရေးထူထောင်ခဲ့ပြီး နောက်ပိုင်းမှာတောင် အမေရိကန်ပြည်ထောင်စုဟာ ထိုင်ဝမ်(တရုတ်တိုင်ပေ) နဲ့ ကုန်သွယ်ရေးအရ ဆက်လက်ပြုလုပ်ခဲ့ပြီး တရားဝင်မဟုတ်တဲ့ ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်း ထားရှိခဲ့ပါတယ်။ ၁၉၇၉ ခုနှစ်မှာပဲ အမေရိကန် ကွန်ဂရက်ဟာ ထိုင်ဝမ်(တရုတ်တိုင်ပေ) ဆက်ဆံရေးအက်ဥပဒေ (Taiwan Relations Act) ကို အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီဥပဒေမှာ "အမေရိကန်နိုင်ငံအနေနဲ့ ထိုင်ဝမ်(တရုတ်တိုင်ပေ) ရဲ့အနာဂတ်နဲ့ ပတ်သက်ပြီး အနောက်ပစိဖိတ်ဒေသရဲ့ငြိမ်းချမ်းရေးနဲ့လုံခြုံရေးကို ခြိမ်းခြောက်လာပြီး အမေရိကန်အတွက် အထူးစိုးရိမ်ဖွယ်ရာအခြေအနေကို ရောက်ရှိလာရင် ငြိမ်းချမ်းသော နည်းလမ်းများအပြင် မည်သည့်ကြိုးပမ်းမှုမျိုးကိုမဆို ဆုံးဖြတ်ဆောင်ရွက်နိုင်သည်။

*စာမျက်နှာ ၁၉ သို့*




အိန္ဒိယ - ပါကစ္စတန်နှစ်နိုင်ငံ နယ်စပ်ဂိတ်တွင် အလံတင်အခမ်းအနား ပြုလုပ်နေစဉ်။




အိန္ဒိယ- ပါကစ္စတန်- တရုတ် နယ်နိမိတ် အခြေပြ မြေပုံ။



အမေရိကန်နိုင်ငံ၏ F-35B အမျိုးအစား အဆင့်မြင့် တိုက်ခိုက်ရေးလေယာဉ်။




၁၉၇၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း အမေရိကန် တပ်ဖွဲ့ဝင်များ အင်ဒို-ပစိဖိတ် ဒေသတွင်း ဖြန့်ကြက်ချထားမှုအခြေပြ ဇယား။

*စာမျက်နှာ ၁၈ မှ*

ထို့ပြင် ထိုင်ဝမ်(တရုတ်တိုင်ပေ)ဟာ မိမိကိုယ်ကို ကာကွယ်နိုင်တဲ့ စွမ်းရည်ရှိစေဖို့ လုံလောက်တဲ့ ပမာဏရှိတဲ့ ကာကွယ်ရေးဆိုင်ရာ ပစ္စည်းတွေနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ ပေးအပ်နိုင်သည်''လို့ဖော်ပြထားခဲ့ပါတယ်။ အဲဒီနည်းလမ်းဟာ အမေရိကန်အနေနဲ့ ထိုင်ဝမ်(တရုတ်တိုင်ပေ)နဲ့ ဆက်ဆံရာမှာ လုံခြုံရေးဆိုင်ရာ ကတိကဝတ် ပြုထားတဲ့ အခြေခံစည်းမျဉ်းများဖြစ်ပြီး အခုဆိုရင် နှစ်ပေါင်း ၄၀ နီးပါးရှိလာပြီ ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံက ထိုင်ဝမ်(တရုတ်တိုင်ပေ) ကို လက်နက်တွေ ရောင်းချပေးနေတာဟာ သူ့နိုင်ငံရဲ့ပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက် ခြယ်လှယ်နေတာဖြစ်တယ်လို့ တရုတ်နိုင်ငံက အမြဲတမ်းထုတ်ဖော်ပြောကြားလေ့ရှိပါတယ်။

ထိုင်ဝမ်ရေလက်ကြားမှာ ပဋိပက္ခတွေ ဖြစ်လာခဲ့ရင် အာရှဒေသမှာ အင်အားချိန်ခွင်လျှာ ထိန်းညှိထား မှုတွေအပေါ် အကြီးအကျယ်ထိခိုက်လာစေမှာ ဖြစ်ပါတယ်။ နှစ်ဖက်အကြားတင်းမာမှုတွေ မြင့်မားလာတယ်ဆိုရင်တောင် အမေရိကန်ပြည်ထောင်စုအနေနဲ့ ထိုင်ဝမ်(တရုတ်တိုင်ပေ) ကို ကူညီဖို့ ဘယ်လိုလှုပ်ရှားဆောင်ရွက်မှုတွေ ပြုလုပ်တယ်ဆိုတာ ဒေသတွင်းမှာရှိတဲ့ နိုင်ငံတွေက အမြဲစောင့်ကြည့်လေ့ရှိကြပါတယ်။ ထိုင်ဝမ်(တရုတ်တိုင်ပေ)ဟာ ကမ္ဘာပေါ်မှာ ပဉ္စမမြောက်အကြီးဆုံးပြည်ပပို့ကုန်ဒေသ တစ်ခုဖြစ်ပြီး သူ့ရဲ့ ၆၀ ရာခိုင်နှုန်းသော ကုန်သွယ်မှုဟာ တရုတ်ပြည်မကြီးနဲ့ ဟောင်ကောင်ဒေသရဲ့ ပြင်ပနိုင်ငံတွေနဲ့ ပြုလုပ်တာဖြစ်တဲ့အတွက် ပဋိပက္ခတွေဖြစ်လာခဲ့ရင် ကုန်သွယ်ရေးအပေါ် အကြီးအကျယ်ထိခိုက်စေမှာဖြစ်ပါတယ်။ ထိုင်ဝမ်ရေလက်ကြားကို ပိတ်ဆို့မှုဒါမှမဟုတ် ထိုင်ဝမ်(တရုတ်တိုင်ပေ) ရဲ့ပြည်ပပို့ကုန် ထုတ်လုပ်မှုကို အကန့်အသတ်ဖြစ်စေအောင် ဆောင်ရွက်လာမယ်ဆိုရင် ဒေသတစ်ခုလုံးရဲ့ကုန်စည်စီးဆင်းမှုကို အနှောင့်အယှက်ဖြစ်စေမှာ ထင်ရှားပါတယ်။

ပဋိပက္ခတွေဖြစ်လာခဲ့ရင် အမေရိကန်နိုင်ငံအနေနဲ့ သူလိုလားတဲ့အနေအထားဖြစ်လာစေဖို့ တပ်ဖွဲ့ဝင်အင်အား မည်ရွေ့မည်မျှ၊ အရင်းအမြစ် မည်ရွေ့မည်မျှ ပါဝင်ကူညီနိုင်မယ်ဆိုတာ ခန့်မှန်းပြောဆိုဖို့ ခက်ခဲပါတယ်။ သမိုင်းကြောင်းကို ပြန်ကြည့်ရင်တော့ အမေရိကန်ဟာ ထိုင်ဝမ်ရေလက်ကြားမှာ တင်းမာမှုကနေ ပဋိပက္ခအဆင့်အထိ မရောက်ရှိလာအောင် သူ့ရဲ့ရေတပ်သင်္ဘောတွေကို ရေလက်ကြားကို စေလွှတ်ခဲ့ဖူးတဲ့ သာဓကတွေ ရှိခဲ့ပါတယ်။ အခုအချိန်မှာတော့ တရုတ်နိုင်ငံရဲ့ သူ့ရဲ့ရေပိုင်နက်အတွင်းကို ပြည်ပစစ်သင်္ဘောတွေ ဝင်ရောက်မလာနိုင်စေရေး တားဆီးနိုင်တဲ့စွမ်းရည် မြင့်မားလာတဲ့အချက်ဟာ အမေရိကန်ပြည်ထောင်စုအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်လာခဲ့ပါတယ်။ အကယ်၍များ ထိုင်ဝမ်(တရုတ်တိုင်ပေ) ကို ကာကွယ်စောင့်ရှောက်ဖို့ အမေရိကန်က လုံးလုံးလျားလျားဆုံးဖြတ်ခဲ့ရင်တောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ခေတ်မီရေတပ်ဖွဲ့ကို တားဆီးနိုင်ဖို့ အမေရိကန်ဟာ သူ့ရဲ့ ပစိဖိတ်ရေတပ်မတော်ကြီးတစ်ခုလုံးကို အသုံးပြုရမယ့်အနေအထားမှာရှိသလို အမေရိကန်နဲ့ တရုတ်အကြား ထိပ်တိုက်တွေ့နိုင်မယ့်အန္တရာယ်ကလည်း ကြီးမားလှပါတယ်။ အမေရိကန်အနေနဲ့ ထိုင်ဝမ်ရေလက်ကြား ပဋိပက္ခမှာ မပါဝင်ဘဲ လက်ရှောင်နေပြန်ရင်လည်း သူ့ရဲ့ ဂုဏ်သိက္ခာကို အကြီးအကျယ်ထိခိုက်စေမှာ ဖြစ်ပါတယ်။ အဲဒီလို အခြေအနေမျိုးမှာ အမေရိကန်ရဲ့ မဟာမိတ်တွေဖြစ်ကြတဲ့ ဂျပန်၊ တောင်ကိုရီးယားနဲ့ အခြားနိုင်ငံတွေဟာ အမေရိကန်ရဲ့ကတိကဝတ်တွေအပေါ် စိတ်ချယုံကြည်မှု လျော့နည်းလာပြီး မိမိကိုယ်တိုင် ကာကွယ်ရေးအတွက် လက်နက်အပြိုင်အဆိုင် တပ်ဆင်ခြင်းလုပ်ငန်းတွေ တိုးချဲ့ဆောင်ရွက်လာကြမယ့် အခြေအနေမှာရှိသလို အမေရိကန်ရဲ့ ဒေသတွင်းလွှမ်းမိုးနိုင်စွမ်းလည်း လျော့ကျလာမှာ ဖြစ်ပါတယ်။

**အင်ဒို-ပစိဖိတ်ဒေသတွင်း အမေရိကန်နိုင်ငံ၏ ပါဝင်မှုသမိုင်းကြောင်း၊ လက်ရှိအနေအထားနှင့် အနာဂတ်အလားအလာ**

အမေရိကန်သမ္မတ အိုဘားမားလက်ထက်မှာ အာရှဒေသဘက် ပြန်လည်ခြေဦးလှည့်ရေး မူဝါဒကို ဖော်ဆောင်ခဲ့ပေမယ့် အမေရိကန်ရဲ့ဒေသတွင်း ပါဝင်လှုပ်ရှားမှုဟာ အဆိုပါမူဝါဒကို အကောင်အထည်မဖော်ခင်ကထက် သိသာထင်ရှားစွာ များပြားလာခဲ့ခြင်းမရှိတာကို တွေ့ရပါတယ်။ ပါဝင်မှုအပိုင်းမှာ တပ်အင်အားတိုးချဲ့ဖြန့်ချထားခြင်းကိုသာ ဆိုလိုခြင်းမဟုတ်ဘဲ နိုင်ငံရေးအရ ဆန္ဒရှိမှု၊ ကိုယ့်ရဲ့အရင်းအမြစ်တွေကို အင်အားအဖြစ် ထိထိရောက်ရောက် ပြောင်းလဲနိုင်တဲ့ အမျိုးသားစွမ်းရည်၊ မဟာဗျူဟာတို့လည်း ပါဝင်ပါတယ်။ အမေရိကန်နိုင်ငံအနေနဲ့ ဒေသတွင်းရှိ ပဋိပက္ခတွေ၊ အငြင်းပွားမှုတွေကို အောင်မြင်စွာကိုင်တွယ်ဖြေရှင်းနိုင်ဖို့ဆိုရင် သံတမန်နည်းလမ်းအရရော၊ သတင်းအချက်အလက်နည်းပညာအရရော စီးပွားရေးအရပါ မဟာဗျူဟာတွေ ရေးဆွဲချမှတ်ဖို့ လိုအပ်ပါတယ်။ အမေရိကန်တပ်ဖွဲ့ဝင်တွေ ဒေသတွင်းမှာ လက်တွေ့ဖြန့်ကြက်ချထားမှုကတော့ အမေရိကန်ရဲ့ မဟာမိတ်နိုင်ငံတွေအပေါ် ပေးအပ်ထားတဲ့ မဟာဗျူဟာမြောက် ကတိကဝတ်တွေကို ထင်ဟပ်ဖော်ပြနေတဲ့အရာတွေ ဖြစ်ပါတယ်။

အမေရိကန်နိုင်ငံဟာ ၁၉ ရာစုနှောင်းပိုင်း စပိန်နဲ့အမေရိကန်အကြား စစ်ပွဲဖြစ်ပွားပြီး ပါရီသဘောတူစာချုပ်အရ စပိန်နိုင်ငံဟာ ဖိလစ်ပိုင် ကို အမေရိကန်လက်ထဲ လွှဲပြောင်းပေးအပ်ခဲ့ရပြီး နောက်ပိုင်းကတည်းက ပစိဖိတ်အင်အားကြီး နိုင်ငံအဖြစ် ရပ်တည်လာခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်း အာရှဒေသအတွင်းမှာ အမေရိကန် တပ်ဖွဲ့ဝင်အင်အား ဖြန့်ကြက်ချထားမှုဟာ သိသာထင်ရှားစွာ များပြားလာခဲ့ပါတယ်။ အဲဒီတပ်ဖွဲ့ဝင် အရေအတွက်ဟာ ၁၉၄၅ ခုနှစ်ကနေ ၁၉၅၂ ခုနှစ်အထိ ဂျပန်နိုင်ငံကို သိမ်းပိုက်ခဲ့မှု၊ ၁၉၅၀ ပြည့်နှစ်ကနေ ၁၉၅၃ ခုနှစ်အထိ ဖြစ်ပွားခဲ့တဲ့ ကိုရီးယားစစ်ပွဲတွေအတွက် လုံလောက်မှုရှိခဲ့ပါ တယ်။ ၁၉၅၁ ခုနှစ်မှာ ဂျပန်နိုင်ငံနဲ့၊ ၁၉၅၃ ခုနှစ် မှာ တောင်ကိုရီးယားနိုင်ငံနဲ့ အမေရိကန်အကြား အသီးသီးချုပ်ဆိုခဲ့တဲ့ စာချုပ်တွေအရ အဆိုပါ နှစ်နိုင်ငံရဲ့ လုံခြုံရေးအတွက် အထောက်အကူပြု နိုင်ဖို့ အမေရိကန်တပ်ဖွဲ့ဝင်တွေ ဒေသတွင်းမှာ ဆက်လက်တည်ရှိနေခဲ့ပါတယ်။ အခုလက်ရှိအချိန်မှာတော့ အင်ဒို-ပစိဖိတ်ဒေသတွင်း ဖြန့်ကြက်ချထားတဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေ စုစုပေါင်းရဲ့ တစ်ဝက်နီးပါးဟာ ဂျပန်နဲ့ တောင်ကိုရီးယား နိုင်ငံတွေမှာ ဖြန့်ကြက်ချထားတာ ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံဟာ ဒေသတွင်းမှာ အခြားမဟာမိတ် စာချုပ်သုံးခုချုပ်ဆိုထားရာမှာ ၁၉၅၁ ခုနှစ်မှာ ဖိလစ်ပိုင်နိုင်ငံနဲ့ ဩစတြေးလျနိုင်ငံ၊ ၁၉၅၄ ခုနှစ်မှာ ထိုင်းနိုင်ငံတို့နဲ့ အသီးသီးချုပ်ဆိုထားပါတယ်။

ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း ၁၉၄၇ ခုနှစ်မှာ ဖိလစ်ပိုင်နိုင်ငံနဲ့ချုပ်ဆိုတဲ့ စစ်အခြေစိုက်စခန်း သဘောတူညီချက်အရ အမေရိကန်တပ်ဖွဲ့ဝင်တွေဟာ ဆူးဘစ်ရေတပ်စခန်းနဲ့ ကလပ်လေတပ်စခန်း တွေမှာ အများဆုံးအနေနဲ့ တပ်ဖွဲ့ဝင်ပေါင်း ၆၀၀၀၀ ကျော်အထိ ဖြန့်ကြက်ချထားခဲ့ပါတယ်။ ၁၉၉၂ ခုနှစ်နှောင်းပိုင်းမှာတော့ အဆိုပါစစ်အခြေစိုက် စခန်းနှစ်ခုကို ပိတ်သိမ်းခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံကို ပြန်လည်လွှဲပြောင်းပေးခဲ့ရပါတယ်။ ဗီယက်နမ်စစ်ပွဲ အရှိန်မြင့်မားနေတဲ့အချိန်မှာလည်း အမေရိကန်တပ်ဖွဲ့ဝင် ၅၀၀၀၀ ခန့်ကိုလည်း ထိုင်းနိုင်ငံမှာ ဖြန့်ကြက်ချထားခဲ့ပါတယ်။ ၁၉၇၀ ပြည့်နှစ် နောက်ပိုင်းကစပြီး ထိုင်းနိုင်ငံမှာ အမေရိကန်တပ်ဖွဲ့ဝင်တွေ အမြဲတမ်းဖြန့်ကြက်ချထားမှု မရှိတော့ပေမယ့် ထိုင်း နိုင်ငံရဲ့ဥတာပေါင်လေယာဉ်ကွင်း (Utaopao Airfield) ဟာ အမေရိကန်တပ်ဖွဲ့ဝင်တွေ အင်အားဖြန့်ကြက်ချထားဖို့အတွက် အရေးပါတဲ့ အခြေခံအဆောက်အအုံတစ်ခုအဖြစ် ရပ်တည်နေ ဆဲဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်း ဩစတြေးလျနိုင်ငံမှာ အမေရိကန်တပ်ဖွဲ့ဝင်တွေ အများဆုံး ၁၅၀၀၀၀ အထိ ဖြန့်ကြက်ချထားခဲ့ပေမယ့် စစ်ပြီးနောက်ပိုင်းမှာတော့ သိသိသာသာပဲ လျော့ကျလာခဲ့ပါတယ်။ အခုဆိုရင် ဩစတြေးလျနိုင်ငံ ဒါဝင်မြို့ (Darwin) မှာ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တွေ တစ်ကြိမ်ကို ၂၅၀၀ လောက်သာ ဖြန့်ကြက်ချထားပေမယ့် စစ်ပြီးနောက်ပိုင်းကာလမှာတော့ သိသာထင်ရှားစွာ များပြားလာတဲ့ အရေအတွက် ဖြစ်ပါ တယ်။

အမေရိကန်တပ်ဖွဲ့ဝင်တွေ ဗီယက်နမ်နိုင်ငံက ပြန်လည်ဆုတ်ခွာပြီးတဲ့ ၁၉၇၃ ခုနှစ် နောက်ပိုင်း အင်ဒို-ပစိဖိတ်ဒေသတွင်းမှာ အမေရိကန်တပ်ဖွဲ့ဝင်တွေ ဖြန့်ကြက်ချထားမှုအရေအတွက်ဟာ လျော့ကျလာခဲ့ပါတယ်။ ၁၉၇၃ ခုနှစ် ပတ်ဝန်းကျင်မှာ အင်ဒို-ပစိဖိတ်ဒေသတွင်း အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်ဟာ ၂၈၀၀၀၀ ခန့်ရှိခဲ့ပြီး ၂၀၁၆ ခုနှစ်မှာတော့ ၁၂၅၀၀၀ သာရှိတာကို တွေ့မြင်နိုင်ပါတယ်။ ၂၀၁၁ ခုနှစ်နဲ့ ၂၀၁၄ ခုနှစ်အကြားမှာ အာရှဒေသဘက် ပြန်လည်ခြေဦးလှည့်ရေးမူဝါဒအရ အာရှဒေသမှာ အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက် တိုးချဲ့ချထားခဲ့သော်လည်း ၂၀၁၆ ခုနှစ် အရောက်မှာရှိတဲ့ တပ်ဖွဲ့ဝင်အရေအတွက်ဟာ အိုဘားမားသမ္မတ တာဝန်မယူမီ အချိန်ကထက်တောင် နည်းပါးသွားခဲ့တာကို တွေ့နိုင်ပါတယ်။ သို့ပေမယ့်လည်း အမေရိကန်ဟာ အင်ဒို-ပစိဖိတ် စစ်ဌာနချုပ် (Indo-Pacific Command-INDOPACOM) မှာ တပ်ဖွဲ့ဝင်နဲ့ အရပ်ဘက်ဝန်ထမ်းတွေ၊ တပ်လေယာဉ်တွေ၊ စစ်သင်္ဘောတွေကို တာဝန်ပေးချထားခြင်းဖြင့် အင်ဒို-ပစိဖိတ်ဒေသအတွင်းမှာ အင်အားကို အတိုင်းအတာတစ်ခုအထိ ချထားပါတယ်။ ဒီအရေအတွက်ဟာ အခြေစိုက် တပ်ဖွဲ့ဝင် အရေအတွက် အနည်းငယ်ပြောင်းလဲမှုကလွဲလို့ ကာလအတိုင်းအတာတစ်ခုအထိ မပြောင်းမလဲ ဆက်လက်ရှိနေမယ့် အနေအထားမှာ ရှိနေပါတယ်။ ဥပမာအနေနဲ့ INDOPACOM စစ်ဌာနချုပ်မှာ ချထားတဲ့ မရိန်းတပ်ဖွဲ့ဝင် ၂၅၀၀ ကို ၂၀၂၁ ခုနှစ်မှာ ဂူအမ်ကျွန်းကို ပြောင်းရွှေ့ချထားဖို့ရှိပြီး ၂၀၂၆ ခုနှစ်မှာ နောက်ထပ် ၂၅၀၀ ကို ပြောင်းရွှေ့သွားမယ့် အစီအစဉ်ဖြစ်ပါတယ်။ အမေ ရိကန်ရေတပ်ဖွဲ့အနေနဲ့ သူ့ရဲ့ စစ်သင်္ဘောအင်အား စုစုပေါင်းရဲ့ ၆၀ ရာခိုင်နှုန်းကို ပစိဖိတ်ဒေသတွင်းမှာ ဖြန့်ကြက်ချသွားဖို့ရှိသလို လေတပ်အနေနဲ့လည်း F-22 နဲ့ F-35 တို့လို အဆင့်မြင့်တိုက်ခိုက်ရေး လေယာဉ်တွေ ဒေသတွင်းကို စေလွှတ်သွားဖို့ ရှိပါတယ်။

ဒါ့အပြင် အမေရိကန်နိုင်ငံဟာ ဒေသတွင်းမှာရှိတဲ့ သူ့ရဲ့ မဟာမိတ်နိုင်ငံတွေကို အဆင့်မြင့်ကာကွယ်ရေးပစ္စည်းတွေ ရောင်းချသွားဖို့လည်း ရှိပါတယ်။ ဥပမာအနေနဲ့ ဂျပန်နိုင်ငံကို F-35A အမျိုးအစား တိုက်လေယာဉ်တွေ ရောင်းချပေးခဲ့သလို F-35B ပူးတွဲစစ်ဆင်ရေး တိုက်လေယာဉ်တွေ၊ P-8 အမျိုးအစား ပိုစီဒွန်တာဝေးပစ်ဒုံးကျည်တွေကိုလည်း ရောင်းချပေးသွားဖို့ ရှိပါတယ်။ အိန္ဒိယနိုင်ငံကလည်း ၁၅ ဘီလီယံဒေါ်လာ တန်ဖိုးရှိတဲ့ အမေရိကန်စစ်လက်နက် ပစ္စည်းတွေကိုလည်း ဝယ်ယူခဲ့ရာမှာ P-8 ပိုစီဒွန်တာဝေးပစ်ဒုံးကျည် တွေ၊ C-130 နဲ့ C-17 အမျိုးအစား သယ်ယူ ပို့ဆောင်ရေးလေယာဉ်တွေ၊ ဟော်ဝစ်ဇာအမြောက်တွေ၊ Chinook နဲ့ Apache အမျိုးအစား ရဟတ်ယာဉ်တွေအထိ ပါဝင်ခဲ့ပါတယ်။ ဩစတြေးလျနိုင်ငံကလည်း ၂၀၁၂-၁၃ နဲ့ ၂၀၁၆-၁၇ ကာလတွေမှာ အမေရိကန်နိုင်ငံဆီက ၁၀ ဘီလီယံဒေါ်လာ တန်ဖိုးရှိတဲ့ F-35 တိုက်လေယာဉ်တွေ၊ MH-60 ရဟတ်ယာဉ်တွေနဲ့ အခြားစစ်လက်နက်ပစ္စည်းတွေ ဝယ်ယူခဲ့ပါတယ်။ အမေရိကန်နိုင်ငံအနေနဲ့ ဒေသတွင်း မဟာမိတ်နိုင်ငံတွေအပေါ်မှာထားရှိတဲ့ မဟာဗျူဟာမြောက် ကတိကဝတ်တွေ အားလျော့လာတယ်လို့ မဟာမိတ်နိုင်ငံအချို့က ထင်မြင်ယူဆလာတာကို အမေရိကန်ကတော့ ငြင်းဆိုခဲ့ပါတယ်။ အမေရိကန်အစိုးရကတော့ သူတို့အနေနဲ့ မဟာမိတ်နိုင်ငံတွေရဲ့ ကာကွယ်ရေးစွမ်းရည်အတွက် နောက်ဆုံးပေါ် အဆင့်မြင့်စစ်လက်နက်ပစ္စည်းတွေ ရောင်းချပေးရုံသာမကပဲ ပူးတွဲစစ်ရေးလေ့ကျင့် မှုတွေလည်း ပြုလုပ်နေကြောင်း၊ အမေရိကန်ရဲ့ အမှတ်-၇ ရေတပ်မတော်ဆိုရင် နှစ်စဉ်နှစ်တိုင်း ဒေသတွင်း နိုင်ငံတွေရဲ့ ဆိပ်ကမ်းတွေဆီ အခေါက်ပေါင်း ၇၀၀ ဆိုက်ကပ်လည်ပတ်မှု (Port call) တွေ ပြုလုပ်ခဲ့ကြောင်း ပြောကြားခဲ့ပါတယ်။

အမေရိကန်နိုင်ငံရဲ့ အင်ဒို-ပစိဖိတ် မဟာဗျူဟာဟာ စစ်ရေးဆိုင်ရာ ဆောင်ရွက်ချက် တွေ၊ လှုပ်ရှားမှုတွေနဲ့သာ တိုင်းတာလို့မရနိုင်ဘဲ သံတမန်နည်းလမ်း၊ သတင်းအချက်အလက်နဲ့ စီးပွားရေးဆိုင်ရာ ထိတွေ့ဆက်ဆံမှုတွေနဲ့လည်း ဘက်ပေါင်းစုံက ဟန်ချက်ညီညီဆောင်ရွက်သွားဖို့ လိုအပ်တယ်လို့ အမေရိကန်နိုင်ငံက ခံယူပြီး ဒီလိုဆောင်ရွက်သွားဖို့လည်း အဆင်သင့်အနေအထားမှာ ရှိတယ်လို့ ပြောကြားထားပါတယ်။ အမေရိကန်နိုင်ငံဟာ အင်ဒို-ပစိဖိတ်ဒေသတွင်းမှာ နိုင်ငံကြီးတွေဖြစ်တဲ့ တရုတ်နိုင်ငံကစလို့ ကျွန်းနိုင်ငံလေးတွေဖြစ်တဲ့ မိုက်ခရိုနီးရှားနိုင်ငံအထိ သံတမန်အဆက်အသွယ်ပြုလုပ်ထားပြီး သံရုံး၊ ကောင်စစ် ဝန်ချုပ်ရုံးပေါင်း ၇၅ ရုံးကို ဖွင့်လှစ်ထားရှိကာ သံတမန်ရေးအရ တက်ကြွစွာလှုပ်ရှားလျက် ရှိပါတယ်။ စီးပွားရေးအပိုင်းကို ကြည့်ရင် ၂၀၁၇ ခုနှစ်မှာ ပစိဖိတ်ဖြတ်ကျော် လွတ်လပ်စွာကုန်သွယ်မှု မိတ်ဖက်သဘောတူညီချက် (TPP) ကနေ နုတ်ထွက်ခဲ့ပေမယ့် အမေရိကန်နိုင်ငံဟာ ဒေသတွင်းမှာရှိတဲ့ နိုင်ငံတွေနဲ့ စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိတွေ့ဆက်ဆံမှုတွေကို ထိန်းသိမ်းထားရှိပါတယ်။ အမေရိကန်နိုင်ငံနဲ့ အာရှ ဒေသအကြား ကုန်ပစ္စည်းဆိုင်ရာကုန်သွယ်မှုပမာဏဟာ ၂၀၁၇ ခုနှစ်အတွင်းမှာ ၁ ဒသမ ၅ ထရီ လီယံဒေါ်လာကျော် ရှိခဲ့ပါတယ်။ ဒီပမာဏဟာ အမေရိကန်နိုင်ငံနဲ့ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေနဲ့ ကုန်သွယ်မှုစုစုပေါင်းရဲ့ နှစ်ဆကျော်ရှိပါတယ်။ အမေရိကန်နဲ့ ဥရောပသမဂ္ဂအကြား ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်မှုပမာဏဟာ အကြီးမားဆုံးဖြစ်ပေမယ့် အာရှဒေသက စီးပွားရေးအရ တိုးတက်လာနေတဲ့နိုင်ငံတွေနဲ့ အမေရိကန်အကြား ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်မှုပမာဏဟာလည်း မြင့်တက်လာလျက်ရှိပါတယ်။

ရင်းနှီးမြှုပ်နှံမှုအပိုင်းမှာလည်း အမေရိကန် နိုင်ငံရဲ့အာရှဒေသတွင်း တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ပမာဏဟာ လျင်မြန်စွာ မြင့်တက်လာလျက်ရှိရာမှာ ၂၀၁၆ ခုနှစ်ကုန်ပိုင်းမှာ အမေရိကန်ဒေါ်လာ ၈၅၀ ဘီလီယံရှိပါတယ်။ အာရှဒေသမှာ ရင်းနှီးမြှုပ်နှံမှုဟာ ဥရောပဒေသမှာ ရင်းနှီးမြှုပ်နှံတဲ့ပမာဏ အမေရိကန်ဒေါ်လာ ၃ ထရီလီယံထက်စာရင် အတော်နည်းပါးနေသော်လည်း ပြီးခဲ့တဲ့ ၁၅ နှစ် အတွင်း အမေရိကန်ရဲ့အာရှဒေသ ရင်းနှီးမြှုပ်နှံမှုဟာ လေးဆမြင့်တက်လာခဲ့ပါတယ်။ စာရင်းမှာ ပါဝင်တဲ့ အမေရိကန်စီးပွားရေးထိပ်တန်းကုမ္ပဏီ ကြီး ၁၀ ခုမှာ ကိုးခုဟာ အာရှဒေသ ဈေးကွက်အတွင်းမှာ အမေရိကန်ဒေါ်လာ ၂ ထရီလီယံပမာဏ ရင်းနှီးမြှုပ်နှံလျက်ရှိပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

**''အမေရိကန်တပ်ဖွဲ့ဝင်တွေ ဗီယက်နမ်နိုင်ငံက ပြန်လည်ဆုတ်ခွာပြီးတဲ့ ၁၉၇၃ ခုနှစ် နောက်ပိုင်း အင်ဒို-ပစိဖိတ်ဒေသတွင်းမှာ အမေရိကန်တပ်ဖွဲ့ဝင်တွေ ဖြန့်ကြက်ချထားမှု အရေအတွက်ဟာ လျော့ကျလာခဲ့ပါတယ်။ ၁၉၇၃ ခုနှစ် ပတ်ဝန်းကျင်မှာ အင်ဒို-ပစိဖိတ် ဒေသတွင်း အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်ဟာ ၂၈၀၀၀၀ ခန့်ရှိခဲ့ပြီး ၂၀၁၆ ခုနှစ်မှာတော့ ၁၂၅၀၀၀ သာရှိတာကို တွေ့မြင်နိုင်ပါတယ်''**

ယခုဆောင်းပါးတွင် ဖော်ပြထားသည့်အချက်အလက်များသည် စာရေးသူအပါအဝင် လူပုဂ္ဂိုလ် တစ်ဦး၊ အဖွဲ့အစည်းတစ်ရပ်၏ သဘောထားအမြင်ကို ထင်ဟပ်ခြင်းမရှိဘဲ သက်ဆိုင်ရာနိုင်ငံများ၏ မူဝါဒများ၊ အယူအဆများကို လေ့လာရေးသားထားခြင်းသာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ (စာရေးသူ)

## တက္ကသိုလ်ဝင်တန်းစာမေးပွဲလာဖြေစဉ် ကျန်းမာရေးမကောင်းသည့် ကျောင်းသူများနှင့် စာမေးပွဲဖြေဆိုခွင့်ကတ် မေ့ကျန်ခဲ့သည့် ကျောင်းသား တစ်ဦးအား ပူးပေါင်းအဖွဲ့များက ကူညီပေး

**သထုံ**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ကျိုက္ကော်ရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်း(ကျိုက္ကော်)၌ ယနေ့ နံနက် ၈ နာရီ မိနစ် ၄၀ က တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုရန် ရောက်ရှိလာသည့် ကျောင်းသူတစ်ဦးသည် အမောဖောက်ရောဂါခံစားလာရသဖြင့် အမျိုးသမီး ရဲမေပါဝင်သည့် တပ်ဖွဲ့ဝင်များနှင့် ကျောင်းဆရာမများက ဆေးရုံသို့အရေးပေါ်ယာဉ်ဖြင့် လိုက်လံကူညီ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ဆေးရုံတွင် စာမေးပွဲဆက်လက်ဖြေဆိုကြောင်း သိရသည်။ **ရဲပြန်ကြား**

**သံဖြူဇရပ်**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းစာစစ်ဌာန၌ ယနေ့ နံနက် ၈ နာရီ မိနစ် ၅၀ က တက္ကသိုလ်ဝင်တန်းစာမေးပွဲလာရောက်ဖြေဆိုသည့် ကျောင်းသူတစ်ဦးသည် သွေးအားနည်းရောဂါဖြင့် မူးဝေလဲကျသွား၍ ရဲတပ်ဖွဲ့ဝင်များနှင့် ကျောင်းဆရာမများက ဆေးရုံသို့ လိုက်လံကူညီပို့ဆောင်ပေးခဲ့ပြီး အဆိုပါကျောင်းသူမှာ ဆေးရုံတွင် စာမေးပွဲဆက်လက်ဖြေဆိုခဲ့ကြောင်းသိရသည်။ **ရဲပြန်ကြား**

**မိတ္ထီလာ**

မန္တလေးတိုင်းဒေသကြီး အမှတ်(၉၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မိတ္ထီလာ)မှ ဒုတိယရဲအုပ်ကျော်မင်းမင်းထိုက်အား ယနေ့ နံနက်တွင် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာတစ်ဦးက ပြည်သာယာ(မြောက်)ရပ်ကွက်နေ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် ကျောင်းသူတစ်ဦးမှာ နေမကောင်းဖြစ်နေသဖြင့် သွားရောက်ကူညီခေါ်ဆောင်ပေးပါရန် အကူအညီတောင်းလာခဲ့သည်။

အဆိုပါကျောင်းသူအား ဆိုင်ကယ်ဖြင့် သွားရောက်ခေါ်ဆောင်ပေးခဲ့ရာ စာမေးပွဲအား အချိန်မီဖြေဆိုနိုင်ခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

**ခနုဖြူ**

ခနုဖြူမြို့တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဓာတုဗေဒဘာသာရပ်ဖြေဆိုနေစဉ် အ.ထ.က(၁) စာစစ်ဌာနမှ မမေဇွန်ထက်သည် နံနက် ၁၀ နာရီခန့်က နှလုံးအောင့်ရောဂါ ရုတ်တရက်ဖြစ်ပွားသဖြင့် မြို့နယ်ရဲမှူး ရဲမှူးထွန်းစိုးသိန်းနှင့် တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများမှ မြို့နယ်ပြည်သူ့ဆေးရုံသို့ မီးတန်းယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ရသည်။

အဆိုပါကျောင်းသူအား မြို့နယ်ဆေးရုံသံဃာဆောင်တွင် နံနက် ၁၀ နာရီခွဲခန့်မှ ဆေးကုသမှုခံယူ၍ ကိုယ်တိုင်ဆက်လက်ဖြေဆိုရာ စာမေးပွဲကြီးကြပ်အဖြစ် အလယ်တန်းပြဆရာ ဦးခင်မောင်စိုး၊ ဆရာမ ဒေါ်မေဇင်ထွန်းတို့မှ ကြီးကြပ်စောင့်ကြပ်လျက်ရှိပြီး လုံခြုံရေးအဖြစ် မြို့နယ်ရဲတပ်ဖွဲ့မှ ရဲတပ်သား ရင်နွယ်ထွန်းနှင့် ခင်စန္ဒီမောင်တို့မှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်သူဟိဏ်း(ခနုဖြူ)**

**ပေါင်**

ပေါင်မြို့နယ် အ.ထ.က ပေါင် စာစစ်ဌာနတွင် တက္ကသိုလ်ဝင်တန်းဖြေဆိုနေသည့် ကျောင်းသား မောင်ချစ်မင်းသူမှာ မတ် ၁၁ ရက်တွင် စာမေးပွဲဖြေဆိုခွင့်ကတ် မေ့ကျန်ခဲ့သဖြင့် မြို့မရဲစခန်းမှ လုံခြုံရေးတာဝန်ကျနေသော တပ်ကြပ်ကြီးစိုးခိုင်က လိုက်ပါကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပေါင်မြို့နယ်တွင် အ.ထ.က ပေါင်၊ အ.ထ.က-နတ်ကြီးချောင်၊ အ.ထ.ကအလုပ်၊ အ.ထ.က မုတ္တမ၊ အ.ထ.က ဇင်းကျိုက်၊ အ.ထ.က ရင်းငြိမ်၊ အ.ထ.က သဲကုန်းစာစစ်ဌာန ခုနစ်ခုတို့၌ ဓာတုဗေဒဘာသာရပ် ဖြေဆိုခွင့်ရှိသူ ၂၉၄၇ ဦးရှိသည့်အနက် ၂၇၇၃ ဦးဖြေဆိုခဲ့ပြီး ၁၇၄ ဦး ဖြေဆိုရန် ပျက်ကွက်ခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

စာစစ်ဌာနအသီးသီးသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးဆွေ၊ မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းအေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက လိုအပ်သည်များကို ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။ **ကိုဟိန်း(ပေါင်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၂-၃-၂၀၁၉ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - ဥပဒေရေးရာအဖြာဖြာ "သတင်းစာများနှင့် ဥပဒေအမြင်"(ဦးဟန်ညွန့်(ဥပဒေ) တရားလွှတ်တော်ရှေ့နေနှင့် နိုင်ငံတကာဥပဒေမှတ်ပုံတင်) ဒါရိုက်တာ-ဝေဠု(ဝသန်)
- ၉း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၀း၃၅ - "ကော်ဖီယဉ်ကျေးမှု"
- ၁၄း၂၀ - Yes or No Talk Show
- ၁၅း၃၅ - "ရတနာမဟာသွေးနဲ့ ပြတိုက်ရွာလေး"

**ညပိုင်း**

- ၁၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၁၈း၂၀ - "ကြယ်ရောင်လမ်း"(၆) အကယ်ဒမီချိုပြုံးနှင့် တွေ့ဆုံခြင်း(အပိုင်း-၂)
- ၁၈း၄၀ - "သရေခေတ္တရာ" (ပျူမြို့ဟောင်း)
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၉၁)
- ၂၀း၀၀ - ပြည်တွင်းသတင်း
- ၂၀း၃၅ - ပညာရေးစကားဝိုင်း"ဆရာ၊ ဆရာမများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်း"(အပိုင်း-၃)
- - အနုပညာခန်းရိပ်သာ "ဒါရိုက်တာ ဦးမိုးသူနှင့် တွေ့ဆုံခြင်း"
- - နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စင်ဖြာသောအချစ်" (အပိုင်း-၁၁)

## ဗန်းမော်၊ လွယ်ဂျယ်နှင့် သိန္နီမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၁**

ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၀ ရက် ည ၈ နာရီက ဗန်းမော်မြို့ညောင်ပင်ရပ်ကွက် ပြည်သူ့အားကစားကွင်းလမ်းကြားတွင် မယွန်းသန္တာထွန်းအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့ မွန်းလွဲပိုင်းက လွယ်ဂျယ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လွယ်ဂျယ်မြို့ အမှတ်(၁)ရပ်ကွက် ထင်းရှူးတော၌ တရုတ်နိုင်ငံသား မာဒွတ်မောင်းနှင်ပြီး မမာဖန် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၈၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၇၃၀ တို့ကိုလည်းကောင်း၊

ထို့အတူ မတ် ၉ ရက် ည ၁၁ နာရီခွဲက သိန္နီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန္နီမြို့နယ် ပိန်းဆာကျေးရွာအုပ်စု ပန်စုံကျေးရွာနေ စိုးအောင်၏ နေအိမ်မှ အက်စီတစ်အင်ဟိုက်ဒြိုက် ၁၄၄၀ လီတာ၊ ကဖင်း ၂၀၀ ကီလိုနှင့် မော်တော်ယာဉ်တစ်စီးတို့ကို



**စိုးအောင်၊ သိန်းဇော်တို့အား သိမ်းဆည်းရမိသည့် အက်စီတစ်အင်ဟိုက်ဒြိုက်၊ ကဖင်းများနှင့်အတူ တွေ့ရစဉ်။**

သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ ပိန်းဆာကျေးရွာအုပ်စု ချောင်းဆာကျေးရွာနေ သိန်းဇော်အား ၎င်းနေအိမ်၌ ဖမ်းဆီးရမိခဲ့သဖြင့် အရေးယူထားရှိပြီး ကွင်းဆက်အရ မတ် ၁၀ ရက် ညနေပိုင်းတွင် ပူးပေါင်းအဖွဲ့သည် ပန်စုံကျေးရွာနှင့် ဆွန်ခိုင်းကျေးရွာသွား လမ်းမတွင် လူမရှိဘဲ ရပ်ထားသည့် ALPHARD အမျိုးအစား မော်တော်ယာဉ် နှစ်စီးကို စစ်ဆေးရှာဖွေရာ ပထမအစီး၌ အက်စီတစ်အင်ဟိုက်ဒြိုက် ၁၄၄၀ လီတာ၊ ကဖင်း ၂၀၀ ကီလို၊ ဒုတိယအစီး၌ အက်စီတစ်အင်ဟိုက်ဒြိုက် ၁၂၆၀ လီတာ၊ ကဖင်း ၂၀၀ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## နမ္မတီး၌ ဆိုင်ကယ်ပျောက်ဆုံးမှု စုံစမ်းဖော်ထုတ်ရာမှ ဆိုင်ကယ်ခုနစ်စီး သိမ်းဆည်းရမိ

**နမ္မတီး မတ် ၁၁**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မတီးမြို့၌ မတ် ၁၀ ရက် နံနက် ၁၀ နာရီခွဲက ဆိုင်ကယ်ပျောက်ဆုံးသူတစ်ဦး၏ တိုင်တန်းမှုကို စုံစမ်းဖော်ထုတ်ရာမှ ပျောက်ဆုံးသွားသည့် ဆိုင်ကယ်အပါအဝင် ဆိုင်ကယ်ခုနစ်စီး ဖော်ထုတ်သိမ်းဆည်းရမိခဲ့ကြောင်း နမ္မတီးနယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်လွန်းအောင်ထံမှ သိရသည်။

ဖြစ်စဉ်မှာ မိုးကောင်းမြို့ကျွန်းတော်ရပ်ကွက်နေ တောင်သူတစ်ဦးက မိုးကောင်းမြို့ အထက်ရှမ်းစုကျေးရွာအနီးရှိ ယာခင်းတွင် ဆိုင်ကယ်ရပ်တန့်၍ ပဲနုတ်နေစဉ် ရပ်တန့်ထားသည့် ဆိုင်ကယ်မှာ ပျောက်ဆုံးသွား၍ နမ္မတီးနယ်မြေရဲစခန်းတွင် အမှုဖွင့်တိုင်တန်းခဲ့သည်။

အဆိုပါ ဆိုင်ကယ်ပျောက်ဆုံးမှုကို နမ္မတီးနယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်လွန်းအောင် ဦးစီးရဲတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ နမ္မတီးမြို့ မြို့ဦးရပ်ကွက်ရှိ ဆိုင်ကယ်များ တရားမဝင်ပေါင်နှံရောင်းချနေသူ ချစ်ဦး(၃၀ နှစ်)၏ နေအိမ်အား ရှောင်တခင်ဝင်ရောက်ရှာဖွေစစ်ဆေးရာ ယာခင်းတွင်ပျောက်ဆုံးသွားသည့် HIANBO-125 ဆိုင်ကယ်အပါအဝင် ဆိုင်ကယ်မျိုးစုံ ခုနစ်စီးကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အထောက်အထားမဲ့ ဆိုင်ကယ်ခုနစ်စီးနှင့်အတူ တွေ့ရှိရသူ ချစ်ဦးအား နမ္မတီးနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

## မိတ္ထီလာတွင် လူ ခြောက်ဦးအား ပိုင်ဆိုင်မှုအထောက်အထားမပြနိုင်သော ဆိုင်ကယ်သုံးစီးနှင့်အတူ ဖမ်းဆီးရမိ

**မိတ္ထီလာ မတ် ၁၁**

မိတ္ထီလာမြို့နယ် ရတနာမာရ်အောင်ရပ်ကွက် နယ်မြေ ရေကျော် ၂ ပေါက်အနီးရှိ မိတ္ထီလာ-သာစည် ကားလမ်းဘေး မှောင်ရိပ်အတွင်း၌ ပိုင်ဆိုင်မှုအထောက်အထားမရှိသော ဆိုင်ကယ်သုံးစီးနှင့် လူခြောက်ဦးအား မတ် ၁၀ ရက် ည ၁၁ နာရီက တွေ့ရှိ၍ နယ်မြေလှည့်ကင်းအဖွဲ့က ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

၎င်းတို့အား စစ်ဆေးမေးမြန်းရာ နန်းတော်ကုန်းရပ်ကွက် ချမ်းအေးသာယာနယ်မြေနေ ကြည်လှိုင်(ခ) ကျားနက်၊ ငြိမ်းချမ်း၊ ဟာဆန်(ခ)ကျော်ဇင်လတ်၊ သာယာကုန်းရပ်နေ မိုးကျော်(ခ)မိုဟာမက်အလီ၊ အောင်အောင်(ခ)ဟာရွန်နှင့် သီရိမင်္ဂလာရပ်နေ ကုလားဆိုသူတို့ဖြစ်ပြီး ၎င်းတို့နှင့်အတူ ပိုင်ဆိုင်မှုအထောက်အထား မတင်ပြနိုင်သော ဆိုင်ကယ် သုံးစီး၊ ဆိုင်ကယ်သော့ဖျက်ခိုးယူရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

ထို့ကြောင့် ၎င်းတို့အား ပိုင်ဆိုင်မှုအထောက်အထား မတင်ပြနိုင်သော ဆိုင်ကယ်များနှင့်အတူ ဆိုင်ကယ်ခိုးယူပစ္စည်းများဖြင့် ဖမ်းဆီးရမိသူများအား မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဝ၄၇**

## မတ္တရာမြို့နယ်၌ လောင်းကစားပြုလုပ်သူတစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူဖမ်းမိ

**မတ္တရာ မတ် ၁၁**

မတ္တရာမြို့နယ် လင်းမြွေချောင်းကျေးရွာတွင် မတ် ၉ ရက်က ဘောလုံးလောင်းကစားပြုလုပ်သူအား သက်သေခံပစ္စည်းများနှင့် တွေ့ရှိ၍ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ္တရာမြို့မရဲစခန်းမှ ရဲအုပ်စိုးမင်းလတ်နှင့်အဖွဲ့သည် မတ် ၉ ရက် နံနက်ပိုင်းက မန္တလေး - မိုးကုတ်သွားကားလမ်း မိုင်တိုင် ၁၁/၂ နှင့် ၁၁/၃ အကြား မတ္တရာမြို့နယ် လင်းမြွေချောင်းကျေးရွာအနီး ဆိုင်ကယ်မောင်းနှင်လာသည့် မသင်္ကာဖွယ်လူတစ်ဦးတွေ့ရှိသဖြင့် ရပ်တန့်စစ်ဆေးရာ ပုသိမ်ကြီးမြို့နယ် ဆားခါတောင်ကျေးရွာနေသူ စိုးစိုးအောင်(၃၀ နှစ်)ဖြစ်ကြောင်း သိရပြီး ၎င်းထံမှ ဘောလုံးလောင်းကစားပြုလုပ်သည့် ပစ္စည်းများနှင့် ငွေစက္ကူရောရော ၁၂၉၃၇၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ လောင်းကစားပြုလုပ်သူ စိုးစိုးအောင်(၃၀ နှစ်)အား မတ္တရာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မြန်မာ့အလင်း**

## ဝမ်းတွင်းမြို့နယ်၌ ဘဏ်သို့ ပေးသွင်းမည့် ငွေကျပ် ၆၃ သိန်း လုယက်ခံရ

**မိတ္ထီလာ မတ် ၁၁**

ဝမ်းတွင်းမြို့နယ်၌ မတ် ၉ ရက် နံနက် ၁၁ နာရီက ကျေးရွာအုပ်ချုပ်ရေးမှူးထံမှ စိုက်ပျိုးရေးဘဏ်သို့ ပေးသွင်းရမည့်ငွေကျပ် ၆၃ သိန်းကို အမျိုးသား နှစ်ဦးက လုယက်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဝမ်းတွင်းမြို့နယ် သခွတ်မြင့်ကျေးရွာအုပ်ချုပ်ရေးမှူးသည် သခွတ်မြင့်ကျေးရွာသူ ကျေးရွာသားများ၏ စိုက်ပျိုးရေးချေးငွေဘဏ်(ဝမ်းတွင်း)သို့ ပေးသွင်းရမည့် ငွေကျပ် ၆၃ သိန်းအား ကိုယ်စားလှယ်အဖြစ် အပ်နှံရန်အတွက် ငွေများကို ယူဆောင်၍ ဆိုင်ကယ်စီးနင်းလာစဉ် ရန်ကုန်-မန္တလေးလမ်းမိုင်တိုင်အမှတ် (၃၆၁/၆)နှင့် (၃၆၁/၇)အကြား မြေတိုင်ကန်ကျေးရွာလမ်းခွဲအနီး အရောက်၌ နောက်ဘက်မှ ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသားနှစ်ဦးက ငွေများကို လုယက်ယူဆောင်ထွက်ပြေးသွားသဖြင့် သခွတ်မြင့်ကျေးရွာအုပ်ချုပ်ရေးမှူးက မတ် ၁၀ ရက် ညနေပိုင်းတွင် ဝမ်းတွင်းမြို့မရဲစခန်းသို့ တိုင်တန်းသဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ရေမိုင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် မတ် ၁၁**

မောင်တောမြို့နယ် နယ်မြေ(၃) အမှတ်(၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ကျီးကျွန်းရဲကင်းစခန်းမှ ရဲအုပ်ကြည်စိုး ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ရေယာဉ်တပ်ဖွဲ့စု(မောင်တော)မှ ငါးမန်းအမြန်သွား တိုက်ခိုက်ရေးရေယာဉ်အမှတ်(၀၀၄)ပါ နှစ်စင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၂)နယ်ခြားစောင့်တပ် Whykong ကင်းစခန်းမှူး Subedar Md. Syed Enayer Ali ဦးဆောင်သည့်အဖွဲ့က စက်တပ်ရေယာဉ် နှစ်စင်း၊ စုစုပေါင်းလေးစင်းတို့ဖြင့် ရေတွင်းပြင်ချောင်းဝအနီး နတ်မြစ်အလယ်ရှိ နှစ်နိုင်ငံ နယ်နိမိတ်အနီး ရေမိုင်အမှတ်(၁၅)မှ သဲချောင်းချောင်းဝထိပ် ရေမိုင်အမှတ်(၁၈)ထိ နတ်မြစ်ကြောင်းအတိုင်း နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မတ် ၁၀ ရက် နံနက်ပိုင်းက ရေမိုင်ကင်းလှည့်ခဲ့ပြီး ရေယာဉ်အမှတ်(၀၀၄)ပေါ်၌ နှစ်ဖက်ကင်းလှည့်သည့်အဖွဲ့များ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# အောင်ချမ်းသာကျေးရွာတွင် ရွှေသုဝဏ်ဆရာတော်ကြီး ဆောက်လုပ်ပေးသော တိုက်နယ်ဆေးရုံ၌ ဆရာဝန်များရရှိရန် ဒေသခံများမျှော်လင့်နေ

**ဝမ်းတွင်း မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် အောင်ချမ်းသာကျေးရွာတွင် ရန်ကုန်မြို့ ရွှေသုဝဏ်ကျောင်းတိုက် ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တသဒ္ဓိယက ဆောက်လုပ်ပေးသော တိုက်နယ်ဆေးရုံကြီးမှာ ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပြီး အဆိုပါဆေးရုံကြီးတွင် ကျန်းမာရေးကုသပေးနိုင်ရန် ဆရာဝန်များ အမြန်ရရှိစေရန် မျှော်လင့်နေကြောင်း ကျေးရွာသူကျေးရွာသားများက ပြောသည်။

ရွှေသုဝဏ် ကျောင်းတိုက်ဆရာတော်ကြီးက အဆိုပါဒေသရှိ ပြည်သူများ ဆေးကုသရန် ခက်ခဲပြီး အရေးပေါ် ကုသမှုများအတွက် မိမိတတ်နိုင်သမျှ ဒါယကာ ဒါယိကာမများနှင့် ပူးပေါင်းပြီး ဆောက်လုပ်ပေးခြင်းဖြစ်ကြောင်း မိန့်ကြားသည်။

အောင်ချမ်းသာကျေးရွာနေ ဒေါ်သိန်းရီမွန်က "ကျွန်မတို့ငယ်စဉ်က ကျန်းမာရေးနဲ့ပတ်သက်ပြီး အလွန်အားနည်းခဲ့ပါတယ်။ မွေးလူနာ၊ ပိုးထိလူနာတို့လို အရေးပေါ်လူနာတွေကို ၁၀ မိုင်ခန့်ဝေးတဲ့ ဆေးခန်းတွေဆီ သွားရောက်ကုသရတဲ့အတွက် အသက်ဆုံးရှုံးမှုတွေ ရှိခဲ့တယ်။ အခုဆိုရင် ဆရာတော်ကြီးရဲ့မေတ္တာကြောင့် ဆေးရုံကြီးဟာ ပြီးစီးလုနီးပါး ရှိနေပါပြီ။ ဆေးရုံကြီးပြီးစီးပါက ကျွန်မတို့ဒေသမှာရှိတဲ့ အရေးပေါ်လူနာတွေ ကြုံနေရတဲ့ အခက်အခဲတွေအတွက် ဆရာဝန်တွေ အမြန်ဆုံး ရရှိဖို့ မျှော်လင့်ပါတယ်" ဟု ပြောသည်။

"ဆေးရုံဆောက်လုပ်တဲ့မြေက ခြောက်ဧကရှိပါတယ်။ ၁၆ ခုတင်ဆံ့ ဆောက်လုပ်ထားတာပါ။ ခန့်မှန်းကုန်ကျငွေကျပ် သိန်းခြောက်ထောင်ဝန်းကျင်ရှိပြီး အခုဆောက်လုပ်နေမှု ၈၀ရာခိုင်နှုန်းကျော် ပြီးစီးပါပြီ။ အရေးပေါ်အခန်း၊ ခွဲစိတ်ခန်း အစရှိတဲ့ အခန်းတွေအပြင် သန့်စင်ခန်းကအစ ဆေးရုံလာတက်တဲ့ သူတွေအတွက် သောက်သုံးရေရရှိဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။ ဆရာတော်ကြီးရဲ့မေတ္တာကြောင့် အခုလို တိုက်နယ်အဆင့်ရှိတဲ့ဆေးရုံကြီး ဆောက်နိုင်တာပါ"ဟု ဆေးရုံဆောက်လုပ်ရေး ကော်မတီဒုဥက္ကဋ္ဌ ဦးနေဝင်းက ပြောသည်။

အောင်ချမ်းသာကျေးရွာရှိ တိုက်နယ်ဆေးရုံကြီးကို ငွေကျပ်သိန်းခြောက်ထောင်ဝန်းကျင်အထိ အကုန်အကျခံ ဆောက်လုပ်လျက်ရှိပြီး ဆရာတော်ကြီး၏ မတည်ငွေနှင့် ပြည်သူတို့၏ ပူးပေါင်းမှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၈၀ ရာခိုင်နှုန်း ကျော်ပြီးစီးခဲ့ပြီဖြစ်သည်။ ဆေးရုံကို ပေ ၁၂၀ × ၉၄ ပေ အဆောက်အအုံအဖြစ် တည်ဆောက်ထားပြီး ဟောခန်းနှစ်ခန်း၊ ဆရာဝန်နှင့် သူနာပြုများအတွက် အခန်းလေးခန်းအပါအဝင် အခြားအရေးကြီးသောအဆောင်အခန်းများပါကြောင်း သိရသည်။ ဆေးရုံသို့လာသော ပြည်သူများအတွက် သောက်သုံးရေ အဆင်ပြေစေရန် ဂါလန် ၅၀၀၀ ဆံ့ ရေစင်နှင့် အုတ်ရေကန်များလည်း တည်ဆောက်ထားကြောင်း၊ အဆိုပါ ဆေးရုံကြီး ပြီးစီးပါက ဒေသခံပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည် ဖြစ်သည်။



ရွှေသုဝဏ်ကျောင်းတိုက်ဆရာတော် ဆောက်လုပ်လှူဒါန်းသော တိုက်နယ်ဆေးရုံကို တွေ့ရစဉ်။

**ဘိုဘို(မလှိုင်)**

# သီးနှံအထွက်နှုန်းတိုးရေးနှင့် စိုက်ပျိုးရေးထွက်ကုန်ထုတ်လုပ်ခြင်း နည်းပညာဆိုင်ရာများ ဆွေးနွေး

**ချောင်းဦး မတ် ၁၁**

စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲက ဆောင်းသီးနှံဖြစ်သော ဂျုံ၊ ကုလားပဲနှင့် စပ်မျိုးနေကြာများ၏ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်း၊ သုတေသနစမ်းသပ်ကွက်များ စိုက်ပျိုးခြင်းနှင့် စံပြကွက်များ စိုက်ပျိုးခြင်းတို့ကို စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ပေါက်အင်းစိုက်ကွင်း၌ ဆောင်ရွက်ထားရာ အဆိုပါ ဂျုံနှင့် ကုလားပဲ သီးနှံများကို Combine Harvester စက်များဖြင့် ရိတ်သိမ်းခြင်း၊ စံကွက်ရိတ်သိမ်းခြင်း၊ တောင်သူပညာပေး ကွင်းသရုပ်ပြပွဲနှင့် သီးနှံအထွက်နှုန်းတိုးရေးနှင့် စိုက်ပျိုးရေးထွက်ကုန်များ ထုတ်လုပ်ခြင်းဆိုင်ရာ ဆွေးနွေးပွဲများကို မတ် ၈ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ချောင်းဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်က သီးနှံစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းစဉ်များမှာ ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရဓာတ်ပြည့်ဝသော အစားအစာများ ထုတ်လုပ်ပေးရန်ဖြစ်ကြောင်း၊ ဌာနက ဦးဆောင်ပြီး လုပ်ဆောင်နေသော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agricultural Practices) ကို လိုက်နာကြရန်နှင့် GAP ဆိုသည်မှာ မြေပြုပြင်စိုက်ပျိုးထုတ်လုပ်သည်မှ စားသုံးသူလက်ဝယ်ရောက်သည်အထိ ထုတ်လုပ်မှုကွင်းဆက်တိုင်းတွင် စားသုံးသူအတွက် အန္တရာယ်အနည်းဆုံးဖြစ်စေရန် လိုက်နာဆောင်ရွက်ခြင်းဖြစ်ကြောင်း စသည်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။




ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် ဂျုံနှင့် ကုလားပဲရိတ်သိမ်းမှု သရုပ်ပြနေစဉ်။

ထို့နောက် ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် ဂျုံနှင့် ကုလားပဲ ရိတ်သိမ်းခြွေလှေ့မှုကို ဌာနဆိုင်ရာဝန်ထမ်းများနှင့် တောင်သူများက ကွင်းဆင်းလေ့လာခဲ့ကြပြီး တောင်သူများ သိရှိလိုသော ကုလားပဲမျိုးရရှိ နိုင်မှုအခြေအနေနှင့် အခြားသိလိုသည့် မေးမြန်းချက်များကိုလည်း တာဝန်ရှိသူများက ရှင်းလင်းဖြေကြားပေး ခဲ့သည်။

ပေါက်အင်းစိုက်ကွင်း၏ သီးနှံစိုက်ပျိုးဧရိယာများမှာ နှစ်စဉ် ချင်းတွင်းမြစ်ရေ ဝင်ရောက်သော ပေါက်အင်း ရေဝင်ဧရိယာအတွင်း တည်ရှိပြီး ပေါက်အင်းစိုက်ကွင်းသည် မျိုးစေ့ထုတ်လုပ်ရေးကို အဓိကဆောင်ရွက်နေသော စိုက်ကွင်းတစ်ကွင်းဖြစ်ကြောင်း၊ ၂၀၁၈-၂၀၁၉ စိုက်ပျိုးရာသီတွင် ကုလားပဲ ဧက ၁၄၀၀၊ ဂျုံဧက ၆၉၀ နှင့် စပ်မျိုးနေကြာ ၁၀ ဧက စုစုပေါင်း ဧက ၂၁၀၀ ကို စိုက်ပျိုးထားပြီး မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ကာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ တောင်သူများထံသို့ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**သိမ့်သိမ့်မိုး**

# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဆန်ပို့ကုန်မြှင့်တင်နိုင်ရန် ဈေးကွက်သစ်များ ရှာဖွေနေ

**ရန်ကုန် မတ် ၁၁**

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေ ဖြင့် သက်ဆိုင်ရာအစိုးရဌာနများနှင့် ပူးပေါင်း၍ ဆန်ပို့ကုန်မြှင့်တင်နိုင်ရန် ဈေးကွက်သစ်များ ရှာဖွေနေကြောင်း ဆန်စပါးအသင်းချုပ် တာဝန်ရှိသူများ ထံမှ သိရသည်။

"မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေနဲ့ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ကျွန်တော်တို့ ပုဂ္ဂလိကအခန်းကဏ္ဍကနေ ဦးဆောင်ပြီးတော့ တခြားနိုင်ငံတွေကို ပို့ကုန်မြှင့်တင်ရေးအတွက် နိုင်ငံတော်အစိုးရနဲ့အတူ တခြားနိုင်ငံတွေမှာ သွားရောက်တွေ့ဆုံပြီးတော့ ပို့ကုန်မြှင့်တင်ရေးကိစ္စတွေလုပ်ဖို့ရှိတယ်" ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

ဆန်ပို့ကုန်မြှင့်တင်ရေးအတွက် ဈေးကွက်သစ်များအဖြစ် မြန်မာနိုင်ငံမှ ဆန်ဝယ်နေကျဖြစ်သော အာဖရိက၊ တရုတ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင် စသည့် နိုင်ငံများတွင် ဈေးကွက်သစ်များ ချိတ်ဆက်ရှာဖွေသွားမည်ဖြစ်ကြောင်း လည်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက "ဈေးကွက်တွေကတော့ မြန်မာနိုင်ငံက ဆန်ဝယ်နေကျဖြစ်တဲ့ အာဖရိကဘက်ကို အချိတ်အဆက်တွေနဲ့ လုပ်ဖို့ရှိတယ်၊ နောက် တရုတ်ဘက်ကိုလည်း ရှိတယ်၊ နောက် မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်ပေါ့"ဟု ပြောသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်တွင် ကျင်းပခဲ့သော The 2nd China Myanmar Economic Corridor Forum ၌ တရုတ်နိုင်ငံမှ တာဝန် ရှိသူများနှင့် အလွတ်သဘောတွေ့ဆုံရာတွင် မြန်မာနိုင်ငံမှ ၂၀၁၆ ခုနှစ်အတွင်း ဆန်တန်ချိန် တစ်သိန်းကို တရုတ်နိုင်ငံသို့ တင်ပို့ခွင့် (Quota) ရရှိခဲ့ပြီး ယခုနှစ်အတွင်း ဆန်တန်ချိန် လေးသိန်းအထိ တရားဝင် (Quota) ဖြင့် တင်ပို့ခွင့်ရရှိရေးအတွက်လည်း ဆွေးနွေးခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ ဖေဖော်ဝါရီ ၂၅ ရက်က ထုတ်ပြန်ထားချက်အရ သိရသည်။

ထို့ပြင် မြန်မာနိုင်ငံမှထွက်ရှိသော ဆန်ကွဲကို မြန်မာနိုင်ငံမှ ရောင်းသူနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကုန်ဝယ်သူတို့ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး တရားဝင်လိုင်စင်လျှောက်ထား၍ အခွန် ပေးဆောင်ပြီး ရောင်းဝယ်နိုင်ကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ဆန်တင်ပို့ရာတွင် ပင်လယ်ရေကြောင်းမှလည်းကောင်း၊ နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ လည်းကောင်း တင်ပို့လျက်ရှိပြီး နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ တစ်ဆင့် တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရာတွင် တရုတ်နိုင်ငံဘက်၌ တရားမဝင်ကုန်စည်ဖမ်းဆီးရေး စီမံချက်များ လုပ်ဆောင်နေသောကြောင့် တရုတ်ကုန်သည်များက ဆန်အဝယ် ရပ်တန့်သဖြင့် နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ဆန် တင်ပို့မှု လျော့ကျခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံဆန်စပါးအသင်း ချုပ်အနေဖြင့် ကုန်သွယ်မှုလမ်းကြောင်းများမှတစ်ဆင့် ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် တစ်ဖက်နိုင်ငံရှိ ကုန်သည်များနှင့်လည်း တွေ့ဆုံရန်ရှိကြောင်း အသင်းချုပ်ဥက္ကဋ္ဌက ပြောသည်။

"ကျွန်တော်တို့က အရပ်စကားနဲ့ ပြောမယ်ဆိုရင်တော့ ဘယ်အပေါက်ကပဲ ထွက်နေထွက်နေ ထွက်ဖို့က အဓိကပဲပေါ့။ ကျွန်တော်တို့ တစ်နည်းအားဖြင့် ပြောရင် အရောင်းအဝယ်တွေက ဖွံ့ဖြိုးတိုးတက်နေမှ ထုတ်လုပ်မှုကလည်း ကောင်းလာမယ်။ ကျွန်တော်တို့ ဒီဟာတွေက ကိုယ့်ပြည်တွင်းမှာ အကြာကြီး ထိန်းသိမ်းထားလို့ရတဲ့ အနေအထားလည်း မရှိဘူးပေါ့နော်။ အဲဒီတော့ ဘာပဲပြောပြော ကျွန်တော်တို့အနေနဲ့ကတော့ ဘက်ပေါင်းစုံက ဈေးကွက်မျိုးစုံကို ကျွန်တော်တို့ရောင်းနိုင်အောင် ကြိုးစားနေတယ်။ အဲတော့ ဒီနယ်စပ်နဲ့ ပတ်သက်ရင်လည်း တစ်ဖက်နိုင်ငံရဲ့ မူဝါဒက အလွန်အရေးကြီးတယ်။ တစ်ဖက်နိုင်ငံ မှာရှိတဲ့ ဝယ်သူတွေပေါ့။ ဝယ်သူတွေရဲ့သဘောဆန္ဒကလည်း အရေးကြီးတာပေါ့။ အဲဒီတော့ ဒီဘက်ပိုင်းမှာတော့ ရောင်းချင်တဲ့ဆန္ဒက ရှိတယ်ဆိုပေမယ့် ဟိုဘက်က မူဝါဒတွေ၊ ဥပဒေတွေ၊ နောက်တစ်ခါ ဝယ်ချင်တဲ့သူတွေရဲ့ ဆန္ဒတွေကလည်း လိုအပ်သေးတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဒီတစ်ဖက်နိုင်ငံက ဝယ်သူတွေနဲ့ တွေ့ဆုံဖို့လည်း စီစဉ်နေတယ်"ဟု ဥက္ကဋ္ဌက ဆက်ပြောသည်။

မြန်မာနိုင်ငံက ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့ရာတွင် ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် အထိ ဆန်နှင့် ဆန်ကွဲတန်ချိန် ၂ ဒသမ ၁၁၅ သန်းကျော် တင်ပို့ထားပြီး တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၉၉ ဒသမ ၄၆၇ သန်း ရရှိထားကြောင်း၊ မြန်မာနိုင်ငံက ပြည်ပသို့ ဆန်တင်ပို့ရာတွင် နိုင်ငံပေါင်း ၅၀ အထိ တင်ပို့ထားပြီး ဆန်ကွဲတင်ပို့မှုတွင် နိုင်ငံပေါင်း ၂၁ နိုင်ငံအထိ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

# တိုက်ကြီးမြို့နယ် တဘူးလှုရေလှောင်တမံမှ နွေစပါး ဧက ၂၇၉၀၀ ကျော်ကို ရေပေးဝေနေ

**ရန်ကုန် မတ် ၁၁**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်းရှိ တဘူးလှုရေလှောင်တမံမှ ရေများဖြင့် ၂၀၁၈-၂၀၁၉ နွေစပါးရာသီတွင် တိုက်ကြီးမြို့နယ်နှင့် မှော်ဘီမြို့နယ်အတွင်း နွေစပါး ဧက ၂၆၂၀၀ စိုက်ပျိုးရန် လျာထားခဲ့သော်လည်း လက်ရှိအချိန်တွင် တောင်သူများ ထပ်မံတိုးမြှင့်စိုက်ပျိုးသည့် ၂၇၉၀၈ ဧကအထိ စိုက်ပျိုးရေများ ပေးဝေလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

၂၀၁၈-၂၀၁၉ နွေစပါးရာသီအတွက် ရေပေးဝေရာတွင် တိုက်ကြီးမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့ရှိ နွေစပါးစိုက်ကေများကို ရေအပြည့်အဝ ပေး ဝေနိုင်ရန် တဘူးလှုရေလှောင်တမံ၌ ရေလှောင်ပမာဏ ဧကပေ ၁၇၀၀၀၀ ကျော် သိုလှောင်ထားနိုင်ခဲ့ကြောင်း၊ တဘူးလှုရေလှောင်တမံမှ ဆည်ရေကို တဘူးလှုရေလွှဲဆည်မှတစ်ဆင့် လက်ယာမြောင်းမကြီးနှင့် လက်ဝဲမြောင်းမကြီးတို့ဖြင့် ၂၀၁၈ ဒီဇင်ဘာလမှစတင်ပြီး ပေးဝေလျက်ရှိကြောင်း သိရသည်။

တဘူးလှုရေလှောင်တမံကို တိုက်ကြီးမြို့နယ် ဥက္ကံချောင်းပေါ်တွင် ၁၉၉၃-၁၉၉၄ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၅ ခုနှစ်က တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ ရေလှောင်တမံ၏ ရေပေးဝေနိုင်သော စိစစ်ကေမှာ ၃၀၃၄၄ ဖြစ်ပြီး တိုက်ကြီးနှင့် မှော်ဘီမြို့နယ်တို့မှ စပါးစိုက်ခင်းများအတွက် ရေပေးဝေလျက်ရှိကြောင်း တိုက်ကြီးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီး ဌာနမှ သိရသည်။

**မောင်မွှေး၊ ဓာတ်ပုံ - ဆည်မြောင်း**



တဘူးလှုရေလှောင်တမံ ဆည်ရေဖြင့် နွေစပါးများစိုက်ပျိုးထားမှုကိုတွေ့ရစဉ်။

# တိုင်းဒေသကြီး ပြည်နယ်များ၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသည့် မြင်ကွင်း

၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၆ ရက်က စတင်ဖြေဆိုခဲ့ရာ ယနေ့ (မတ် ၁၁ရက်) ပဉ္စမနေ့တွင် ဓာတုဗေဒဘာသာရပ်ကို ဖြေဆိုကြသည်။

မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နိုင်ငံခြားစာစစ်ဌာနများတွင် ဓာတုဗေဒဖြေဆိုရန် စာရင်းရှိကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၆၃၆၄၃ ဦးတွင် ဖြေဆိုသူ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၂၅၇၀၁ ဦး ဖြေဆိုကြပြီး ဖြေဆိုရန် ပျက်ကွက်သူ ၃၇၉၄၂ ဦးဖြစ်၍ ဖြေဆိုမှု ရာခိုင်နှုန်း ၉၅ ဒသမ ၀၃ ရာခိုင်နှုန်း ဖြစ်ကြောင်း သိရသည်။



မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာရပ် ဖြေဆိုပြီးနောက် ကျောင်းသား ကျောင်းသူများနှင့် လာရောက်ကြိုဆိုကြသည့် မိဘပြည်သူများကို တွေ့ရစဉ်။
ကိုစိုးကြီး



ရှမ်းပြည်နယ် တောင်ကြီးမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာရပ်ဖြေဆိုနေကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။
မောင်မောင်သန်း (တောင်ကြီး)



ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် အထက ငါးသိုင်းချောင်းစာစစ်ဌာန၌ တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာရပ် ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို အေးချမ်းစွာ တွေ့ရစဉ်။
စိုးမင်းဦး (ပြန်/ဆက်)





ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာရပ်ဖြေဆိုသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူ များကို တွေ့ရစဉ်။
ထွန်းထွန်းဇော် (ပြန်/ဆက်)

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာရပ်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများနှင့် ကြိုဆိုနေကြသည့် မိဘပြည်သူများကို တွေ့ရစဉ်။
နန်းသာရီ - ထိန်ဝင်း



ရန်ကုန်မြို့ တာမွေမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာရပ်ဖြေဆိုကြသည့် ကျောင်းသားကျောင်းသူများနှင့် မိဘပြည်သူများကို တွေ့ရစဉ်။
နိုင်လင်းအောင် (ပြန်/ဆက်)

# အဖွဲ့ရဲ့ ရည်ရွယ်ချက်နဲ့ အဓိကလုပ်ငန်းကတော့ ပေါင်းစပ်ညှိနှိုင်းရေးပဲ။ မူဝါဒပိုင်းဆိုင်ရာနဲ့ ပေါင်းစပ်ညှိနှိုင်းရေးပဲ

ပါမောက္ခချုပ် ဒေါက်တာ ဇော်ဝေစိုး

## ပါမောက္ခချုပ်များကော်မတီဖွဲ့စည်းထားရှိမှုအခြေအနေ ပညာရေးစကားဝိုင်း

**ပါမောက္ခချုပ်များ ကော်မတီဖွဲ့စည်းထားရှိမှုအခြေအနေ ပညာရေးစကားဝိုင်းကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် ပါမောက္ခချုပ်များ ကော်မတီဥက္ကဋ္ဌ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ပါမောက္ခချုပ် ဒေါက်တာ ဇော်ဝေစိုး၊ ပါမောက္ခချုပ်များ ကော်မတီ ဒုတိယဥက္ကဋ္ဌ မန္တလေးနည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဆင့်စိုး၊ ပါမောက္ခချုပ်များကော်မတီ ဗဟိုအလုပ်အမှုဆောင် ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမီမီသက်သွင်၊ ပါမောက္ခချုပ်များ ကော်မတီဗဟိုအလုပ်အမှုဆောင် သမဝါယမတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ် ဒေါက်တာ ရီရီဝင်းတို့၏ ပါဝင်ဆွေးနွေးမှုများကို ဖော်ပြလိုက်ပါသည်။**



**အစီအစဉ်မှူး။ ။ဆရာကြီး ပါမောက္ခ ဒေါက်တာဇော်ဝေစိုး အနေနဲ့ ပါမောက္ခချုပ်များ ကော်မတီ ဖြစ်ပေါ်လာပုံနဲ့ ပတ်သက်ပြီးတော့ ရှင်းပြပေးပါ။**

**ဒေါက်တာဇော်ဝေစိုး။** ။ပါမောက္ခချုပ်များ ကော်မတီဆိုတာ ဟိုအရင်တုန်းက မရှိဘူး။ အခုမြန်မာပြည်ရဲ့ ပြုပြင်ပြောင်းလဲမှုကနေ ပေါ်လာတာပါ။ အဆင့်မြင့်ပညာနဲ့ ပတ်သက်ပြီးတော့ အမျိုးသားပညာရေးဥပဒေ ၂၀၁၄ ထွက်ခဲ့တယ်။ ထွက်ပြီးတော့ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေဆိုတာ ၂၀၁၅ ဇွန်လထဲမှာ ထွက်လာတယ်။ အဲဒီဥပဒေအရ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဆိုတာ ရှိတယ်။ ကျွန်တော်တို့ မြန်မာပြည်မှာ ပညာရေးနဲ့ပတ်သက်ရင် အဆင့်အမြင့်ဆုံးမူဝါဒအဖွဲ့အစည်းတစ်ခုလို့ ပြောလို့ရတယ်။ အဲဒီအဆင့်မြင့်ဆုံး မူဝါဒအဖွဲ့အစည်းရဲ့ အောက်မှာဖွဲ့စည်းထားတာက Curriculum ပါ။ အမျိုးသား သင်ရိုးညွှန်းတမ်း ကော်မတီဆိုတာရှိတယ်။ ပြီးတော့ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီဆိုတာ ရှိတယ်။

ပြီးရင် အဆင့်မြင့်ပညာနဲ့ ပတ်သက်ရင် ကျွန်တော်တို့ ပါမောက္ခချုပ်များ ကော်မတီ ဆိုတာရှိတယ်။ ပါမောက္ခချုပ်များကော်မတီဆိုတာက ၂၀၁၈ ခုနှစ်မှာပေါ်လာတယ်။ ၂၀၁၈ မတ်လ ၁၂ ရက်နေ့မှာ အမျိုးသား ပညာရေး မူဝါဒကော်မရှင်က နေပြီးတော့ မြန်မာပြည်မှာရှိတဲ့ တက္ကသိုလ်တွေကို ခေါ်လိုက်တယ်။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နဲ့ အဆင့်မြင့်ပညာကျောင်းတွေကို အစည်းအဝေးခေါ်လိုက်တယ်။ ခေါ်ပြီးတော့ အဲဒီအစည်းအဝေးမှာ ပါမောက္ခချုပ်တွေ၊ ကျောင်းအုပ်ကြီးတွေပါတဲ့ အစည်းအဝေးလုပ်တယ်။ အဲဒီအစည်းအဝေးကနေပြီးတော့ ပါမောက္ခချုပ်များကော်မတီ ဖွဲ့စည်းဖို့အတွက် စီစဉ်တယ်။ အမျိုးသားပညာရေး ဥပဒေအပိုဒ် (၂၇)ထဲမှာ ဘယ်လိုပါလဲဆိုရင် ဒီအဆင့်မြင့်ပညာကျောင်းတွေနဲ့ ပတ်သက်ရင် ပေါင်းစပ်ညှိနှိုင်းမယ့် ကော်မတီဆိုတာ ဥပဒေထဲမှာ ဖွဲ့စည်းဖို့ ရေးထားတယ်။ အဲဒီအမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေ ၂၀၁၅ ထဲမှာ ရေးထားတဲ့ဟာက တက္ကသိုလ်တွေနဲ့ ဒီဂရီကောလိပ်၊ အဆင့်မြင့်ပညာကျောင်းတွေရဲ့ ကိုယ်ပိုင် စီမံခန့်ခွဲမှုကို မထိခိုက်စေဘဲ ပေါင်းစပ်ညှိနှိုင်းပေးမယ့် ကော်မတီတစ်ခုဖွဲ့မယ်ဆိုတဲ့ အဲဒီအထဲကအတိုင်းပဲ ဒီဟာကို ဖွဲ့စည်းလိုက်တယ်။ ခုနကပုဒ်မ (၂၇) အရ ပေါ်ပေါက်လာတဲ့ ပါမောက္ခချုပ်များ ကော်မတီ၊ အဲဒီထဲမှာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီလို့ ရေးထားတဲ့ဟာက အခု ပါမောက္ခချုပ်များကော်မတီဆိုပြီးတော့ ပေါ်လာတာပါ။ မတ်လ ၁၂ ရက်နေ့မှာ အစည်းအဝေးလုပ်ပြီးတော့ အဲဒီနေ့မှာ ကျွန်တော်တို့ မဲတွေပေးပြီးတော့ ရွေးလိုက်တယ်၊ အဆင့်ဆင့်အုပ်စုလိုက် ဘာသာရပ်အလိုက်တွေ အဲဒီကနေပြီးတော့တစ်ဆင့် ကျွန်တော်တို့ ရွေးလိုက်တဲ့အခါကျတော့ ပထမဦးဆုံး ၄၄ ဦး တကယ်တော့ မြန်မာပြည်မှာ တက္ကသိုလ်တွေအားလုံး ၁၇၃ခုရှိတယ်။ အဲဒီထဲမှာ ကာကွယ်ရေးနဲ့ နယ်စပ်ဒေသတွေနဲ့ ပတ်သက်တဲ့၊ သာသနာရေးနဲ့ ပတ်သက်တဲ့ဟာကို ဖယ်ထုတ်လိုက်တယ်။ ဖယ်ထုတ်လိုက်ရင် အားလုံးတက္ကသိုလ်ပေါင်း ၁၆၁ ကျောင်းကျန်တယ်။ အဆင့်မြင့်ပညာကျောင်း ၁၆၁ ကျောင်းကို ခုနက ပါမောက္ခချုပ်များ ကော်မတီအနေနဲ့ ဖွဲ့တယ်။

အဲဒီပါမောက္ခချုပ်များ ကော်မတီထဲမှာ တစ်ဆင့်ထပ်ပြီးတော့ ရွေးလိုက်တဲ့အခါကျတော့ အလုပ်အမှုဆောင်အဖွဲ့ဆိုတာရှိတယ်။ အဲဒါက ၄၄ ဦးပါတဲ့ အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့တယ်။ အဲဒီအလုပ်အမှုဆောင်ထဲကနေမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဆိုပြီးတော့ ၁၅ ဦးပါတဲ့ ကော်မတီကိုဖွဲ့တယ်။ ၁၅ ဦးပါတဲ့ ကော်မတီမှာမှ ကျွန်တော်တို့ ရွေးလိုက်တဲ့အခါ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနဲ့ ဗဟိုကော်မတီဝင်တွေအားလုံး ၁၅ ဦး ရှိသွားတယ်။ အဲဒီထဲမှာ ကျွန်တော်ဥက္ကဋ္ဌအနေနဲ့ ဆောင်ရွက်ပါတယ်။ ရွေးကောက်ပြီးတော့ ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံနဲ့ တရားဝင်ဒီဟာကို ထုတ်ပြန်လိုက်တာကတော့ ၂၀၁၈ ခုနှစ် ဧပြီလ ၆ ရက်နေ့မှာ စတင်ပြီး ဖွဲ့စည်းတယ်။ ဒီအဖွဲ့ရဲ့ ရည်ရွယ်ချက်နဲ့ အဓိကလုပ်ငန်းကတော့ ပေါင်းစပ်ညှိနှိုင်းရေးပဲ။ မူဝါဒပိုင်းဆိုင်ရာနဲ့ ပေါင်းစပ်ညှိနှိုင်းရေးပဲ။

အမျိုးသားပညာရေးမူဝါဒကော်မရှင်ကို အဆင့်မြင့်ပညာနဲ့ ပတ်သက်ပြီးတော့ အလုပ်လုပ်ပေးတဲ့သဘောပါ။ အမျိုးသားပညာရေးမူဝါဒကော်မရှင်က ပညာရေးမူဝါဒပိုင်းဆိုင်ရာလုပ်တာဆိုတော့ ပါမောက္ခချုပ်များ ကော်မတီက အဆင့်မြင့်ပညာနဲ့ပတ်သက်တဲ့ မူဝါဒပိုင်းဆိုင်ရာတွေကို လုပ်ပေးရတာပါ။ တကယ်တော့ Administration မဟုတ်ဘူး။ အုပ်ချုပ်တာ မဟုတ်ဘူး။ တကယ်တော့ ကျွန်တော်တို့ တက္ကသိုလ်တွေရဲ့ အုပ်ချုပ်ရေးက အမျိုးသား ပညာရေးဥပဒေအရ သူက ပညာရေးဝန်ကြီးဌာနကနေ စီမံပေးတာတွေကို တက္ကသိုလ်တွေက အမှန်က ဒီဥပဒေအရဆို ကိုယ့်ဘာသာကိုယ် အုပ်ချုပ်ကြတာ။ ဒီတက္ကသိုလ်တွေရဲ့ ပဋိညာဉ်စာတမ်းတွေရေးပြီးတော့ အဲဒီပဋိညာဉ်စာတမ်းနဲ့အညီ တက္ကသိုလ်တွေက ကိုယ်ပိုင်ကိုယ့်ဟာကိုယ် အုပ်ချုပ်ဖို့အတွက် ဒီဥပဒေက ရေးထားတာပါ။ ဒါက နောက် ကျရင်ဖြစ်လာမယ်။ အခုဟာကတော့ ကျွန်တော်တို့က ပြောင်းလဲနေတဲ့ အချိန်။ အခု ကျွန်တော်တို့ ပါမောက္ခချုပ်များကော်မတီရဲ့အလုပ်ကလည်းပဲ ဘာကိုလုပ်ရမလဲဆိုတော့ ပေါင်းစပ်ညှိနှိုင်းတဲ့ အလုပ်ကို လုပ်ရတယ်။ အင်္ဂလိပ်လိုဆိုရင်တော့ Coordination Cooperation နဲ့ Negotiation တွေ လုပ်ဖို့အတွက် ဖွဲ့စည်းထားရှိခြင်း ဖြစ်ပါတယ်။

**"အမျိုးသားပညာရေးမူဝါဒကော်မရှင်ကို အဆင့်မြင့်ပညာနဲ့ ပတ်သက်ပြီးတော့ အလုပ်လုပ်ပေးတဲ့သဘောပါ။ အမျိုးသားပညာရေးမူဝါဒကော်မရှင်က ပညာရေး မူဝါဒပိုင်းဆိုင်ရာ လုပ်တာဆိုတော့ ပါမောက္ခချုပ်များ ကော်မတီက အဆင့်မြင့် ပညာနဲ့ပတ်သက်တဲ့ မူဝါဒပိုင်းဆိုင်ရာတွေကို လုပ်ပေးရတာပါ။ တကယ်တော့ Administration မဟုတ်ဘူး။ အုပ်ချုပ်တာ မဟုတ်ဘူး"**

**အစီအစဉ်မှူး။ ။ပါမောက္ခချုပ်များကော်မတီရဲ့ ဖွဲ့စည်းပုံနဲ့ လုပ်ငန်းတာဝန်ဝတ္တရားတွေကိုလည်း သိပါရစေ။**

**ဒေါက်တာဆင့်စိုး။** ။စောစောက တင်ပြဆွေးနွေးသွားတဲ့အတိုင်းပဲ၊ ပါမောက္ခချုပ်များ ကော်မတီကို ဗဟိုအလုပ်အမှုဆောင် ၄၄ ဦးနဲ့ ကော်မတီဝင်များ အားလုံးကတော့ရှိတဲ့ တက္ကသိုလ်၊ ကောလိပ်များ ပါဝင်ပါတယ်။ အဲဒါကို ဖွဲ့စည်းပြီးပြီးချင်းမှာပဲ အလုပ်အမှုဆောင် ၄၄ ဦးထဲမှ ဗဟိုအလုပ်အမှုဆောင် ၁၅ ဦးအနေနဲ့ ပါမောက္ခချုပ်များ ကော်မတီကို ရည်ရွယ်ချက်တွေ ပေါက်မြောက်အောင် ကော်မရှင်က တာဝန် ၁၅ ရပ်ပေးထားတာရှိပါတယ်။ ဒါတွေကို အောင်အောင်မြင်မြင်နဲ့ အကောင်အထည်ဖော်နိုင်အောင် ဖွဲ့စည်းမှုတစ်ခုကို ကျွန်တော်တို့ စဉ်းစားကြမယ်။ တစ်နည်းအားဖြင့် ဖွဲ့စည်းပုံရေးဆွဲကြမယ်၊ ဖွဲ့စည်းပြီးပြီးချင်းမှာပဲ ဒါကို ဦးစားပေးအနေနဲ့ စဉ်းစားခဲ့ကြပါတယ်။ စဉ်းစားပြီး အဖွဲ့အတွင်းမှာ ဖွဲ့စည်းပုံနဲ့ပဲ ပတ်သက်ပြီး ဦးဆုံးမူကြမ်းထွက်အောင် ပြုစုတယ်၊ ပြုစုပြီးအလုပ်အမှုဆောင် ၄၄ ဦးအထိပါဝင်ပြီး ဖွဲ့စည်းပုံမူကြမ်းနဲ့ ပတ်သက်ပြီး အစည်းအဝေးတိုင်းမှာ ဆွေးနွေးတယ်။ နိုင်ငံတကာမှာရှိတဲ့ အဆင့်မြင့်ပညာကဏ္ဍဖွံ့ဖြိုးအောင် ဆောင်ရွက်နေတဲ့ ကောလိပ်တွေ၊ တက္ကသိုလ်တွေ ပူးပေါင်းဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေကိုလည်း လေ့လာတယ်။

မြန်မာနိုင်ငံရဲ့ လက်ရှိပညာရေးအပြောင်းအလဲမှာလည်း အခြေခံပြီးကြည့်တယ်။ ဒီနှစ်ခု ပေါင်းစပ်ပြီး မြန်မာနိုင်ငံရဲ့ တက္ကသိုလ်တွေရဲ့ အဆင့်မြင့်ပညာကဏ္ဍဖွံ့ဖြိုးရေးကို ချမှတ်ထားတဲ့ ပညာရေးမူဝါဒအောက်မှာ အကောင်အထည်ဖော်နိုင်ဖို့အတွက် လိုအပ်တဲ့ ဖွဲ့စည်းမှုတွေကို ဖွဲ့စည်းထားပါတယ်။ ဖွဲ့စည်းမှုမှာ ဥက္ကဋ္ဌ တစ်ဦး၊ ဒု-ဥက္ကဋ္ဌ နှစ်ဦးရှိတယ်။ အတွင်းရေးမှူးပါတယ်။ ဒါတွေကတော့ အဆင့်မြင့်ပညာဦးစီးဌာနက တာဝန်ပေးထားတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ ကျန်တာတွေကတော့ ပါမောက္ခချုပ်များရဲ့ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်တယ်။ အားလုံး ၁၅ ဦးပါ။ ဗဟိုအလုပ်မှုဆောင်နဲ့ အလုပ်အမှုဆောင်တွေနဲ့ ပေါင်းရင် ၄၄ ဦးနှင့် ဖွဲ့စည်းထားတာရှိတယ်။ ဒီ ၄၄ ဦးက တက္ကသိုလ်အားလုံးကို ကိုယ်စားပြုပြီး ပညာရေးဖွံ့ဖြိုးအောင် ဘာလုပ်ကြမလဲဆိုတော့ အဓိက ကဏ္ဍကြီး နှစ်ခုခွဲလိုက်တယ်။

ပထမတစ်ခုကတော့ တက္ကသိုလ်ရဲ့သင်ကြားမှု၊ သင်ယူလေ့ကျင့်မှု၊ စီမံခန့်ခွဲမှုတွေနဲ့ သက်ဆိုင်ပြီး တက္ကသိုလ်တွေရဲ့ လိုအပ်မယ့်ဟာတွေ ကူညီနိုင်ဖို့အတွက် လုပ်ငန်းကော်မတီဖွဲ့မည်ဆိုပြီး လုပ်ငန်းကော်မတီ ကိုးရပ် ဖွဲ့စည်းပုံထဲမှာ ထည့်သွင်းစဉ်းစားခဲ့တယ်။ ပြီးတော့ ဘာသာရပ်ဆိုင်ရာများ ဖွံ့ဖြိုးဖို့အတွက်လည်း အထူးပြုပညာရပ်ဆိုင်ရာအဖွဲ့များ ဖွဲ့စည်းခဲ့တယ်။ ကျန်တာက လုပ်ငန်းကော်မတီများကို ပံ့ပိုးပေးဖို့အတွက် ရုံးလုပ်ငန်းဆိုင်ရာတွေ ပံ့ပိုးနိုင်ဖို့ အထောက်အကူပြုရုံးအဖွဲ့တွေ ဖွဲ့စည်းပေးခဲ့ပါတယ်။ ခုဆိုရင် ဖွဲ့စည်းပုံနဲ့ ပတ်သက်ပြီး အလုပ်အမှုဆောင် ၄၄ ဦးရဲ့ ဆွေးနွေးညှိနှိုင်းချက်များအပေါ် အခြေခံပြီး ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့မှာ နေပြည်တော်ရှိ အားကစားရွာခန်းမမှာ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ တက္ကသိုလ်တွေ၊ ကောလိပ်တွေက ပါမောက္ခချုပ်ကြီးတွေ၊ ဒုတိယ ပါမောက္ခချုပ်ကြီးတွေ၊ ကျောင်းအကြီးအကဲတွေ၊ ကျောင်းအုပ်ကြီးတွေ တက်ရောက်တဲ့ ပထမအကြိမ် မြန်မာနိုင်ငံရဲ့ပါမောက္ခချုပ်များ ညီလာခံကြီးကို ကျင်းပနိုင်ခဲ့ပါတယ်။ ညီလာခံမှာလည်း ရှေ့ဆောင်ရွက်မည့်လုပ်ငန်းတွေ ချမှတ်နိုင်တယ်။ ပိုအရေးကြီးတဲ့ မှတ်တိုင်တစ်ခု အဆင့်မြင့်ပညာကဏ္ဍရဲ့ မှတ်တိုင်တစ်ခု (သို့မဟုတ်) ပြောင်းလဲလာတဲ့ မြန်မာ့ပညာရေးမှတ်တိုင်တစ်ခုအနေနဲ့ မြန်မာနိုင်ငံ ပါမောက္ခချုပ်များကော်မတီရဲ့ဖွဲ့စည်းပုံကို အဲဒီနေ့ ညီလာခံကြီးမှာ ဆုံးဖြတ်အတည်ပြုနိုင်ခဲ့ပါတယ်။

**အစီအစဉ်မှူး။ ။ဆရာမကြီး ပါမောက္ခချုပ် ဒေါက်တာ ဒေါ်မီမီသက်သွင်အနေနဲ့ ပါမောက္ခချုပ်များ ကော်မတီရဲ့ လုပ်ငန်းကော်မတီကိုးခု ဖွဲ့စည်းထားရှိမှုနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါ။**

**ဒေါက်တာမီမီသက်သွင်။** ။ကျွန်မကတော့ ပါမောက္ခချုပ်များ ကော်မတီကိုးခုနဲ့ မိတ်ဆက်ပေးလိုပါတယ်။ ပထမဆုံး လုပ်ငန်းကော်မတီတစ်ခုကတော့ 'မူဝါဒစီမံကိန်း ဥပဒေရေးရာလုပ်ငန်းကော်မတီ' ဖြစ်ပါတယ်။ အဲဒီကော်မတီကို ပါမောက္ခ ဒေါက်တာကြည်ရွှင်၊ နိုင်ငံခြားဘာသာ တက္ကသိုလ်ပါမောက္ခချုပ်က ဥက္ကဋ္ဌအနေနဲ့ တာဝန်ယူဆောင်ရွက်ပါတယ်။ ဒုတိယလုပ်ငန်းကော်မတီကတော့ 'စီမံခန့်ခွဲရေးနဲ့ ဝန်ထမ်းရေးရာလုပ်ငန်းကော်မတီ' ဖြစ်ပါတယ်။ ပါမောက္ခ ဒေါက်တာသိင်္ဂီ၊ နည်းပညာတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ်ကနေ တာဝန်ယူဆောင်ရွက်နေပါတယ်။ တတိယမြောက် လုပ်ငန်းကော်မတီကတော့ 'ဘဏ္ဍာရေးလုပ်ငန်းကော်မတီ' ဖြစ်ပါတယ်။ ပါမောက္ခ ဒေါက်တာစိုးဝင်း၊ မုံရွာ စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ်က ဥက္ကဋ္ဌအနေနဲ့ တာဝန်ယူဆောင်ရွက်ပါတယ်။ နံပါတ်(၄) လုပ်ငန်းကော်မတီကတော့ 'သုတေသနနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ'ဖြစ်ပြီး ပါမောက္ခ ဒေါက်တာတင်ဇော်စိုး၊ အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး) ပါမောက္ခချုပ်က ဥက္ကဋ္ဌအနေနဲ့ တာဝန်ယူဆောင်ရွက် လျက်ရှိပါတယ်။ 'ကျောင်းသားရေးရာ လုပ်ငန်းကော်မတီ' ကိုတော့ ပါမောက္ခ ဒေါက်တာဖိုးကောင်း၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်က ဥက္ကဋ္ဌအနေနဲ့ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

'နိုင်ငံတကာဆက်ဆံရေးနဲ့ ပူးပေါင်းဆက်ဆံရေး လုပ်ငန်းကော်မတီ'ကိုတော့ ပါမောက္ခဒေါက်တာသူရဦး မုံရွာ တက္ကသိုလ် ပါမောက္ခချုပ်က ဥက္ကဋ္ဌအနေနဲ့ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ 'လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး လုပ်ငန်းကော်မတီ' ကိုတော့ ပါမောက္ခ ဒေါက်တာခင်မောင်ဦး၊ မကွေးတက္ကသိုလ်ပါမောက္ခချုပ်က တာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။ 'အားကစားရေးရာ လုပ်ငန်းကော်မတီ' ကိုတော့ ပါမောက္ခ ဒေါက်တာကျော်ကျော်ခေါင်၊ အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ်က ဥက္ကဋ္ဌအနေနဲ့ တာဝန်ယူဆောင်ရွက်ပါတယ်။ 'ပြန်ကြားရေးသတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးနည်းပညာလုပ်ငန်းကော်မတီ' ကိုတော့ ဒေါက်တာမီမီသက်သွင်၊ ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် ပါမောက္ခချုပ်က ဥက္ကဋ္ဌအနေနဲ့ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ဒီလုပ်ငန်း ကော်မတီအသီးသီးမှာ ဘာသာရပ်ဆိုင်ရာ အဖွဲ့ဝင်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ အတွင်းရေးမှူးကိုတော့ အဆင့်မြင့်ပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများက တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

**အစီအစဉ်မှူး။ ။ဆရာမကြီး ဒေါက်တာရီရီဝင်းအနေနဲ့လည်း ပါဝင်ဆောင်ရွက်နေတဲ့ အထူးပြုပညာရပ်များ အဖွဲ့ရဲ့ လုပ်ငန်းစဉ်များကိုလည်း ပြောကြားပေးပါ။**

**ဒေါက်တာရီရီဝင်း။** ။အထူးပြုပညာရပ်များ အဖွဲ့ရှစ်ဖွဲ့ ဖွဲ့စည်းထားပါတယ်။ အဲဒီ ရှစ်ဖွဲ့မှာ မြန်မာနိုင်ငံမှာရှိတဲ့ တက္ကသိုလ် ၁၇၃ ကျောင်းထဲက ကျောင်း ၁၆၁ ကျောင်းက အထူးပြုပညာရပ်များအလိုက် အဖွဲ့များခွဲပြီး ဖွဲ့စည်းထားရှိပါတယ်။ အဖွဲ့ရှစ်ဖွဲ့မှာ ဝိဇ္ဇာသိပ္ပံပညာရပ်များအဖွဲ့မှာ ဆရာကြီးပါမောက္ခ ဒေါက်တာ တင်မောင်ထွန်း၊ ပါမောက္ခချုပ် (အနောက်ပိုင်း တက္ကသိုလ်)က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပါတယ်။ ပြီးတော့ ဝိဇ္ဇာသိပ္ပံပညာရပ်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်၊ ဒီဂရီကောလိပ်ပေါင်းကျောင်း ၄၀ ပါဝင်ပါတယ်။

စာမျက်နှာ ၂၄ သို့

# သီပေါ မဂ္ဂင်လမ်းပြ နိဗ္ဗာန်ရစေတီတော်ကြီး ထီးတော်တင်မင်္ဂလာအခမ်းအနားကျင်းပ



သီပေါ မဂ္ဂင်လမ်းပြ နိဗ္ဗာန်ရစေတီတော်ကြီး ထီးတော်တင်မင်္ဂလာအခမ်းအနား ကျင်းပစဉ်။

**သီပေါ မတ် ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တမိလိန္ဒ အရှင်သူမြတ်အား အမှူးထား၍ သီပေါမဟာမြတ်မုနိ ဘုရားကြီး ဆရာတော် အရှင်ပညာသီရိ ဦးဆောင်မှုဖြင့် ရန်ကုန်မြို့နေ မြစ်ကြီးနား ကောလိပ် နိုင်ငံခြားဘာသာကျောင်းအုပ်ကြီး (ငြိမ်း) မြန်မာ့သမိုင်းကော်မရှင်ဒုဥက္ကဋ္ဌ ဘုရားဒါယကာ ဆရာကြီး ဦးစိုင်းအောင်ထွန်းနှင့် တပည့်များ၊ သဒ္ဓါကြည်လင်ပါရမီရှင်များက သီပေါသိမ်တောင် သာသနာ့နယ်မြေအတွင်းရှိ ဆေးတောင်တွင် တည်ထားကိုးကွယ်မည့် "မဂ္ဂင်လမ်းပြနိဗ္ဗာန်ရ" စေတီတော်ကြီး ထီးတော်တင်လှူပွဲ မင်္ဂလာ အခမ်းအနားကို ယမန်နေ့က အဆိုပါ တောင်၌ ကျင်းပရာ မြို့နယ်ဥပတ္တမ္ဘက အဖွဲ့ဝင်များ၊ အလှူရှင်များ၊ မြစ်ကြီးနား ကောလိပ်ကျောင်းသား ကျောင်းသူဟောင်းများ၊ ဘာသာရေးအသင်း အဖွဲ့များ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ တက်ရောက်ကြည်ညိုကြသည်။

ရွှေဦးစွာ ထီးတော်ဘုံအဆင့်ဆင့်နှင့် စိန်ဖူးတော်မြတ်ကို နံနက် ၈ နာရီ ၃၅ မိနစ်မှ စတင်၍ ပန်းရထားဖြင့် တစ်ဆင့်ပြီးတစ်ဆင့် စေတီတော်ကြီးပေါ်သို့ ပင့်ဆောင်ရာတွင် ဘုရားဒါယကာ ဦးစိုင်းအောင်ထွန်း အမှူးပြုသော မြစ်ကြီးနားကောလိပ် ကျောင်းသား ကျောင်းသူဟောင်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဒေသခံတိုင်းရင်းသားများက အမွှေးနံ့သာများဖြင့် ပက်ဖျန်း၍ ပူဇော်ကန်တော့သည်။ စိန်ဖူးတော်မြတ်ကို ၉ နာရီ ၂၅ မိနစ်တွင် အောင်မြင်ပြီးမြောက်အောင် ပင့်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ခင်ဦးမြို့နယ် ကျေးရွာပေါင်း ၃၇ ရွာ မီးလင်းရေးဆောင်ရွက်

**ခင်ဦး မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်တွင် ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP) ပထမအဆင့်ကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက ကြီးကြပ်၍ Helta Light Engineering ကုမ္ပဏီမှ ယခုနှစ် ဖေဖော်ဝါရီမှ စတင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစီမံကိန်းကို ၁၁ ကေဗွီဓာတ်အားလိုင်းမှ နှစ်မိုင်အတွင်း ကွာဝေးသော ကျေးရွာအုပ်စု ၂၂ အုပ်စုမှ ကျေးရွာပေါင်း ၃၇ ရွာကို ဆောင်ရွက်ခြင်းဖြစ်ပြီး ယနေ့အထိ ကျေးရွာပေါင်း ၁၃ ရွာကို လျှပ်စစ်မီးတိုင်များ စိုက်ထူခြင်းလုပ်ငန်းများ ပြီးစီးပြီး ကျန်ကျေးရွာများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

NEP စီမံကိန်းလုပ်ငန်းများ ပြီးစီးသွားသော ကျေးရွာများကို လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခင်ဦးမြို့နယ်တွင် မြို့ပေါ် ငါးရပ်ကွက်နှင့် ကျေးရွာပေါင်း ၁၄၇ ရွာရှိရာ လက်ရှိတွင် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာပေါင်း ၃၇ ရွာသာ လျှပ်စစ်မီးရရှိ၍ ယခုစီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးသွားပါက ခင်ဦးမြို့နယ်ရှိ ကျေးရွာပေါင်း ၇၄ ရွာ လျှပ်စစ်ဓာတ်အားစနစ်ဖြင့် မီးလင်းမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းအောင်က ပြောသည်။

**စိုးဝေအောင်(ခင်ဦး)**

# မန်းရွှေစက်တော်ဘုရားပွဲ တစ်လအတွင်း ကျပ်သိန်း ၂၇၀၀ ကျော် အလှူငွေရရှိ

**မင်းဘူး မတ် ၁၁**

မင်းဘူးမြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားပွဲသို့ ပွဲတော်ဖွင့်လှစ်သည့် ဖေဖော်ဝါရီ ၉ ရက်မှစ၍ မတ် ၈ ရက်အထိ တစ်လတာကာလအတွင်း မြန်မာနိုင်ငံအနှံ့အပြားမှ ဘုရားဖူးလာပြည်သူများ၏ လှူဒါန်းမှုမှာ ကျပ် ၂၇၅၆ သိန်းကျော် ရှိနေပြီဖြစ်ပြီး အလှူရှင်များ ကြည်ညို သဒ္ဓါပွားများနိုင်ရန် အလှူငွေရရှိမှုကို နေ့စဉ်ထုတ်ပြန် ကြေညာပေးနေကြောင်း မန်းရွှေစက်တော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှ သိရသည်။

အဆိုပါ အလှူငွေများမှာ ဗဟိုအလှူခံဌာန၊ အောက်စက်တော်ရာ၊ အထက်စက်တော်ရာနှင့် ကိုးခန်းကြီး အလှူခံဌာနလေးခုမှ ရရှိငွေစာရင်းများ ဖြစ်သည်။ အလှူငွေရရှိထိန်းသိမ်းသည့် လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ဘဏ္ဍာရေးမှူး ဦးအောင်ကြည်က "ဖွင့်ပွဲနေ့ကစပြီး ညစဉ် ည ၈ နာရီမှာ ငွေသိမ်းပါ တယ်။ ဘဏ္ဍာရေးအဖွဲ့နဲ့ ရုံးဝန်ထမ်းတွေ စုပေါင်းပြီး ငွေရေတွက်စစ်ဆေးပါတယ်။ ည ၁၁ နာရီဝန်းကျင်မှာ ပြီးပါတယ်။ အလှူခံရငွေတွေကို ဘဏ္ဍာတော်ထိန်းသိမ်းတဲ့ ငွေတိုက်မှာ သိမ်းပါတယ်။ ခုနစ်ရက်တစ်ကြိမ်၊ ရှစ်ရက်တစ်ကြိမ်လောက် မင်းဘူးမြို့ မြန်မာ့စီးပွားရေးဘဏ်မှာ ဖွင့်ထားတဲ့ ငွေစာရင်းထဲကို ထည့်ပါတယ်"ဟု ပြောကြားသည်။

မင်းဘူးမြို့ မြန်မာ့စီးပွားရေးဘဏ်၌ စေတိယသန္တကအလှူငွေ (မန်းရွှေစက်တော်ဘုရားကြီးအား ရည်စူးလှူဒါန်းသည့်ငွေ)များကို ငွေစာရင်းအမှတ် SP 008812၊ နဝကမ္မဘက်စုံအလှူငွေကို SP 006560၊ နဝကမ္မစာရင်းရှင် မန်းရွှေစက်တော်ဘုရား ရန်ပုံငွေကို SP 000296 တို့ဖြင့် စာရင်းဖွင့် အပ်နှံထားရှိကြောင်း ဂေါပကအဖွဲ့မှ သိရသည်။

**ဇေယျာတု(မကွေး)**



**မတ် ၂၄ ရက်တွင်ကျင်းပမည့် သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း အသက် ၈၀ နှင့်အထက် သက်ကြီး ဝန်ထမ်းဟောင်းများအား ဂါရဝပြုပွဲနှင့် ဝန်ထမ်းဟောင်းများ မိတ်ဆုံတွေ့ဆုံပွဲအတွက် အလှူငွေ ကျပ်ငါးသိန်းကို ကွယ်လွန်သူ ဦးအောင်ချစ်သန်း၊ စာတည်း(ငြိမ်း)၊ မြန်မာ့သတင်းစဉ် (ပြည်တွင်း)၏ဇနီး သူနာပြုဆရာမကြီး ဒေါ်ညွန့်ကြည် (ငြိမ်း)က အသင်းဘဏ္ဍာရေးမှူး ဦးထွန်းလင်းအောင်နှင့် အမှုဆောင်များထံသို့ ပေးအပ်လှူဒါန်းစဉ်။**

မြန်မာ့အလင်း

*စာမျက်နှာ ၂၃ မှ*

အင်ဂျင်နီယာနဲ့ နည်းပညာရပ်များအဖွဲ့မှာ ပါမောက္ခ ဒေါက်တာကြည်စိုး၊ ပါမောက္ခချုပ် (ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်)က အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပါတယ်။ အဲဒီမှာ အင်ဂျင်နီယာနဲ့နည်းပညာရပ်ဆိုင်ရာ တက္ကသိုလ်ကျောင်းပေါင်း ၃၅ ကျောင်းပါဝင်ပါတယ်။

ကွန်ပျူတာနည်းပညာရပ်များအဖွဲ့မှာတော့ ပါမောက္ခ ဒေါက်တာမိုးပွင့်၊ ပါမောက္ခချုပ် (မန္တလေးကွန်ပျူတာတက္ကသိုလ်)က အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပါတယ်။ အဲဒီမှာဆိုရင် ကွန်ပျူတာ နည်းပညာရပ်များဆိုင်ရာ တက္ကသိုလ်များ ၂၇ ကျောင်းပါဝင်ပါတယ်။ စီးပွားရေးပညာရပ်များအဖွဲ့မှာတော့ ပါမောက္ခဒေါက်တာ ဒေါ်ရီရီဝင်း၊ ပါမောက္ခချုပ် (သမဝါယမတက္ကသိုလ်) (သန်လျင်)က အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပါတယ်။ စီးပွားရေးတက္ကသိုလ်များ၊ သမဝါယမတက္ကသိုလ်များနဲ့ အမျိုးသားစီမံခန့်ခွဲမှု ဒီဂရီကောလိပ်တို့၊ သမဝါယမကောလိပ်စသည့်စုစုပေါင်း ရှစ်ကျောင်းနဲ့ ဖွဲ့စည်းပါတယ်။ ဆေးနှင့်နီးနွှယ်ပညာရပ်များ အဖွဲ့မှာတော့ ပါမောက္ခ ဒေါက်တာ ဒေါ်မြတ်သန္တာ ပါမောက္ခချုပ်သူနာပြု တက္ကသိုလ်က အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပါတယ်။ အဲဒီမှာ ဆေးနှင့်နီးနွှယ်ပညာရပ်များဆိုင်ရာ တက္ကသိုလ် ၁၆ ကျောင်း ပါဝင်ပါတယ်။ ဘာသာယဉ်ကျေးမှုနဲ့ အနုပညာရပ်များအဖွဲ့မှာတော့ ပါမောက္ခ ဦးအောင်နိုင်မြင့် ပါမောက္ခချုပ် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)က အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပါတယ်။

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ အမျိုးသား ယဉ်ကျေးမှုအနုပညာတက္ကသိုလ် (ရန်ကုန်)၊ (မန္တလေး)နဲ့ ယွန်းပညာကောလိပ်(ပုဂံ) စသည့်ကျောင်း ငါးကျောင်းနဲ့ ဖွဲ့စည်းထားပါတယ်။ နောက် သစ်တောစိုက်ပျိုးရေးနဲ့ မွေးမြူရေးပညာရပ်များအဖွဲ့မှာတော့ ပါမောက္ခ ဒေါက်တာမြင့်ဦး၊ ပါမောက္ခချုပ် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် (ရေဆင်း) က အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပြီး သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ် (ရေဆင်း)စတဲ့ ကျောင်း သုံးကျောင်းနဲ့ ဖွဲ့စည်းပါတယ်။ ဆရာအတတ်ပညာအဖွဲ့မှာတော့ ပါမောက္ခ ဒေါက်တာဒွေးဒွေးမော်၊ ကျောင်းအုပ်ကြီး (ရန်ကင်းပညာရေးကောလိပ်) က အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပြီး ဆရာအတတ်ပညာသင်ကြားတဲ့တက္ကသိုလ်၊ ကောလိပ်တွေ စုစုပေါင်း ၂၇ ကျောင်းနှင့် ဖွဲ့စည်းထားတာဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ ပါမောက္ခချုပ်များကော်မတီအနေနဲ့ ပထမအကြိမ်ညီလာခံကျင်းပခဲ့တယ်လို့ သိရပါတယ်။ လက်ရှိကော်မတီရဲ့ ဆောင်ရွက်ချက်များကိုလည်း သိပါရစေ။**

**ဒေါက်တာဇော်ဝေစိုး။** ။ အဆင့်မြင့်ပညာ တက္ကသိုလ်တွေက မြန်မာပြည်မှာရှိတဲ့ တက္ကသိုလ်အားလုံးက နိုင်ငံပိုင်၊ အစိုးရပိုင်တက္ကသိုလ်များ ဖြစ်ကြပါတယ်။ အရင်ကတော့ အားလုံးအပေါ်က အုပ်ချုပ်ခဲ့တယ်ဆိုတော့ အဆင့်ဆင့်အုပ်ချုပ်မှုနဲ့ သွားပါတယ်။ အခုဟာက အမျိုးသားပညာရေးဥပဒေအရ တက္ကသိုလ်တွေဟာ နောင်ကျရင် ကိုယ်ပိုင်စီမံခန့်ခွဲ အုပ်ချုပ်နိုင်တယ်။ အင်္ဂလိပ်လိုပြောရင် Autonomy ပါ။ ဘာဖြစ်လို့လဲဆိုတော့ အဆင့်မြင့်ပညာကျောင်းတွေ၊ တက္ကသိုလ်တွေရဲ့တိုးတက်ဖို့ဟာ Autonomy ဟာ သိပ်အရေးကြီးတယ်။ ကိုယ်ပိုင်စီမံခန့်ခွဲနိုင်မှ ဒါကိုယ့်ကျောင်းနဲ့ကိုယ့်တက္ကသိုလ်နဲ့ ကိုယ်ရဲ့ဘာသာရပ်အလိုက် တိုးတက်အောင် လုပ်လို့ရတာ။ နိုင်ငံတကာမှာလည်း ဒီလိုပဲဆိုတော့ ကျွန်တော်တို့ ဒီဥပဒေရေးထားတာလည်း ဒါနဲ့ရေးထားတာဆိုတော့ တက္ကသိုလ်တွေရဲ့ ကိုယ်ပိုင်စီမံခန့်ခွဲမှုကို မထိခိုက်စေဘဲနဲ့ ပါမောက္ခချုပ်များ ကော်မတီက ပေါင်းစပ်ညှိနှိုင်းပေးရမှာပါ။ ဒါကြောင့် ဒီဟာကို ဖွဲ့စည်းထားတာပါ။ အဲဒီရည်ရွယ်ချက် အောင်မြင်အောင် ညီလာခံတွေလုပ်တယ်။ အဖွဲ့အစည်းတွေဖွဲ့တယ်။ ဆပ်ကော်မတီတွေဖွဲ့တယ်၊ အဲဒီလိုမျိုးတွေ လုပ်ကြတာပါ။ အဲဒီမှာ တကယ်တမ်းကျတော့ ဒီလိုအဖွဲ့အစည်းတွေဖွဲ့ပြီး လုပ်တဲ့အချိန်မှာ ခုနလို ၄၄ ဦး ကော်မတီဖွဲ့တယ်၊ ၁၅ ဦး ကော်မတီဖွဲ့တယ်။ အဲဒီလိုဖွဲ့တဲ့ အချိန်မှာ တကယ်တမ်းကျတော့ ကျွန်တော်တို့ ပါမောက္ခချုပ်တွေက သူ့ဟာနဲ့သူ အစကတည်းက အလုပ်ကများနေပြီးသား။ ဒီဟာတွေကို လုပ်ဖို့အတွက်ဆိုရင် လုပ်နိုင်ဖို့အတွက် အနေအထားတွေရှိမှရမှာပါ။ ဥပမာအားဖြင့် ကျွန်တော်တို့ အခုဆိုရင် ပညာရေးဝန်ကြီးဌာနကနေပြီးတော့ တချို့ ကျွန်တော်တို့ကို အကြံဉာဏ်တောင်းတာတွေ ရှိတယ်။ သဘောထားမှတ်ချက်တွေ တောင်းတာတွေရှိတယ်။ အဲဒီလိုဟာတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ဒီဟာကို အမျိုးသားပညာရေး မူဝါဒကော်မရှင်ကနေတစ်ဆင့် ကျွန်တော်တို့ကို မေးလာတဲ့အခါ ကျွန်တော်တို့ ဖြေနိုင်ဖို့ဆိုရင် ကျွန်တော်တို့ အချင်းချင်း ဆွေးနွေးဖို့လိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့ စနစ်တည်ဆောက်ထားတယ်။ အဲဒါဘာလဲဆိုရင် အနည်းဆုံး တစ်လတစ်ကြိမ် CEC၊ ခုနက Central က ၁၅ ဦးကော်မတီက အစည်းအဝေးလုပ်ဖို့ လိုတယ်။ ညှိနှိုင်းဖို့၊ တိုင်ပင်ဖို့လိုတယ်။ တက္ကသိုလ်တွေ တိုးတက်ရာ၊ တိုးတက်ကြောင်း ဘာတွေလုပ်မလဲဆိုတာကို ကျွန်တော်တို့ ညှိနှိုင်းဖို့လိုတယ်။

ခုနက အမျိုးသားပညာရေးမူဝါဒကော်မရှင်နဲ့ ပညာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ ကျွန်တော်တို့ဆိုရင် ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာန အဲဒါတွေနဲ့ ပတ်သက်တာတွေကို ကျွန်တော်တို့ ဆွေးနွေးဖို့လိုပါတယ်။ အလားတူ ၄၄ ဦးကော်မတီဆိုရင် သုံးလတစ်ကြိမ် အစည်းအဝေးလုပ်ဖို့ လုပ်ထားတယ်။ နောက် ၁၆၁ ကျောင်းလုံးပါဝင်တဲ့ နှစ်ပတ်လည်ညီလာခံကိုတော့ ကျွန်တော်တို့ တစ်နှစ်တစ်ကြိမ်ပါ။ ဒါပေမယ့် ခုလောလောဆယ် လိုအပ်ချက်အရတော့ တစ်နှစ်ကို နှစ်ကြိမ်လောက် လုပ်ဖို့စီစဉ်ထားတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ပြီးခဲ့တဲ့ ဩဂုတ်လ ၂၃ ရက်နေ့က ညီလာခံလုပ်တာပါ။

အဲဒီမှာ ဘယ်လိုလုပ်နေလဲဆိုတော့ tele-Conferencing tele meeting ကျွန်တော်တို့ တည်ဆောက်ထားရတယ်ဆိုတော့ ဒီ CEC အဖွဲ့ဝင် ၁၅ ဦးရယ်၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ရယ်၊ ပညာရေးဝန်ကြီးဌာနရယ် ချိတ်ပြီးတော့ အခုဆိုရင် တစ်ပတ်ကို တစ်ကြိမ်ပါ။ ဗုဒ္ဓဟူးနေ့ နေ့လယ် ၁ နာရီကနေပြီးတော့ ၃ နာရီအထိကို အစည်းအဝေးလုပ်ပါတယ်။ ကျွန်တော်တို့ခုနကလို လူတွေတစ်ယောက်နဲ့ တစ်ယောက်တွေ့ပြီး လုပ်ဖို့ အစည်းအဝေးဆိုတာ မဖြစ်နိုင်ဘူး။ ကျွန်တော်တို့ ဒီအဖွဲ့တွေက မြန်မာတစ်ပြည်လုံးမှာရှိတဲ့ တက္ကသိုလ်တွေဆိုတော့ အဲဒါတွေ တစ်ယောက်နဲ့တစ်ယောက် အစည်းအဝေးလုပ်ဖို့ဆိုတာ မလွယ်ဘူး။ အဲဒီတော့ အခု ကျွန်တော်တို့ Idea လည်း တိုးတက်လာတော့ အခုဆိုရင် tele meeting ပါ။ video call တွေနဲ့လုပ်ပြီးတော့ အစည်းအဝေးလုပ်တဲ့အခါ အဆင်ပြေပါတယ်။ အဲဒီလိုမျိုးတစ်ပတ်ကို တစ်ကြိမ် လုပ်ခြင်းအားဖြင့် ကျွန်တော်တို့ တိုင်ပင်နိုင်တယ်။ broadcast တွေ လုပ်လို့ ရပါတယ်။ အဲဒီလိုမျိုးနဲ့ ဆောင်ရွက်နေတယ်။ အဓိကတော့ ကျွန်တော်တို့ တက္ကသိုလ်တွေဟာ Autonomy နဲ့သွားဖို့ အခုလောလောဆယ် အနေအထားကတော့ transition ပါ။ ဘာဖြစ်လို့လဲဆိုတော့ အရင်တုန်းက အားလုံးက top down နဲ့ အုပ်ချုပ်ခဲ့ပြီးတော့ အဆင့်ဆင့်နဲ့ သွားခဲ့ရတာကနေပြီး Autonomy တက္ကသိုလ်တွေကို ကိုယ်ပိုင် စီမံခန့်ခွဲမှု ပေးမယ်ဆိုရင် တက္ကသိုလ်တွေမှာ Capacity ရှိဖို့လိုတယ်။ စွမ်းရည်တွေရှိဖို့လိုမယ်။ အရင်တုန်းက ဝန်ကြီးဌာနက လုပ်ခဲ့တာတွေကို တက္ကသိုလ်တွေက လုပ်နိုင်ဖို့လိုတယ်။ အဲဒီဟာတွေကို ကျွန်တော်တို့က တည်ဆောက်ဖို့ ကြိုးစားနေတဲ့အချိန်ပါ ။

အဲဒီမှာ Autonomy ဆိုရင် အဓိကက ကျွန်တော်တို့ တက္ကသိုလ်တွေမှာ ပဋိညာဉ်စာတမ်းလိုတယ်။ တက္ကသိုလ်မှာ အဓိကအကျဆုံး အဖွဲ့အစည်းကတော့ တက္ကသိုလ်ကောင်စီပဲ။ ပဋိညာဉ်စာတမ်းရေးရမယ်။ ရေးပြီးတော့ တက္ကသိုလ်ကောင်စီကို ဖွဲ့စည်းရမယ်။ တက္ကသိုလ်ကောင်စီမှာ ဘယ်သူတွေပါလဲလို့မေးရင် ကျောင်းသားတွေရဲ့ကိုယ်စားလှယ်၊ အခုဆိုရင်တော့ ကျောင်းသားသမဂ္ဂတွေပါ။ ဆရာတွေရဲ့ကိုယ်စားလှယ်၊ ဆရာများသမဂ္ဂ လည်းပါတယ်။ ကျောင်းသားဟောင်းအဖွဲ့တွေပါတယ်။ တက္ကသိုလ်ထဲမှာရှိတဲ့ ဌာနတွေပါတယ်။ ပါမောက္ခတွေပါတယ်။ ပါမောက္ခချုပ်တွေပါတယ်။ ဒီတက္ကသိုလ် ကောင်စီမှာ ပါမောက္ခချုပ်ဆိုတာ အခုဟာကတော့ နိုင်ငံတော်ကနေပြီးတော့ ခန့်တာပါ။ ကျွန်တော်ထင်တယ်။ နောင်တစ်ချိန်ကျရင် ဒါဟာ ရွေးကောက်တင်မြှောက်တဲ့ ပါမောက္ခချုပ်တွေပေါ်လာမယ်။

ကျွန်တော်တို့ တက္ကသိုလ်ထဲမှာရှိတဲ့ ပါမောက္ခတွေထဲကနေပြီးတော့ ခုနက တက္ကသိုလ်ကောင်စီကနေ ရွေးပြီးတော့ ရွေးကောက်တင်မြှောက်လိုက်တဲ့ ပါမောက္ခချုပ်ပါ။ အဲဒီပါမောက္ခချုပ်ကို နိုင်ငံတော်ကနေ အသိအမှတ်ပြုပေးတဲ့ ပုံစံမျိုးဖြစ်လာဖို့များတယ်။ အဲဒီလိုမျိုးနဲ့ဆိုရင် တက္ကသိုလ်တွေဟာ ကိုယ့်ဘာသာကိုယ်စီမံ၊ အပေါ်ကနေလာတာမျိုး မဟုတ်တော့ဘူး။ ကိုယ့်ဟာကိုယ် ရွေးကောက်တင်မြှောက်တယ်။ ကိုယ့်ဟာကိုယ် Manage လုပ်တယ်ဆိုတာတွေ ဖြစ်လာတယ်။ အဲဒီကို ကျွန်တော်တို့ သွားနေတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင်

# သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး

## ကြာမှောက် ကြာလန်တော်တွင် ရွှေစင်ရွှေသား ရွှေပြားသင်္ကန်းတော်များ ကပ်လှူပူဇော်ရန် အလှူခံနှိုးဆော်လွှာ

မြတ်စွာဘုရားရှင်၏ခါတ်တော်များနှင့် အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန် အဂ္ဂသာဝက ရဟန္တာမြတ်ကြီး(၂)ပါးတို့၏ခါတ်တော်များကိန်းဝပ်စံပယ်တော်မူရာ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ငှက်ပျောဖူးတော်တွင် ရွှေစင်ရွှေသားတစ်ကျပ်သားပြား သင်္ကန်းတော်(၄၃၉)ချပ်နှင့် ဖောင်းရစ်တော်အထက်ပိုင်းတွင် ရွှေစင်ရွှေသားတစ်ကျပ်သားပြားသင်္ကန်းတော် (၃၁၆)ချပ် ကပ်လှူပူဇော်ခဲ့ပြီးဖြစ်ရာ ငှက်ပျောဖူးတော်နှင့် ဖောင်းရစ်တော်ကြားရှိ လက်ရှိမျက်ပါးရွှေများကပ်လှူပူဇော်ထားသော ကြာမှောက် ကြာလန်အပိုင်းတစ်ခုလုံးအား ရွှေစင်ရွှေသားရွှေပြားသင်္ကန်းတော်များ ဆက်လက်ကပ်လှူပူဇော်ရန် စီစဉ်လျက်ရှိပါသည်။

ရွှေလုပ်ငန်းကျွမ်းကျင်သူများ၏ တိုင်းတာတွက်ချက်တင်ပြမှုအရ ကြာမှောက် ကြာလန်အပိုင်း တစ်ခုလုံးအတွက် ရွှေစင်ရွှေသား စုစုပေါင်း (၁၃)ပိဿာခန့်လိုအပ်မည်ဖြစ်ရာ သဒ္ဓါကြည်လင်ပါရမီရှင်များမှ ရွှေစင်ရွှေသား တစ်ကျပ်သားလျှင် ၉၅၀၀၀၀ိ/-နှုန်းဖြင့် တစ်ဦးချင်းဖြစ်စေ ၊ စုပေါင်း၍ဖြစ်စေ ပါဝင်ကုသိုလ်ယူလှူဒါန်းနိုင်ကြပါကြောင်း၊ အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် ရွှေများ ဝယ်ယူစုဆောင်းပြီး ရွှေအလေးချိန်ပြည့်မီသည့်အချိန်တွင် ကြာမှောက် ကြာလန်အပိုင်းသို့ ရွှေစင်ရွှေသား ရွှေပြားသင်္ကန်းတော်များ ကပ်လှူပူဇော်မည်ဖြစ်ပါကြောင်း ၊ ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များစာရင်းကို နေ့စဉ်ထုတ်(ကြေးမုံ)သတင်းစာတွင် အလှူရှင်ဂုဏ်ပြုကြော်ငြာ ထည့်သွင်းပေးမည်ဖြစ်ပါကြောင်းနှင့် လှူဒါန်းလိုပါက ဂေါပကရုံးအောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ရှိသေလေးစားစွာ နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်များ ၀၁ ၆၆၀၀၀၂၊ ၀၁ ၆၆၃၁၄၆၊ ၀၁ ၆၆၅၄၂၅၊ ၀၉ ၂၅၀၆၇၇၂၈၉

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့

## ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ အောင်မင်းခေါင်ကုန်းမြေ ကသစ်ဝိုင်ဓမ္မရိပ်သာ မဟာသင်္ကြန် တရားပတ်(၁၀)ရက်စဉ် ဝိပဿနာအလုပ်ပေးတရားပွဲကြီး ကျင်းပမည်

ကျေးဇူးတော်ရှင် မူလကသစ်ဝိုင်ဆရာတော်ကြီးဟောကြားတော်မူခဲ့သော ကိုယ်တွေ့ဉာဏ်မြင် ဝိပဿနာလုပ်ငန်းစဉ်တရားတော်များကို သနပ်ပင်မြို့၊ ရတနာပုံမန်းကျောင်းတိုက် ကသစ်ဝိုင်ဓမ္မရိပ်သာဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကိတ္တိမာလာဘိဝံသ၏ဩဝါဒကို ခံယူလျက် ပဓာနနာယကဆရာတော်(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ဒေါက်တာအရှင်ကဥ္စနသာရ Ph.D (UK), Ph.D(INDIA) အမှူးပြုသော တပည့်အရှင်သူမြတ်တို့က ဥပနိဿယမပျက် ထမ်းရွက်တော်မူကြကာ ပဲခူးမြို့၊ အောင်မင်းခေါင်ကုန်းမြေ၊ ကသစ်ဝိုင်ဓမ္မရိပ်သာကြီး၌ ၁၃၈၀-၈၁ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၇)ရက် (၁၁-၄-၂၀၁၉)ရက်မှစ၍ (၂၁-၄-၂၀၁၉)ရက်ညထိ နေ့စဉ်နေ့တိုင်း ညစဉ်ညတိုင်း ဟောဖော်ညွှန်ပြဆိုဆုံးမမည်ဖြစ်ပါ၍ တရားဝင်ရောက်အားထုတ်ကြမည့် ဒုလ္လဘရဟန်း၊ သီလရှင်၊ ယောဂီသူတော်စဉ်များနှင့် (၁၀)ရက်စဉ်အတွင်း ဆွမ်းအာဟာရဒါနများကို လှူဒါန်းကြမည့်အလှူရှင်များသည် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြပြီဖြစ်ပါကြောင်း လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

ထို့အပြင် ၂၂-၄-၂၀၁၉ ရက်၌ ကျေးဇူးရှင် မူလကသစ်ဝိုင်ဆရာတော်ကြီး (ဘဒ္ဒန္တရေဝတ) (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ဆရာတော် (ဘဒ္ဒန္တပဒုမ) မဟာထေရ်မြတ်တို့၏ ဂုဏ်တော်ရည်မှတ် ပူဇော်အပ်သော (ရုပ်တုတော်)ပူဇော်ပွဲနှင့် ဆရာတော်ဒေါက်တာအရှင်ကဥ္စနသာရ၏ (၆၅)နှစ်ပြည့် မွေးနေ့မင်္ဂလာ၊ ဝိသာခါဆွမ်းစားကျောင်းတော်ကြီး ပြန်လည်ပြုပြင်ပြီး ရေစက်ချမင်္ဂလာတို့အား ကျင်းပပူဇော်မည်ဖြစ်ကြောင်း ထပ်လောင်းကြေညာအပ်ပါသည်။

ပူဇော်ပွဲမွေးနေ့၌ ဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က ရှင်သာမဏေအပါး(၁၀၀)အား ဆွမ်း၊ ဆွမ်းဟင်း၊ ဝတ္ထုပစ္စည်းများဖြင့် နံနက် ၉ နာရီတွင် လောင်းလှူပူဇော်ကြ၍ အရပ်မျက်နှာအသီးသီးမှ ပရိသတ်(၁၀၀၀)ခန့်အား (စတုဒိသာ)ထောပတ်ထမင်း၊ အချိုရည်များဖြင့် နံနက် ၈ နာရီမှ ၁၁ နာရီထိ ကျွေးမွေးလှူဒါန်းမည်ဖြစ်ကြောင်း ထပ်မံဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်** - ဒု-ရဲမှူးကြီးဦးလှဦး(ငြိမ်း)- ဖုန်း-၀၉-၅၃၆၃၇၉၃
(သီဟသုဓမ္မမဏ္ဍာတရေ) ဦးဆန်းလွင်
လန်းဆန်းသာသနာရေးဖောင်ဒေးရှင်း ဖုန်း-၀၉-၅၃၀၀၂၃၆
ဒေါက်တာငွေအောင် ဖုန်း-၀၉-၄၂၃၆၆၂၇၉၅
ဦးမောင်နု(ဒို့ဘော်ဒါကြီး) ရွှေမော်ဓောဘုရားလမ်း
ရိပ်သာ ဖုန်း-၀၉-၄၂၈၁၁၉၃၁၁၊ ၀၉-၈၆၅၀၉၈၈

**အကျိုးဆောင်အဖွဲ့**
**ကသစ်ဝိုင်ဓမ္မရိပ်သာ**
**အောင်မင်းခေါင်ကုန်းမြေ၊ ပဲခူးမြို့**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ အိုင်ကြီးကျေးရွာ၊ အထက(ခွဲ)မှ ဆရာမဒေါ်ပပဝင်း၏ဖခင် ဦးထိန်ဝင်း(ခ)ဦးမောင်ဝင်း ၅/ကလတ(နိုင်)၀၂၆၃၂၄ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးထိန်ဝင်း(ခ)ဦးမောင်ဝင်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀/သတိုးမင်းစော) ဦးပိုင်အမှတ် (၇)၊ ဧရိယာ ၀ ဒသမ ၁၆၄ ဧကအနက် ဧရိယာ ၀ ဒသမ ၀၅၄ ကို ဦးတင်ဝင်း (ဘ)ဦးတိုး ၉/တကန(နိုင်)၀၀၄၇၄၇ မှ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ်(၆၆/၂၀၁၉)၊ ဘေးပတ်ဝန်းကျင်(၃)ဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး ဦးပိုင်ခွဲ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ တနိုင်းမြို့၊ ဆင်မ်ဆာ့ရပ်ကွက်၊ အကွက်အမှတ်(၂)၊ ဦးပိုင်အမှတ် (၈)၊ မြေဧရိယာ ၀ ဒသမ ၀၉၁ ဧကရှိ မြေကွက်အား ဦးရှရော့ဝေါင်းနော် အမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားမှုနှင့်ပတ်သက်၍ အမည်ဖြင့် မြေခွန်ပြေစာ အမည်ပေါက်လျက်ရှိပြီး မြေငှားဂရန်သစ်ရရှိရေးအတွက် ၂၂-၁-၂၀၁၉ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် ၃/၂၀၁၉ အဖြစ် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။ **မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**တနိုင်းမြို့**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**မန္တလေးခရိုင်တရားရုံးတော်၌**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၄၇၁နှင့်ဆက်နွှယ်သည့်**
**၂၀၁၉ ခုနှစ် တရားမဇာရီမှုအမှတ်-၃၄**

| | | |
|---|---|---|
| ဒေါ်မြင့်မြင့်ခိုင် | **နှင့်** | ၁။ ဦးစိုးခိုင် |
| | | ၂။ ဦးလှမြင့် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ နဒီအိမ်ရာ၊ ၃၃×၃၅လမ်းကြား၊ ၅၆×၆၀လမ်းကြား၊ အမှတ်(၁)နေ ဦးစိုးခိုင်(ယခုနေရပ်လိပ်စာမသိ)နှင့် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်၊ ၂၇×၂၈လမ်းကြား၊ ၇၅လမ်း၊ အမှတ်(၂၅)နေ ဦးလှမြင့်(ယခုနေရပ်လိပ်စာမသိ)တို့မှ သိစေရမည်။

၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၄၇၁ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဒေါ်မြင့်မြင့်ခိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ (သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၉ ခုနှစ် မတ် ၂၆ ရက် (၁၃၈၀ ပြည့်နှစ် တပေါင်းလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၉း၃၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၉ ခုနှစ်၊ မတ် ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နေစိုး)**
**တွဲဖက်ခရိုင်တရားသူကြီး (၁)**
**မန္တလေးခရိုင်တရားရုံး**

## ချင်းပြည်နယ်အစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ချင်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ချင်းပြည်နယ် ဝန်ကြီးများအိမ်ရာ Cable and Wireless Network (Fiber Internet line) တပ်ဆင်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းများကို ၁၅-၃-၂၀၁၉ ရက်မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဟားခါးမြို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်ရက်မှာ ၂၉-၃-၂၀၁၉ ရက် ညနေ ၄း၃၀ နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၇၀-၂၁၁၀၁၊ ၀၇၀-၂၁၂၄၆၊ ၀၉-၄၅၀၀၀၀၁၈၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဖိတ်ကြားလွှာ

**နမ့်နင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်သော ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာ အတွက် စီမံကိန်းနှင့်သက်ဆိုင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း(Stakeholder Meeting)အခမ်းအနား ဖိတ်ကြားလွှာ**

UNI Energy Co,Ltd သည်ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တာမိုးညဲမြို့နယ်၊ မူဆယ်ခရိုင်အတွင်းတွင် နမ့်နင်းချောင်းရေအားလျှပ်စစ်စီမံကိန်း (၃၀ မဂ္ဂါဝပ်) ကို အကောင်အထည်ဖော်တည်ဆောက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နမ့်နင်းရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်သော ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်လေ့လာခြင်းအစီရင်ခံစာကို ပတ်ဝန်းကျင်အကြံပေးအဖွဲ့ဖြစ်သော Resource and Environment Myanmar Co,Ltd(REM) နှင့် ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်လေ့လာခြင်းအစီရင်ခံစာအတွက် စီမံကိန်းနှင့်သက်ဆိုင်သူများတွေ့ဆုံဆွေးနွေးခြင်း (Stakeholder Meeting)အခမ်းအနားကို တာမိုးညဲမြို့နယ်တွင် အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပါကြောင်း လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ရက်စွဲ** ။ ။ ၂၀၁၉ ခုနှစ် မတ် ၁၈ ရက် (တနင်္လာနေ့)
**အချိန်** ။ ။ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ
**နေရာ** ။ ။ မြို့နယ်ခန်းမ၊ တာမိုးညဲမြို့နယ်

## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ်-၁**

| | | |
|---|---|---|
| ဧရာဝတီဘဏ်လီမိတက် | **နှင့်** | ၁။ ဦးချစ်ဖေ(ခ)ဦးစောဂျက် |
| (၎င်းကိုယ်စား ဒေသတာဝန်ခံ | | ၂။ ဒေါ်သက်မာဦး |
| ဒေါ်ယုယုအောင်) | | ၃။ ဒေါ်ခင်စိုး |
| **တရားနိုင်** | | **တရားရှုံးများ** |

တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂ တွင် ရရှိခဲ့သောဒီကရီအရ အောက်ပါပစ္စည်းများကို ၂၀၁၉ ခုနှစ် ဧပြီ ၂၅ ရက်၊ ၁၃၈၁ ခုနှစ် တန်ခူးလပြည့်ကျော် (၆)ရက်၊ မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်နေရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြော်ငြာလိုက်သည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကန်ဖျားရပ်၊ ကွက်အမှတ်(၅-က)၊ (၁)ဦးပိုင်အမှတ်(၁၆)၊ ဧရိယာ ၀ဒသမ၁၅၀ဧက၊ (၂)ဦးပိုင်အမှတ် ၁၅/၃၊ ဧရိယာ ၀ ဒသမ၉၇၆ဧက၊ (၃)ဦးပိုင်အမှတ် ၁၂/၃၊ ဧရိယာ ၀ ဒသမ ၃၃၂ ဧကရှိ ဂရန်မြေများ၊ (၄)ဦးပိုင်အမှတ်-၂၀/၃၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ (၅)ဦးပိုင်အမှတ်-၂၀/၄၊ ဧရိယာ ၀ဒသမ ၁၅၉ဧကရှိ မြေကွက်များနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်များ။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၄၅၀၀။**
**(ကျပ်သိန်းလေးထောင့်ငါးရာတိတိ)**

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြအချက်အရ သိရှိသမျှဖြစ်ပါသည်။ မှားယွင်းကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်သည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချရာတွင် မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ်(၁၀၀)လျှင် (၂၅)ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုက်နက် ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံတင်ရောင်းချခြင်းကို ရောင်းချသည့်အရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။
၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့တွင် တရားရုံးတွင် အပြေအကျေပေးသွင်းရမည်။ (၁၅)ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမဖွင့်သည့်ရက်တွင် ပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသောလေလံငွေများကို ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၉ ခုနှစ် မတ် ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(မေသက်ဦး)**
**ဒုတိယညွှန်ကြားရေးမှူး**
**တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်**

## သမီးအဖြစ်မှစွန့်လွှတ်ကြောင်းကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ နယ်မြေ(၈)၊ အိမ်အမှတ်(၂၆၁)နေ ဦးအုန်းသန်း ၈/ရစက(နိုင်)၀၀၀၃၄၂-ဒေါ်ငြိမ်းငြိမ်းမော် ၈/ရစက(နိုင်)၀၀၂၉၅၅ တို့၏သမီး မဆုဝေနှင်း ၈/ရစက(နိုင်)၁၅၈၄၂၄ သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှစွန့်လွှတ်ပြီး ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးအုန်းသန်း-ဒေါ်ငြိမ်းငြိမ်းမော်**


**RUBY** ကားစီးလိုးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၅၅)၃၃၊ ၂၃၀၈၀၁၄ ၁၀၁၇ ယောက်စီးနိုင် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)


**ချောင်းသာခြံ ရောင်းရန်ရှိသည်**

Diamond Hotel ရှေ့
0943202875

**ခြံရောင်းရန်ရှိသည်**

အမှတ် ၂ လမ်းမပေါ်၊ Pro 1 အနီး၊ တောင်ဒဂုံ (100' x 100') ၂ ကွက်။

**0943202875၊ 095026169**


**အောင်သရဖူ**
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်ခန်းရုံးခန်းများပြောင်းရွှေ့ခြင်းအတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။
အမှတ်-၁၀၃၊ မြေညီ၊ မြို့မအိမ်ရာ၊ လေးထောင့်ကန်လမ်းမ၊
09254009334,
09254009335,
09254009336


**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆၁ယ/၃၃၂၉၇ ယာဉ်လက်ဝယ်ရှိသူ ဦးနန္ဒကျော် ၁၄/ဖပန(နိုင်)၁၅၆၄၂၁ က (ကမ-၃)ပျောက်ဆုံးမိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(မအူပင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3P/8555 Toyota Hilux Revo Gun 125 L, P/U (၄×၄)L ယာဉ်လက်ဝယ်ရှိသူ ဦးနေမင်းထွန်း ၁/မညန(နိုင်)၁၆၃၈၅၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1N/4607 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၁၆၂၀၅ Kenbo 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းမျိုး ၉/မနမ(နိုင်)၀၀၄၃၅၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/5580 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**

ဒါန ဗုဒ္ဓဂယာအဖွဲ့၏ ဘုရားဖူးခရီးစဉ်များ




**အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၁၅ ရက်) 700 USD + ၂၀၀၀၀ဝိ /–**

ထွက်ခွာမည့်နေ့ရက်များ ☛ မတ် ၂၉၊ ဧပြီ ၈ (သင်္ကြန်ပိတ်ရက် ၁၇ ရက် အထူးခရီးစဉ် - AI)၊
ဧပြီ ၈ (သင်္ကြန်ပိတ်ရက် ၁၈ ရက် အထူးခရီးစဉ် - ကာလကတ္တားအပြန် MAI)။


**အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၈ ရက်) 600 USD + ၁၅၀၀၀ဝိ /–**

ထွက်ခွာမည့်နေ့ရက် ☛ မတ် ၃၁။

- ဒါနဗုဒ္ဓဂယာ ထုရားဖူးအဖွဲ့ – တိုက် ၂၅၊ အခန်း –၃၀၃၊ တတိယထပ်၊ ယုဇနစီးပွားရေးတာဝါ၊ ဓမ္မစေတီလမ်း၊ စမ်းချောင်း၊ ရန်ကုန်။ ဖုန်း – ၅၃၆၃၄၈၊ ၅၃၇၇၀၇၊ ၅၃၇၇၀၈၊ ၀၉ ၅၀၀ ၁၇၆၃၊ ၀၉ ၅၀၁၃၇၂၇၊ ၀၉ ၂၅၆၁၇၄၄၁၄၊ ၀၉ ၂၅၆၃၁၈၀၄၃၊ ၀၉ ၅၁၆ ၄၆၆၄
- မန္တလေးရုံးခွဲ – အမှတ် (I-6) မြေညီထပ်၊ ရတနာမန္တလေးအိမ်ရာ၊ ၆၀ လမ်း၊ ၃၁ × ၃၂ လမ်းကြား၊ ပြည်ကြီးမျက်ရှင်ရပ်၊ ချမ်းအေးသာစံ၊ မန္တလေး။ ၀၉ ၄၀၂၆၄ ၈၉၈၉ ၊ ၀၉ ၅၃၀၀ ၃၀၅

အ လ င်း သ စ် စ ာ ပေ တို က် မှ ထု တ် လု ပ် ဖြ န့် ချိ သ ည်

အလင်းသစ် စာပေ




အသက်ရှည် ကျန်းမာလိုသူတိုင်းအတွက် အိမ်တွင်း
တိုင်းရင်းဆေးလက်စွဲအဖြစ် ဆောင်ထားသင့်သည့် စာအုပ်။
ကြေးမုံသတင်းစာနှင့် မန္တလေးထုတ် ရတနာပုံသတင်းစာတို့တွင် ဖော်ပြခဲ့သော
ရိုးရာဆေးနည်းတို့ (ဆေးမြီးတို့) ကုထုံးများနှင့် အနယ်နယ်အရပ်ရပ်မှ လူနာများ
၏ ရောဂါပေါင်းစုံ အမေး အဖြေ (၁၀၀၀) ကျော် ပါဝင်ပါသည်။ ရောဂါများကို
လွယ်ကူစွာ ရှာဖွေနိုင်ရန် အက္ခရာစဉ်အညွှန်းနှင့်အတူ မြန်မာ့ရိုးရာ ဆေးဖက်ဝင်
အပင်များ၏ ရောင်စုံဓာတ်ပုံများကိုလည်း ဖော်ပြထားပါသည်။

**ကြည်လွင်မြင့်(မှဒြာ)**

**လက်တွေ့အသုံးချ**

**ဆေးနည်းတို့(ဆေးမြီးတို့)များ အမေးအဖြေ**

၈၅၀၀ကျပ်

အလင်းသစ်စာပေတိုက် – ဖုန်း ၀၉ ၈၇၀ ၁၈၄၈၊ ၀၉ ၅၄၀၀ ၁၀၂
Facebook - Alinnthit အလင်းသစ်စာပေ၊ တနိုင်ငံလုံး အိမ်အရောက်ပို့စနစ်

# STRATEGY FIRST

မိမိလုပ်ငန်းခွင်မှာ တိုးတက်ဖို့ ပေါင်းစပ်သင်ယူပါ။



ICM The Institute of Commercial Management | CIM The Chartered Institute of Marketing | PMI Project Management Institute Registered Education Provider | Cambridge Assessment English

STRATEGY FIRST တွင် ယူကေနိုင်ငံ ICM,CIM,PMI, Cambridge Programme များမှ စီးပွားရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဒီပလိုမာ သင်တန်းများကို အလုပ်တစ်ဖက် နှင့် မအားလပ်သော သူများအတွက် ရုံးချိန်လွတ် ပူးတွဲတက်ရောက်နိုင်ရန် စီစဉ်ပေးထားပါသည်။ မိမိလုပ်ကိုင်သော လုပ်ငန်းများအတွက် သက်ဆိုင်ရာ ဘာသာရပ်များကို တွဲဖက် လေ့လာသင်ကြားနိုင်ပြီး လုပ်ငန်းခွင်တွင် မိမိတို့ Career Development အတွက်များစွာအထောက်အကူပြုသောသင်တန်းများဖြစ်ပါသည်။

စီးပွားရေးနှင့် စီမံခန့်ခွဲမှု ဒီပလိုမာသင်တန်းများ

01. Advertising (ICM)
02. Business Management & Administration (ICM)
03. Consumer Behaviour (ICM)
04. Customer Service (ICM)
05. Financial Management (ICM)
06. Hospitality Management (ICM)
07. Human Resource Development (ICM)
08. Human Resources Management (ICM)
09. International Business Communication (ICM)
10. Logistics & Supply Chain Management (ICM)
11. Management of Travel & Tourism Operations (ICM)
12. Marketing Management (ICM)
13. Marketing Research & Quantitative Methods for Manager (ICM)
14. Project Management (ICM)
15. Public Relations (ICM)
16. Sales & Sales Management (ICM)
17. Strategic Management (ICM)
18. Diploma in Professional Marketing (CIM)
19. Project Management Professional (PMP)®
20. Business English (Cambridge Assessment English)
ရုံးချိန်လွတ်အတန်းများစီစဉ်ထားပါသည်။

REGISTER ONLINE NOW
enroll.strategyfirst.edu.mm

ရန်ကုန်၊ မန္တလေး၊ မုံရွာ မတ်လတန်းခွဲသစ်များ စမည်။

#Yangon Campus (1) - 8, Ground Floor, Panchan Tower, Myaynigone, Sanchaung Township, Yangon.
#Yangon Campus (2) - 239, Pyay Road (Near Myaynigone City Mart), San Chaung Township, Yangon.
#Yangon Campus (3) - 237, Corner of U Wizara Road and Dhamazedi Road, San Chaung Township, Yangon.
#Yangon Campus (4) - 575, Near Hladen Fly-over and Marlar Bus Stop, Pyay Road, Kamaryut Township, Yangon.
#Yangon Campus (5) - 142-146, Sule Pagoda Road, Kyauktadar Township, Yangon.
#Mandalay Campus - Block 4, Unit 8, Mingalar Mandalay, 73rd Road, Between Thazin and Ngu Shwe War Road, Mandalay.
#Monywa Campus - Kyaukka Road, Nanda Wunn Ward, Monywa.

YGN: 09 76543 4000 | MDY: 09 444 555 616
www.strategyfirst.edu.mm MONYWA: 09 4242 67577

Please Note: Strategy First does not render its services to tobacco, alcohol and MLM enterprises and their employees.

HONDA | NCX



The New Honda Dream 125
CALL NOW (01) 218521
NCX MYANMAR CO., LTD.

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဝေမင်း
**နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း)**
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃) ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် ၄၆၇နေ ဒေါ်မြမြအုန်း(နိုင်ငံခြားရေးဝန်ကြီးဌာန၊ ငြိမ်း)၏ ခင်ပွန်း၊ ငြိမ်းဝေမင်း Brendan Chan(UK)၊စည်သူမင်း (UK) တို့၏ ဖခင်သည် ၈-၃-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၂း၂၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သံအမတ်ကြီး ဦးကျော်ဇေယျ၊ ဇနီး ဒေါ်မွန်မွန်စိုး မိသားစုနှင့်**
**ပါရီမြို့၊ မြန်မာသံရုံး ဝန်ထမ်းမိသားစု**

---

မြိတ်မြို့နယ်အသင်း(ရန်ကုန်) အသင်းဝင်အမှတ်(၁၁၁၅)
## ဦးအင်ဘိတ်(ခ)ဦးချောလက် (မြိတ်) အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ၄ဝါလမ်း၊ အမှတ် ၆၀/၇၀ နေ ဒေါ်စန်းစန်းဖြူ၏ ခင်ပွန်း သည် ၈-၃-၂၀၁၉ ရက်တွင် ကွယ်လွန်သွား ပါသဖြင့် ၁၂-၃-၂၀၁၉ ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (မြိတ်အသင်းမှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကြည်ကြည်စိန်
**အထက(၂)သန်လျင် ကျောင်းသူဟောင်း**
**အသက်(၆၇)နှစ်**

သန်လျင်မြို့၊ အထက(၂) ကျောင်းအကျိုးဆောင်အဖွဲ့ ဘဏ္ဍာရေးမှူးဦး မောင်မောင်မြင့်-ဒေါ်မူမူကိုတို့၏မိခင်သည် ၈-၃-၂၀၁၉ရက်တွင်ကွယ်လွန်သွား ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းအကျိုးဆောင်အဖွဲ့နှင့် ပညာရေးမိသာစု**
**အထက(၂)သန်လျင်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခဒေါက်တာခင်ထားရီ
**တွဲဖက်ဘဏ္ဍာရေးမှူး**
**မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)**
**အသက်(၆၃)နှစ်**

မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)မှ တွဲဖက်ဘဏ္ဍာရေးမှူး ပါမောက္ခဒေါက်တာခင်ထားရီသည် ၉-၃-၂၀၁၉ ရက် နံနက် ၁း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခဒေါက်တာခင်ထားရီ
**တွဲဖက်ဘဏ္ဍာရေးမှူး**
**မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး)**
**အသက်(၆၃)နှစ်**

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)မှ တွဲဖက်ဘဏ္ဍာရေးမှူး ပါမောက္ခဒေါက်တာခင်ထားရီသည် ၉-၃-၂၀၁၉ရက် နံနက် ၁း၁၀နာရီတွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး)**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးဇော်ဝင်း (Chief Engineer)
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၃ ရပ်ကွက်၊ အမှတ် ၄၅၅ နေ (ဦးထွန်းအောင်-ဒေါ်လှကြည်)တို့၏သား၊ (ဦးမြသိန်း-ဒေါ်ခင်ဝင်း)တို့၏သားသမက်၊ (ဦးဝင်းဖေ)၊ (ဦးသောင်းထွန်း)-ဒေါ်ခင်စုဝင်း၊ (ဦးညွန့်ဝေ)-ဒေါ်စန်းစန်းမော်၊ ဦးအေးဇော်-ဒေါ်တင်တင်အောင်၊ ဦးမျိုးလွင်-ဒေါ်စန်းစန်းလွင်တို့၏ မောင်၊ (ဦးသိန်းနိုင်)၏အစ်ကို၊ ဦးထွန်းမင်း-ဒေါ်တင်တင်မျိုး၊ ဦးညိုမင်း-ဒေါ်ခင်မြသီတို့၏အစ်ကို၊ ဦးဇော်လွှမ်းမိုးနိုင်-ဒေါ်နန်းမေဇင်ကျော်၊ ဦးအောင်ဇော်မိုးနိုင်-ဒေါ်ဟန်သီထွန်း၊ ဒေါ်ခင်ဖုန်းဇော်တို့၏ဖခင်၊ မလဝန်းကဗျာမေ၊ မောင်ဘုန်းသစ်နေ၊ မောင်ရှင်းသန့်နေတို့၏အဘိုး၊ ဒေါ်ဝင်းဝင်းနိုင်၏ချစ်လှစွာသောခင်ပွန်းသည် ၁၁-၃-၂၀၁၉ရက် နံနက် ၆း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက်တွင် သဃ်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၃ ရပ်ကွက်၊ သုမနလမ်း၊ အမှတ် ၄၅၅ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဟေမာထွန်း
**(M/W - ဗဟို အမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်)**
**အသက်(၃၅)နှစ်**

ရန်ကုန် သူနာပြုသင်တန်းကျောင်း အပတ်စဉ်(၄၄)၊ သူနာပြု၊ သားဖွား ဒီပလိုမာ(၃)နှစ် သင်တန်းမှ ဒုတိယနှစ် သင်တန်းသူ မဟေမာထွန်းသည် ၉-၃-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းအုပ်ကြီး၊ ကျောင်းအုပ်၊**
**ဆရာ၊ ဆရာမများ**
**သင်တန်းသား၊ သင်တန်းသူများ၊**
**ဝန်ထမ်းများ**

---

## ဒေါ်စိန်လှ
**(ဘိုကလေးမြို့)**
**အသက်(၈၀)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေး/ငြိမ်းရပ်ကွက်၊ အင်လမ်း၊ အမှတ် ၁၈နေ (ဦးလှမောင်-ဒေါ်စိန်တင်)တို့၏သမီး၊ (ဦးစိန်မောင်)၏ဇနီး၊ (ဦးမြင့်ဦး)ဒေါ်ခင်ဆွေဦး၊ ဦးအေးလွင်၊ ဒေါ်ယဉ်ယဉ်မြင့်၊ (ဦးထိန်လင်း)၊ ဦးကြည်မြင့်၊ ဒေါ်ချိုမာလွင်နှင့် (မစိုးမိုးမြတ်)တို့၏ ချစ်လှစွာသောမိခင်၊ ကိုစည်သူဖြိုး၊ မချောစုဝေ၊ ဒေါက်တာခိုင်ဖြူစင်ကျော်၊ မောင်ကောင်းဇော်ဟိန်း၊ မောင်အောင်ခန့်ဦးတို့၏အဘွား၊ မောင်ရဲရင့်ဝေဖြိုး၊ မမေသွန်းခြယ်တို့၏ ဘွားဘွား ကြီးသည် ၁၁-၃-၂၀၁၉ရက် (တနင်္လာနေ့)နံနက် ၃ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့်၁၃-၃-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါ နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ယဉ်ယဉ်မေ
**(လက်ထောက်အင်ဂျင်နီယာ၊ငြိမ်း)**
**ဆောက်လုပ်ရေး**
**အသက်(၇၉)နှစ်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီး မျက်မှန်ရပ်ကွက်၊ ၆၃လမ်း၊ ၂၇လမ်းထောင့်၊ မေတ္တာရွှေရည်နေ (ဦးဖိုးမှီ-ဒေါ်ဒေါ်ထိုက်) တို့၏သမီး၊ ဒေါ်တင်တင်၏ညီမ၊ ဦးမြင့်ဦး (ဆောက်လုပ်ရေး-ငြိမ်း) - ဒေါ်အေးအေးမြင့် (ဆောက်လုပ်ရေး)တို့၏အဒေါ်၊ ဦးသိန်းစိုး (ဆက်သွယ်ရေး)-ဒေါ်ဥမ္မာမြင့် (ဆက်သွယ်ရေး)၊ ဒေါ်ချောချောစု(မန္တလေး ကွန်ပျူတာတက္ကသိုလ်)၊ ဦးကောင်းမြတ်သူ-ဒေါ်တင်မိုးနွယ်တို့၏ချစ်လှစွာသောမိခင်၊ မောင်ဉာဏ်လင်းထက်၊ မောင်ဝေဖြိုးသာတို့၏အဘွား၊ ဦးအောင်မြင့်(လက်ထောက်အင်ဂျင်နီယာ၊ငြိမ်း၊ ဆောက်လုပ်ရေး)၏ ချစ်လှစွာသောဇနီးသည် ၁၀-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် အေးရိပ်ငြိမ် သုသာန်သို့ ပို့ဆောင် သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးကျော်ဝင်း
**ရွှေမြင်တင်ဆေးတိုက်**
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ ကျောက်မြောင်း အရှေ့ရပ်ကွက်၊ မြို့သစ်(၁)လမ်းနေ(ဦးညို-ဒေါ်သန်းရီ)တို့၏သား၊ (ဦးတူး-ဒေါ်နု)တို့၏သားသမက်၊ ဒေါ်ချိုချိုအေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိန်မြင့်-ဒေါ်သန်းသန်းအေး၊ (ဦးသက်တင်)-ဒေါ်အေးအေးခိုင်၊ (ဦးမိုးမြင့်)-နော်အဲဆဲတို့၏အစ်ကို၊ ကိုဇော်မင်း၊ ကိုအောင်ကျော်ကျော်၊ မဝင့်ဝင့်ကျော်၊ မဆုဝေထွန်းတို့၏ဖခင်၊ မြေးငါးယောက်၊ တူ/တူမ ရှစ်ယောက် တို့၏ဘကြီးသည် ၁၀-၃-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၉ရက် ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ဟေမာထွန်း
**(M/W-ဗဟိုအမျိုးသမီး ဆေးရုံကြီး-ရန်ကုန်)**
**အသက်(၃၅)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၉)လမ်း၊ အပိုင်း (၂)၊ အမှတ် ၁၀၄နေ ဦးထင်ကျော်၏ဇနီး၊ မြင်းခြံမြို့နေ ဦးစိန်ထွန်း (တိုးတက်အောင်-တွင်နှင့်သံဂဟေ)-ဒေါ်မာမာဝင်း(သားဖွားဆရာမ-ငြိမ်း) တို့၏သမီး၊ ကောလင်းမြို့နေ ဦးထွန်းဝင်း-ဒေါ်တင်ညွန့်တို့၏သမီး/ချွေးမ၊ မချိုမာထွန်း၏ညီမ၊ မောင်နောင်ရဲထွန်း-မအေးမြတ်စိုးတို့၏အစ်မ၊ မဝင့်ယမုံ၏မိခင်သည် ၉-၃-၂၀၁၉ရက် (စနေနေ့) ည၁၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ရင်မြ
**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းလမ်းသွယ်(၁၆)၊ အမှတ်(၂၂)၊ အခန်း(၆)နေ (ဦးရွှေအိုး-ဒေါ်သိန်းမူ)တို့၏သမီး၊ (ဦးသိန်းအန့်)၏ဇနီး၊ (ဒေါ်ခင်သန်း)၏ညီမ၊ (ဦးအောင်သန်း-ဒေါ်မြသိန်း)၊ ဦးသိန်းထိုက်-(ဒေါ်သိန်းရွှေ)၊ (ဒေါက်တာဦးစိန်မြင့်)-ဒေါက်တာဒေါ်သန်းမြင့်၊ (ဗိုလ်မှူးကြီးကျော်သိန်း)-ဒေါ်ခင်ခင်ကြီး၊ (ဒေါ်ခင်မူ)တို့၏အစ်မ၊ ဒေါ်ဝေဝေသိန်း(အငြိမ်းစား)(DMIP၊ မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းဦးစီးဌာန)၊ ဦးမြင့်သိန်း-ဒေါ်ကြည်ကြည်သန်း(ခေတ္တ-စင်ကာပူ)၊ ဦးသိန်းလွင်တို့၏မိခင်သည် ၈-၃-၂၀၁၉ရက်(သောကြာနေ့)တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၉-၃-၂၀၁၉ရက် (စနေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၁၃-၃-၂၀၁၉ရက် နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ ကျောက်တန်း တောရမေဒီနီကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးလှထွန်း [စည်ပင်(ဘတ်ဂျက်)ဌာနစုမှူး(ငြိမ်း)]
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ မြစံပယ်လမ်း၊ အမှတ်(၃၉A)နေ၊ (ဦးဘစောခင်-ဒေါ်ခင်ခင်)တို့၏သား၊ ကမာရွတ်မြို့နယ်နေ (ဦးချစ်ဖူး-ဒေါ်သန်းသန်း)၊ အင်းစိန်မြို့နယ်နေ(ဦးထွန်းရွှေ)-ဒေါ်ညွန့်ညွန့်တို့၏မောင်၊ သန်လျင်မြို့နယ်နေ (ဦးကျော်မြင့်)-ဒေါ်ခင်လှလှ၊ တောင်ဒဂုံမြို့နယ်နေ ဦးလှအေး-(ဒေါ်ခင်လှ)၊ ဦးလှဝေ-ဒေါ်ငွေလင်း၊ မင်္ဂလာဒုံမြို့နယ်နေ ဦးစိုးမြင့်-ဒေါ်တင်တင်မြင့်တို့၏အစ်ကိုသည် ၁၁-၃-၂၀၁၉ ရက် (တနင်္လာနေ့)နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၁၉ ရက်(တနင်္ဂနွေနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးရဲနိုင် (လားရှိုး) အသက်(၇၇)နှစ်
**(မြို့/ယာ-ငြိမ်း)MEPE လားရှိုးမြို့**
**ကျိုင်းတုံစွမ်းအား ကုမ္ပဏီ၊ ကျိုင်းတုံမြို့**

ပဲခူးမြို့၊ ညောင်ဝိုင်းစုလမ်း၊ အမှတ်၉၃နေ (ဦးဘမောင်-ဒေါ်စန်းရှင်၊ ဒေါ်အုန်း ကြည်)တို့၏သား၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်နံ့သာလမ်း၊ အမှတ် ၁၁/၅လွှာနေ ဒေါ်သန်းသန်းနွဲ့၏ခင်ပွန်း၊ (ဗိုလ်မှူးကျော်မင်းဦး)-ဒေါ်ဝါဝါနိုင်၊ လားရှိုးမြို့နေ ဦးသူရနိုင်-ဒေါ်ကေသဏ္ဍာစော၊ မစပါယ်နိုင်၊ U.S.Aနေ ကိုသီဟနိုင်-မဇာဇာကျော်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၀-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၆း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၃-၂၀၁၉ရက်(စနေနေ့) နံနက် ၇နာရီ မှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကျော်လှိုင်(ခ)ကိုတူး(ခ)ဝီစကီ
**စိန့်ဩဂတ်စတင်း(St.AUGUSTINE)**
**အထက ၂၊ ကမာရွတ် ကျောင်းသားဟောင်း**
**အသက်(၆၇)နှစ်**

(ဦးဉာဏ်-ဒေါ်လှကြည်)တို့၏သား၊ ဦးမြင့်စိန်-ဒေါ်ခေမာထေရီ(ခ)ဒေါ်ခင်သန်းတို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ကန်လမ်း၊ ကန်ရိပ်မွန်ကွန်ဒို၊ အခန်း ၄၀၂(လေးလွှာ)နေ (ဦးလှသော်)-ဒေါ်အုန်းမြင့်၊ ဦးမိုးကျော်-ဒေါ်လှမြင့်၊ ဦးစိုးသန်း(ဒုအင်ဂျင်နီယာမှူးကြီး-ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေး-ရေသန့်)-ဒေါ်စန်းမြင့်၊ (ဦးအောင်သင်)-ဒေါ်သန်းမြင့်(ကမာရွတ်ာရပ်ကွက် အုပ်ချုပ်ရေးမှူး)တို့၏ညီ/မောင်၊ ဦးသောင်းထွန်း-(ဒေါ်ခင်ဝင်းရီ)၊ ဦးမောင်မောင်သိန်း-ဒေါ်တင်တင်အေး(ကလေးမြို့)၊ ဦးအေးကျော်-ဒေါ်သင်းသင်းကြည်(လယ်/ပြ အထက-၂၊ ကမာရွတ်)၊ ဦးညီညီ-ဒေါ်အေးအေးခိုင်၊ ဦးခင်ဇော်-ဒေါ်နန်းဝေရီ (NoriSushi House)၊ ဦးမြင့်ဇော်၊ ဦးတင်မောင်ထွန်း(YUFL)-ဒေါ်သီတာ၊ ဦးမင်းဇော်တို့အစ်ကို၊ တူ/တူမ ၂၃ယောက်တို့၏ဦးလေး၊ ဒေါ်ခင်မာလာ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ထူးဥက္ကာ-မနေခြည်၊ မောင်ကောင်းဆက်တို့၏ ဖခင်၊ သစ္စာဖူး၏အဘိုးသည် ၉-၃-၂၀၁၉ရက် (စနေနေ့) နံနက် ၈း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်နှင့် ကန်ရိပ်မွန်ကွန်ဒို၊ ဆင်ရေတွင်းကားမှတ်တိုင်အနီး RTCဝင်းအရှေ့တို့မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [၁၅-၃-၂၀၁၉ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်သောင်းကြည် အသက်(၆၂)နှစ်

(ဦးချန်ရန်သိန်း-ဒေါ်တန်စွမ်တီ)တို့၏ သမီးချွေးမ၊ [ဦးခူဟိန်ရှောင်-ဒေါ်တန်ဘီအိန်(ခ)ဒေါ်ရီ]တို့၏သမီး၊ (ဒေါ်ကြူကြူဝင်း) ၏ညီမ၊ ဦးမောင်မောင်လေး-ဒေါ်အက်စ်တာ၊ ဒေါ်နွယ်သိန်းအေး၊ ဒေါ်နွယ်သန်းအေး တို့၏အစ်မ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းငွေကြွယ်ရပ်ကွက်၊ အမှတ်(၆၉/အေ)၊ ငါးလွှာနေ ဦးချန်ကိန်း(ခ)ဦးဝင်းကြည်၏ဇနီး၊ မသီတာစမ်း၊ ကိုဇော်မင်းနိုင်တို့၏မိခင်သည် ၁၀-၃-၂၀၁၉ ရက် (တနင်္ဂနွေနေ့) ညနေ ၄း၃၅နာရီတွင် ဗဟိုစည်ရုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၃-၂၀၁၉ ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီ အထိအထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အရာခံဗိုလ်မောင်ဆင့်
**A.G.T.I(M.P)**
**(တ-၃၈၆၇၄)**
**အသက်(၅၄)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ ဘူးကိုင်းစံပြကျေးရွာနေ(ဦးတင်ဦး-ဒေါ်လှစီ) တို့၏သား၊ နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပေါင်းလောင်း(၂)ရပ်ကွက်နေ ဦးအောင်ခင်-(ဒေါ်ခင်ပြုံး) တို့၏သားသမက်၊ မမိုးဟေမာန်၏ဖခင်၊ ဒေါ်ချိုချိုမြင့်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၀-၃-၂၀၁၉ ရက် (တနင်္ဂနွေနေ့) ည ၇း၄၅ နာရီတွင် နေပြည်တော် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၉ ရက်(အင်္ဂါနေ့)မွန်းလွဲ ၁ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)ငြိမ်းအေးဇရပ်မှ နေပြည်တော် စစ်သင်္ချိုင်းသို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တ တေဇောသာရ
**သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါ**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ တာငါးဆယ်တောင်ရပ် သုဓမ္မာနိကာယ ရေကြည်တိုက်သစ်ကျောင်းတိုက်၏ ဦးစီးပဓာန နာယက ဖြစ်တော်မူသော သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တတေဇောသာရမဟာထေရ်မြတ်ကြီးသည် (၁၃၈၀ပြည့်နှစ်၊ တပေါင်းလဆန်း ၃ ရက်) ၈-၃-၂၀၁၉ရက် (သောကြာနေ့) နံနက် ၁၁း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၀ပြည့်နှစ်၊ တပေါင်းလဆန်း ၁၁ရက်) ၁၆-၃-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် မီးသဂြိုဟ်စက်ရှေ့လောင်တိုက်သို့ ပင့်ဆောင်၍ မီးသဂြိုဟ်ပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တမည့်သံဃာတော်များနှင့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးကျော်ဝင်း အရာခံဗိုလ် (ကပ-၉၅၃၇)၊(တပ်မတော်-ရေ)(ငြိမ်း)
**အသက်(၇၈)နှစ်**

စစ်တွေမြို့နေ(ဦးမောင်မောင်ထွန်း)တိုင်းရင်းသမားတော်ကြီး-(ဒေါ်အောင်ကျော့စိန်)တို့၏သား၊ ဒေါ်ဝင်းနု၊ ဦးဝင်းလှ၊ ဒေါ်ဝင်းသာ၊ ဒေါ်ဝင်းမေ၊ ဒေါ်ဝင်းစံ၊ ဦးကျော်အေး၊ ဒေါ်ဝင်းခိုင်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ် (၁၄/၇/၈၇၄)နေ (ဒေါ်ဦးခင်လှ)၏ ချစ်လှစွာသောခင်ပွန်း၊ အုပ်ခွဲတပ်ကြပ်ကြီး စောဝင်း(တပ်မတော်-ရေ)-ဒေါ်တင်မိုးလတ်၊ (ဒေါ်အေးအေးခိုင်)၊ ဒေါ်သန္တာဝင်း၊ ဒေါ်မိုးသန္တာဝင်း၊ ဦးဉာဏ်ဝင်း-ဒေါ်ထွေးသန္တာဝင်းတို့၏ဖခင်၊မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၀-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့)နံနက် ၁၀း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၉ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၆-၃-၂၀၁၉ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးတင်ဦး (MOGE-ငြိမ်း)
**အသက်(၆၅)နှစ်**

(ဒေါက်တာထင်ကျော်-ဒေါ်ခင်သန်းနွဲ့)တို့၏သား၊ (ဦးချစ်တင်-ဒေါ်စန်းစန်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၃၁၁(က)နေ ဒေါ်ခင်လေးနွယ်၏ခင်ပွန်း၊ မောင်ဖူးမော်ဦး၏ဖခင်၊ ဦးလှအေး-ဒေါ်မေနှင်းယု၊ ဦးခင်ဇော်၊ ဦးမိုးညို-ဒေါ်ယမုံ၊ ဦးဟန်သူတို့၏အစ်ကိုသည် ၁၁-၃-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၈း၄၅နာရီတွင် ကွယ်လွန် သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ရေးဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကွန်းဇော် (အကောက်ခွန်ထိန်း-ငြိမ်း)
**အားမာန်သစ်အေဂျင်စီ(GM)**
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၂)မြောက်ရပ်ကွက်၊ အနော်မာ(၁၈)လမ်းအနောက်၊ အမှတ်(၆/က)(လေးလွှာ)နေ (ဦးမြင့် သိန်း-ဒေါ်စုစု)တို့၏သား၊ (ဦးစောမောင်ဌေး-ဒေါ်ကျင်အောင်)တို့၏သားသမက်၊ ဦးခင်မောင်သစ်၊ ဒေါ်ခင်မေသစ်၊ (ဦးဇော်ဝင်း-ဒေါ်အုန်းမြင့်)တို့၏တူ၊ (ဦးစောဦး)-ဒေါ်ခင်ဝင်းတင်၊ (ဦးညိုလင်း)၊ ဦးနေလင်း-ဒေါ်တင်တင်ဦး၊ (ဦးအောင်တိုးခိုင်)တို့၏အစ်ကို၊ ဒေါ်အေးမြင့်မေ၏ချစ်လှစွာသောခင်ပွန်း၊ မကေခိုင်ဇော်၊ မောင်ကောင်းဆက်ဟိန်းတို့၏ဖခင်သည် ၁၀-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၅နာရီတွင် ကျီစုသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒုတိယရဲမှူးကြီးသိန်းဝင်း (ငြိမ်း)
**ရဲ-၂၂၁၄ ဒုရဲအုပ်လောင်းသင်တန်း(၁၆/၈၄)**
**အသက်(၆၀)**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ လှော်ကားခတ်အားပေးစက်ရုံဝင်းနေ (ဦးအေးမောင်-ဒေါ်ထွန်းကျင်)တို့၏သား၊ (ဦးလှရွှေ-ဒေါ်ခင်မြိုင်)တို့၏သားသမက်၊ ဦးကျော်လွင်၊ ဒေါ်ပြုံးပြုံးရီ၊ ဒေါ်စန်းစန်းအေး၊ ဦးအေးလွင်၊ ဒေါ်မြမြအေး၊ ဦးအေးထွန်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ၁၃/၈၈၊ ရာဇာဓိရာဇ်လမ်းမကြီးနေ ဒေါ်နှင်းနှင်းငွေ၏ချစ်လှစွာသော ခင်ပွန်း၊ ဗိုလ်မှူးဉာဏ်လင်းဖြိုး၊ မသီရိဝေ၊ ဗိုလ်ကြီးရဲကိုကိုဝင်း-ဒေါ်နီလာစိုး (စသစ-၁၊ တည်းကုန်း)၊ မမြတ်နိုးဇင်တို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၁၁-၃-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၁၀း၂၀ နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့)ညနေ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကျော်သူရ(ခ)ကိုကြီး
**B.A(Geoe)ယုဇနကုမ္ပဏီ**
**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ မဟော်သဓာလမ်း၊ အမှတ် ၁၃၆၁နေ ဦးငွေသန်း(လက်ထောက်အထွေထွေမန်နေဂျာ)-ဒေါ်ညွန့်ရီတို့၏သား၊ ဦးဟန်သူရ(ETO)-ဒေါ်စန္ဒာထွေး၊ ဦးသက်ထွေး(ခ)ဦးခိုင်(ယုဇနကုမ္ပဏီ)-ဒေါက်တာငြိမ်းပပ (တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးထွန်းသူရ-ဒေါ်ချောစုလှိုင်၊ ဦးစစ်ဖိုးနိုင်-ဒေါ်ယဉ်မြင့်ထွန်း(ခ)ဖီးဖီး(ခေတ္တ-တိုကျို) တို့၏အစ်ကို၊ ဒေါ်မိုးမိုးအေး၏ခင်ပွန်း၊ မကြည်နူးမြင့်မိုရ်ကျော်(ဒုတိယတန်း)၊ မဝန်းရံမြင့်မိုရ်ကျော်တို့၏ဖခင်သည် ၇-၃-၂၀၁၉ရက် နံနက် ၅း၃၀နာရီတွင် ပျော်ဘွယ်မြို့နယ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၉ရက် (သောကြာနေ့) တွင် ပျော်ဘွယ်မြို့နယ်၊ ညောင်နွယ်ကျေးရွာသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲဖွင့်ပွဲအခမ်းအနား တက်ရောက်ချီးမြှင့် ကျောက်စိမ်းအတွဲ ၆၉၇၄ တွဲ၊ ကျောက်မျက်အတွဲ ၅၀၀ နှင့် ပုလဲအတွဲ ၂၇၄ တွဲတို့ကို ပြသရောင်းချသွားမည်



**နေပြည်တော် မတ် ၁၁**

(၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ဒေါက်တာ သန်းမြင့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သီဟ၊ ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် ဒေါက်တာ ရဲမြင့်ဆွေ၊ ပြပွဲဗဟိုကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း၊ ပြည်တွင်း ပြည်ပရတနာကုန်သည်များ၊ ပြည်တွင်းပြည်ပသတင်း မီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတအား မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ပြပွဲဆိုင်ရာအချက်အလက်များနှင့် ခင်းကျင်းပြသထားရှိမှုများကို LED Display Board ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတသည် သတ်မှတ်နေရာများလိုက် ခင်းကျင်းပြသထားသည့် မြန်မာ့ကျောက်မျက်ရတနာ ပြခန်းပြကွက်များကို ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပသည့် (၅၆) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် ၉၄ ပွဲမြောက်ပြပွဲဖြစ်ပြီး မတ် ၁၁ ရက် မှ ၂၀ ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။ ပြပွဲတွင် ကျောက်စိမ်းအရိုင်းများ၊ ကျောက်စိမ်းအချောထည်များ၊ ကျောက်မျက်ရိုင်းများ၊ ကျောက်မျက်အချောထည်များ၊ လက်ဝတ်ရတနာများ၊ ကျောက်စိမ်းနှင့်ဆင်တူသော ကျောက်များ၊ ရုပ်တုရုပ်ထွင်းများ၊ ပုံဆောင်ခဲများ၊ ကျောက်ကပ်ပန်းချီများနှင့် ပုလဲအတွဲများကို သတ်မှတ်ရက်များအလိုက် ပြသရောင်းချသွားမည်ဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၃* ❒

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာ့ကျောက်မျက်ရတနာပြပွဲဖွင့်ပွဲ အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် မြန်မာ့ကျောက်မျက်ရတနာများကို လှည့်လည်ကြည့်ရှုစဉ်။

သတင်းစဉ်

## အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲ အလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲ မြူပိုင်မင်း ဗိုလ်စွဲ




အမျိုးသားအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသွားသော မြူပိုင်မင်းအား မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသန်းလွင်က ဆုချီးမြှင့်စဉ်။

**ရန်ကုန် မတ် ၁၁**

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၉ ခုနှစ် အမျိုးသားတံခွန်စိုက်တင်းနစ် ဗိုလ်လုပွဲပြိုင်ပွဲများကို မတ် ၉ ရက် ညနေက သိမ်ဖြူတင်းနစ် အားကစားကွင်း၌ ကျင်းပခဲ့ရာ အမျိုးသားအလွတ်တန်းတစ်ဦးချင်း ပြိုင်ပွဲတွင် မြူပိုင်မင်းက အောင်မျိုးသန့်ကို ၆-၇၊ ၆- ၃၊ ၆- ၃၊ ၆-၃၊ ၆-၁ ဖြင့် အနိုင်ရရှိသွားသည်။ ပြိုင်ပွဲများအပြီး အသက် ၄၅ နှစ်အထက် အမျိုးသား နှစ်ယောက်တွဲ၊ အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်း အသက် ၁၆ နှစ် အောက်၊ ၁၄ နှစ်အောက်၊အမျိုးသား+ အမျိုးသမီး အလွတ်တန်းနှစ်ယောက်တွဲ၊ အမျိုးသား၊အမျိုးသမီးနှစ်ယောက်တွဲ၊ အမျိုးသား၊ အမျိုးသမီးအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယရရှိကြသူများအား မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသန်းလွင်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်ထိန်နှင့် အမှုဆောင်များကဆုတံဆိပ်နှင့် အားကစားပစ္စည်းများ ချီးမြှင့်ကြသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ✻




ရှမ်းယူနိုက်တက်နှင့် ပါဆီဂျာနှစ်ဖက်အသင်းမှ နည်းပြချုပ်နှင့် ကစားသမားများကို တွေ့ရစဉ်။

## AFC Cup အုပ်စုပွဲ ရှမ်းယူနိုက်တက်နှင့် ပါဆီဂျာပွဲအတွက် သတင်းစာရှင်းလင်း

**ရန်ကုန် မတ် ၁၁**

၂၀၁၉ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စုဒုတိယပွဲဖြစ်သည့် မြန်မာကလပ်ရှမ်းယူနိုက်တက်အသင်းနှင့် အင်ဒိုနီးရှားကလပ် ပါဆီဂျာဂျကာတာအသင်းတို့၏ ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့ နေ့လယ်ပိုင်းက သုဝဏ္ဏဘောလုံးကွင်း၌ကျင်းပရာ နှစ်ဖက်အသင်းနည်းပြချုပ်များနှင့် *စာမျက်နှာ ၁၂ ကော်လံ ၅* ◆

